ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီအာဘော်

# ပြည်သူ့အာဏာ

## နှစ်၆၀ပြည့်

### အထိမ်းအမှတ်


အမှတ် (၂၅)

စက်တင်ဘာ ၂၉၊ ၂၀၀၅ ခုနှစ်။

# တတည်းအဖွဲ့ အာဘော်

၁၉၄၅ခုနှစ် စက်တင်ဘာလ (၂၉) ရက်က “ပြည်သူ့အာဏာဂျာနယ်” စတင်ထွက်သည်။ ယခု နှစ် ၆၀ ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေပါသည်။

ဤနေ့ဤအခါတွင် လောလောဆယ် မရှင်းမလင်း ဖြစ်နေသော အတွေးအခေါ်ကိစ္စ တခုကို ရှင်းလင်းချင်ပါသည်။

(၁) ‘ဗကပ’သည် စစ်အာဏာရှင်စနစ် တည်မြဲရေးအတွက် ဘယ်တော့မှ သွေးတစက်အကျခံမည်မဟုတ်။

- မဆလစစ်အာဏာရှင်စနစ်ကို ၈၊ လယ်၊ ဆုံး သွေးချောင်းစီးမျှ ဆန့်ကျင်ခဲ့တာ ဗကပ ဖြစ်သည်။ ရှေ့တွင်လည်း စစ်အာဏာရှင်စနစ်ကို အပြီးအပိုင် ဖျက်သိမ်းပစ်ဖို့ ဆက်လက်တိုက်ပွဲဝင်မည်။ စစ်အာဏာရှင်စနစ် တည်မြဲရေးအတွက် သွေးတစက်အကျခံမည် မဟုတ်။
- ပြည်သူလူထုကို မှီခိုပြီး ငြိမ်းချမ်းစွာ တိုက်ပွဲဝင်တဲ့သဏ္ဍာန်ကို ကျင့်သုံးမည်။ လက်နက်ကိုင်တိုက်ပွဲသဏ္ဍာန်ကိုပင် လိုအပ်လာလျှင် သုံးမည်။

(၂) စစ်ကြီးဖြစ်လျှင် “ကူညီ”သူ ရှိတတ်တာ မှန်သည်။ စစ်ကြီးကို မျှော်တဲ့အထဲတော့ ‘ဗကပ’ မပါနိုင်။

- စစ်ကြီးဖြစ်လျှင် ချူကလီးယားစစ်အထိ ကျယ်ပြန့်သွားနိုင်သည့်ခေတ် ဖြစ်သည်။ ဒါ့ကြောင့် မမျှော်။
- စစ်ကြီးထဲကြားညပ်လျှင် ဗမာပြည်ခံရလိမ့်မည်။ ဒါကြောင့် မမျှော်။
- ဗမာပြည်မှာ ဒီမိုကရေစီ ရဖို့အတွက်တော့ အမေရိကန်က စစ်တိုက်မှာ မဟုတ်ဟု ယူဆသည်။ ဗမာပြည်တွင် ဒီမိုကရေစီရဖို့ ကူညီချင်သပဆိုလျှင် ၁၉၈၉ – ၉၀ က ABSDF ကို လက်နက်ကူညီခဲ့လိမ့်မည်။ အမေရိကန် လက်နက်မရတော့ဘူးဆိုတာ သေချာမှ ‘ဗကပ’ က လက်နက်တသောင်း ကူညီဖို့ဆုံးဖြတ်တာ ဖြစ်သည်။ နွားပျောက်တရှဉ်း လက်ဖွဲ့သလို ဖြစ်နေလို့ ဗကပ က ဒီကိစ္စ မပြောဘဲနေတာ ဖြစ်သည်။ တလောက BBC က မေးလာလို့သာ ပြောခဲ့တာဖြစ်သည်။ တရုတ်ပြည်ကို ဒါမှမဟုတ် တရုတ်ရော၊ အိန္ဒိယကိုပါ ရန်ရှာချင်မှ တိုက်မည်ထင်သည်။ အထင်မျှ ဖြစ်သည်။ နိုင်ငံကြီးတွေရဲ့ ပရိယာယ်ကို ဗကပ မသိနိုင်ပါ။ ဒါနဲ့ စစ်ကြီးကကော

၁၉၄၅ခုနှစ်

စက်တင်ဘာလ

(၂၉) ရက်က

"ပြည်သူ့အာဇာဂျာနယ်"

စတင်ထွက်သည်။

ယခု နှစ် ၆၀ ပြည့်

အထိမ်းအမှတ်အဖြစ်

ထုတ်ဝေပါသည်။

တကယ်ဖြစ်မှာလား။ သူတို့က ဖြုန်းကနဲ စေ့စပ်တာတွေ့ဖူးသည်။ မျှော်နေသူများ မျှော်မောကြီးဖြစ်မှာ စိုးသည်။ နိုင်ငံကြီးအချင်းချင်း ဖြစ်တဲ့စစ်က လွယ်လွယ်နဲ့ မဖြစ်တတ်။ အထူးသဖြင့် နျူကလီးယား ခေတ်၊ တိုက်ချင်းပစ် ဒုံးပျံခေတ်တွင် နှစ်ဘက်က ရှောင်လေ့ရှိသည်။

(၃) သံတမန်စကားတွေကြောင့် မျက်စေ့မလည်သင့်။

– စစ်ကြီးဖြစ်နေချိန် မဟုတ်လျှင် နိုင်ငံကြီးတွေက "သံတမန်စကား" အများကြီးပြောတတ်သည်။ အဓိပ္ပာယ် ၂ ခွ တခါတရံ ၃ ခွ၊ ၄ ခွ အဓိပ္ပာယ်ထွက်သော စကားရွေးပြီး သုံးတတ်သည်။ မိမိတို့ဉာဏ် မမီ၍ (ကိုယ်နှင့်မဆိုင်လျှင်) အဓိပ္ပာယ် ဖော်ကြည့်လေ့ မရှိပါ။

–'မုဆိုးစိုင်သင်'ရင်း 'သံတမန်စကား' ကိုဗကပ လည်း သုံးတတ်လာသည်။ ထို့ကြောင့် ဟိုး ... ခပ်စောစော ကတည်းက ပြည်တွင်းကိစ္စကို ပြည်တွင်းမှာပဲ ရှင်းသင့်ကြောင်း၊ နိုင်ငံကြီးတွေပါလာလျှင် ကိုယ့်ကိစ္စ ပျောက်သွားပြီး သူတို့ကိစ္စက လွှမ်းသွားတတ်ကြောင်း သံတမန်စကား သုံးပြီး ထုတ်ပြန်ဖူးသည်။ ပြည်တွင်းမှာ ရှင်းဖို့ဆိုတာက စကား ပြောရမယ့် အခြေအနေအချက်အလက်ရှိလျှင် စကားပြော စေ့စပ် ဆွေးနွေးဖို့ ဖြစ်သည်။ လက်နက်နဲ့ရှင်းရမယ့် အခြေအနေဆိုလျှင် လက်နက်နဲ့ ရှင်းဖို့ဖြစ်သည်။ ပြင်ပက ကူချင်သပဆိုလျှင် စကားပြောပွဲ ဖြစ်အောင် ဘေးတီးပေးတာ လက်ခံနိုင်သည်။ လက်နက်ကူရမယ့် အခြေအနေဆိုလျှင် လက်နက်ကူတာ လက်ခံနိုင်သည်။

အတွေးအခေါ်ကိစ္စဖြစ်၍ ရှင်းအောင်ရေးပါသည်။

အားလုံးကို လေးစားပါသည်။

**စာတည်းအဖွဲ့**

**ပြည်သူ့အာဇာဂျာနယ်**

# တပါတီလုံးသို့ အထွေထွေအတွင်းရေးမှူး၏အစီရင်ခံစာ (၆၆ နှစ်မြောက် ပါတီမွေးနေ့အကြို)

(၁)

ပါတီရဲ့အသက် ၆၆ နှစ် ပြည့်တော့မယ်။ ကျဆုံး/ကွယ်လွန်လေ ပြီးသော ရဲဘော်များရဲ့ ဂုဏ်ကျေးဇူးကို ဒီနေ့ဒီရက်မှာ အလေးအမြတ် ပြုကြရလိမ့်မယ်။

ပါတီရဲ့သက်တမ်းတလျှောက်မှာ နိုင်ငံရေးလောကဓံတရား အမျိုးမျိုးကို ခံရတယ်။ အားလုံးကို ကျော်ဖြတ်နိုင်ခဲ့တယ်။ ၆၆ နှစ် သက်တမ်း ရှည်ခဲ့တာ ဒါကြောင့်ပဲ။ ဗမာပြည်လို တိုင်းပြည်မျိုးမှာ အတိုက်အခံပါတီအဖြစ် ရပ်တည်ရတာ ဟာ မလွယ်လှဘူး။ ပါတီတွေ အများအပြား ပေါ်လိုက်ပျောက်လိုက် ဖြစ်ခဲ့တယ်။ သက်တမ်းရှည်တာ သိပ်မရှိလှဘူး။ ညီနောင်ပါတီတခုရဲ့ ပြည်လုံးကျွတ် ကွန်ဂရက်မှာ ဗကပ ကို မိတ်ဆက်ပေးတော့ "ကမ္ဘာမှာ သက်တမ်းအရှည်ဆုံး longest UG Party (ယူဂျီပါတီ)" လို့ မိတ်ဆက်ပေးခဲ့တယ်။ ဂုဏ်ယူပါတယ်။ UG ပါတီအဖြစ် ဆက်လက်ရပ်တည်နေရ ဦးမယ်လို့ မြင်ပါတယ်။

(၂)

ပြည်တွင်းမှာ လုပ်မရတော့ဘူး၊ ပြင်ပထွက်တာကမှ လုပ်စရာ ရှိသေးတယ်ဆိုပြီး ပြည်ပထွက်တာ များပြီ။ ဒုတိယနိုင်ငံက နေမရအောင် ဖိအားပေးတော့ တတိယနိုင်ငံ ထွက်ဖို့ပဲ လမ်းပွင့်နေသလို ဖြစ်လာတယ်။

တတိယနိုင်ငံရောက်ရင် ရဲဘော်တွေ၊ မိတ်ဆွေတွေ စားဝတ်နေရေး အတွက် ကိုယ်စီကိုယ်င လုံးပန်းရတော့မယ်။ နိုင်ငံရေးလှုပ်ရှားမှုကို ချိန်ပြည့် လုပ်နိုင်တော့မှာ မဟုတ်ဘူး။ ချိန်ပြည့်နိုင်ငံရေး လုပ်ချင်ရင် အမှီရှာရမယ်။ ရှေးဦးစီမံကိန်း (proposal) တင်ပြရမယ်။ ငွေရှင်ကြေးရှင်ကကြိုက်ရင် ငွေရမယ်။ ငွေရှင်ကြေးရှင်က ကြိုက်ဖို့ဆိုရင် သိပ်တွေးနေစရာ မလိုဘူး။ ဒီကာလမှာ တရုတ် ကွန်မြူနစ်အစိုးရ ဆန့်ကျင်ရေး၊ ဗကပ ဆန့်ကျင်ရေးကို ရေးတင်ရမှာပဲ။ ဗမာပြည်လို တိုင်းပြည်ကလေးမျိုးသက်သက်အတွက်တော့ နိုင်ငံကြီးသား နိုင်ငံရေးသမားတွေ၊ အဖွဲ့အစည်းတွေက ပေးချင်ကမ်းချင်လှမှာ မဟုတ်ဘူး။ တခြား ပထဝီနိုင်ငံရေး အမြော်အမြင်တွေရှိမှ ပေးမှာပဲ။ သူ့အကျိုးမပါဘဲ ဘယ်သူမှ

အကူအညီပေးလေ့ မရှိဘူး။ ဥက္ကဋ္ဌမော် ပြောလေ့ရှိတဲ့ နိုင်ငံတကာ့ အကူအညီဆိုတာ ၂ ဘက် အကျိုးရှိမှ ပေးလေ့ရှိတယ်ဆိုတာ သိပ်မှန်တဲ့စကားပါ။

"proposal နိုင်ငံရေး" မှာ လုံးချာလည်လေလေ ဗကပ ဆန့်ကျင်ရေး ကြားရလေလေ ဖြစ်တော့မှာပါ။ ဘုရှ်အစိုးရရဲ့ "လွတ်လပ်မှု Freedom လှိုင်း – ဒီမိုကရေစီလှိုင်း" စီးချင်သူတွေ တွေ့နေရပါပြီ။

"လှိုင်း" စီးချင်သူက များပါတယ်။ ဒီမိုကရေစီအတွက် စီးချင်သူ၊ လွတ်လပ်ရေး (ခွဲထွက်ရေး) အတွက် စီးချင်သူ အများကြီးပါ။ ခွဲထွက်ချင်သူတွေက ဆိုရင် အခြေခံဥပဒေကအစ ပြင်ထားပြီး စောင့်နေကြတာပါ။ ခွဲထွက်ချင်သူတွေကို 'ဗကပ' က စာနာပါတယ်။ ဒါပေမဲ့ မထောက်ခံနိုင်ပါဘူး။ ဒီမိုကရေစီကိုလည်း 'ဗကပ' လိုချင်ပါတယ်။ ဒါပေမဲ့ အီရတ်က ဒီမိုကရေစီမျိုးကို အားမကျပါဘူး။ အမေရိကန်တပ်ကြီး ရှိနေတုန်းတော့ ဗိုလ်ကျလွှမ်းမိုးမှုကို ဦးတည်ပြီး တိုက်နေကြဦးမှာပဲ။ မရှိတော့ရင်လည်း သူတို့ချင်း (ရှီယာ၊ ဆွန်နီ၊ ကာ့ဒ်) ၃ ဦး ၃ ဖလှယ်ရဲ့ ပဋိပက္ခက ဆက်ရှိနေမှာပါ။ အီရတ်ဟာ သက်တမ်းထောင်ချီပြီး ယဉ်ကျေးမှု ထွန်းကားရာ နိုင်ငံပါ။ သက်တမ်း ရာဂဏန်းရှိတဲ့ အမေရိကန်မပါရင် ဘာမှမပြီးတဲ့ နိုင်ငံအဖြစ် လျှောကျသွားပါပြီ။ ဒါကြောင့် အားမကျပါဘူး။ အမေရိကန်ဟာ နောက်ဆုံးတော့ ဆုတ်ခွာရပါလိမ့်မယ်။ သူ့ပြည်တွင်းပြည်သူတွေရဲ့ ဆန့်ကျင်မှုကို ခံရမှာမို့ပါ။

ဗမာပြည်ဟာ အီရတ်ရဲ့ ပထဝီနိုင်ငံရေးနဲ့ မတူပါဘူး။ ကျွန်တော်တို့ အိမ်နီးချင်းတွေက လူဦးရေအရ၊ စီးပွားရေးအရ (လောတနိုင်ငံကလွဲရင်) အားလုံး ကိုယ့်ထက်သာပါတယ်။ ဗမာပြည်ရဲ့ အချုပ်အခြာအာဏာ ပြိုကွဲရင်၊ နယ်မြေ တစည်းတလုံးတည်းရှိမှု ပြိုကွဲရင်၊ ခွဲထွက်ကုန်ကြရင် ဘယ်လိုဖြစ်မလဲ စဉ်းစားကြည့်ဖို့ လိုတယ်။ အားလုံးက အားလုံးကို တိုက်နေကြရရင် အင်အားကြီးတွေရဲ့ ရန်ပွဲမှာ ကြားညှပ်ခံရရင် ဘာဖြစ်မလဲ တွေးကြည့်ကြရမယ်။ အီရတ်ကို အသေးစိတ် မလေ့လာဖူးပါဘူး။ ဗမာပြည်မှာတော့ ဘာတွေ ဘယ်လို ဖြစ်နိုင်တယ် ဆိုတာကို တွက်ကြည့်ထားပါတယ်။ စိတ်ကူးယဉ်ကြလို့ မဖြစ်ပါဘူး။

**'ဒီမို ၂၀၀၆' ကြံဆချက်ဟာ ပြည်တွင်းဖောင်းပေးရေး သက်သက်ပါ။ ပြည်တွင်းဖောင်းပေးတာကိုပဲ ဖောက်ချလုပ်ကြစေချင်လို့ 'အားလုံးသို့' တင်ပြနေတာပါ။**

(၃)

'ဒီမို ၂၀၀၆' ကြံဆချက်ဟာ ပြည်တွင်းဖောင်းပေးရေး သက်သက်ပါ။ ပြည်တွင်းဖောင်းပေးတာကိုပဲ ဖောက်ချလုပ်ကြစေချင်လို့ 'အားလုံးသို့' တင်ပြနေတာပါ။

ဒါပေမဲ့ ဖြစ်ချင်တော့ တတိယနိုင်ငံသို့ နောက်ဆုံးထွက်မယ့် ရထားတွဲထိုးချိန်နဲ့ တိုက်ဆိုင်သွားတယ်။ ဗကပ နဲ့ တတွဲတွဲ လုပ်နေရင် ရထားလက်မှတ်ရဖို့ မလွယ်ပါဘူး။ ဒါကြောင့် 'ဒီမို ၂၀၀၆' ကို ဘယ်သူလုပ်လုပ် မလုပ်လုပ် ဗကပ က လုပ်မယ်လို့ ပြောနေရတယ်။ ဗကပ နဲ့ မူလသဘောတူသူတွေသာ လုပ်ရရင် ကြာမှာပါ။ ခတ်ကွင်းပြင်နေတုန်းပဲ ၂၀၀၆ ခုနှစ် ရောက်တော့မှာပါ။ ရောက်ပါစေ။ ပြည်တွင်းပြင်ဆင်မှုကို ကျွန်တော်တို့က ဖောက်ချလုပ်ပါမယ်။

ဒီတခါ ပြင်ဆင်ရတာမှာ အရင်ကထက် တခုပိုပါတယ်။ အဲဒါက တပ်မတော်ပြုပြင်ရေးလှုပ်ရှားမှု (RAM) UG တွေ ဖွဲ့ဖို့ပါ။ သရဲမရဲစီးနေတဲ့ သန်းရွှေစစ်အုပ်စုကို အနိုင်ရချင်ရင် RAM (U/G) ရှိရပါမယ်။ ကျန်တဲ့ပြင်ဆင်မှုကတော့ ခါတိုင်းလုပ်ရိုးလုပ်စဉ် လုပ်ကြဖို့ပါ။

ပြင်ဆင်မှု မပြည့်စုံသေးရင် ဖောက်ခွဲမှုကို စလုပ်လို့ မဖြစ်ပါဘူး။ ၁၉၇၄ – ၇၅ တုန်းက ဖောက်ခွဲမှုဟာ ၁၉၈၈ မတ်လ၊ ဇွန်လ ဖောက်ခွဲမှုထက် ပြင်းထန်ပါတယ်။ ဒါပေမဲ့ ပြင်ဆင်မှု မပြည့်စုံသေးလို့ တပြည်လုံး ပြန့်မသွားဘူး။ နေရာကွက်ပြီးပဲ ဖြစ်တယ်။ ၁၉၈၈ မတ်လ၊ ဇွန်လ ဖောက်ခွဲမှုကျတော့ တစက်က တမျက်နှာ တပြည်လုံး ပြန့်သွားတယ်။ ဘာကြောင့်လဲ။ ပြင်ဆင်မှု (အခြေခံအားဖြင့်) ပြည့်စုံနေလို့ပဲ။ ဒါကြောင့် ကွန်မြူနစ်အားလုံး ဇွဲရှိရှိဆက်တိုက် ပြင်ဆင်မှုကို ဖောင်းပေးလုပ်ကြဖို့ နှိုးဆော်ပါတယ်။ 'ဗကပ' လေကျယ်နေတာပဲ၊ အခုလုပ်ပြဖို့ အချိန်ပါလို့ပြောလည်း အောင့်ခံလိုက်ကြပါ။ အခုတိုက်ပွဲဟာ ဗကပ ရဲ့ 'နောက်ဆုံးတိုက်ပွဲ' မဟုတ်ပါဘူး။ ကွန်မြူနစ်ရဲ့ နောက်ဆုံးတိုက်ပွဲက 'အင်တာနေရှင်နယ်သီချင်း' မှာ ပါတဲ့ တိုက်ပွဲမျိုးပါ။

SPDC က NLD ရဲ့ အလယ်အလတ်ပိုင်းနဲ့ အောက်ခြေကို မတရားသင်းလို ဆက်ဆံနေပါတယ်။ ဒါပေမဲ့ NLD တခုလုံးကိုတော့ မတရားသင်း မကြေညာပါဘူး။ ဒီလုပ်နည်းဟာ ဗဟိုနဲ့အောက်ခြေကို သွေးကွဲစေဖို့ လုပ်တဲ့ နည်းပါ။ သက်ဆိုင်သူများ သတိပြုသင့်ပါတယ်။ ပြည်ပရောက် NLD တွေနဲ့ ပြည်တွင်း (ပင်မ) NLD သွေးကွဲအောင်လည်း လုပ်နေတာ တွေ့ရပါတယ်။ NLD တစည်းတလုံးတည်းရှိရေးနဲ့ ခြေလှမ်းညီရေးကို ပါတီက တိုက်တွန်းရပါမယ်။ ပါတီက ထောက်ခံနိုင်တာမှန်သမျှ ထောက်ခံရမယ်။

ကူညီနိုင်တာမှန်သမျှ ကူညီရမယ်။ ဒီပေါ်လစီကို ပါတီဝင်တိုင်း လိုက်နာကျင့်သုံးကြဖို့ ဗဟိုက ညွှန်ကြား ပါတယ်။

NCGUB ဖွဲ့စအချိန်တုန်းက ဦးဝင်းကိုက NCGUB အနေနဲ့ ဗမာပြည်ထဲမှာ အိန္ဒိယကို ကျောထောက်နောက်ခံထားပြီး ကိုယ်ပိုင်အခြေခံဒေသ ထူထောင်ချင်ကြောင်း၊ သူတို့မှာ အတွေ့အကြုံမရှိလို့ ကူညီပါလို့ ပြောပါတယ်။ 'ဗကပ' က (တစ်) စစ်တိုက်တဲ့အတွေ့အကြုံ၊ နယ်မြေသစ် တည်ထောင်တဲ့ အတွေ့အကြုံ၊ စစ်ကိုဦးစီးတဲ့အတွေ့အကြုံ၊ စစ်ထောက်လှမ်းရေးအတွေ့အကြုံ ရှိသူတွေ ကူညီမယ်။ (နှစ်) NCGUB ရဲ့ စစ်ဝတ်စုံ ဝတ်မယ်။ NCGUB က ဥရချောင်းအခြေခံပြီး တည်ဆောက်ဖို့၊ သူတို့အခြေကျပြီဆိုမှ ဗကပ ရဲ့ အခြေခံ ဒေသတခုကို 'မူး' မြစ်ဝှမ်းအောက်ပိုင်းမှာ သီးခြားတည်ဆောက်မယ်။ (သုံး) "ရန်သူ့ဆီကို လက်နက်တလက် ကျည်တတောင့် မရောက်စေရ၊ သံချေးတက်ပြီး ပျက်ချင်ပျက်ပစေ" ဆိုတဲ့မူအရ မြေမြှုပ်ထားတဲ့ လက်နက်တွေ၊ ကျည်တွေ ကူညီမယ်။ (မြေမြှုပ်ထားတာ မကြာသေးလို့ ကောင်းသေးတယ်)

ဒါပေမဲ့ မလုပ်ဖြစ်ပါဘူး။ နောက်ဆုံးတော့ NCGUB ရဲ့ (LA) က အမေရိကန် ရောက်သွားပါတယ်။ ဗကပ ကူညီစရာ မလိုတော့ပါ။ (အသေးအဖွဲ့ပေမယ့်) ပါတီဝင်များသိထားဖို့ ပြောရဦးမယ်။ အခုတလောမှာတော့ ဗကပ ကို စင်တင် မပေးရဆိုတဲ့ သဘောထားနဲ့ ရဲဘော်ဖိုးသံချောင်း DVB မှာ ပြောနေတာကို တပိုင်းတစနဲ့ ရပ်ပစ်ပါတယ်။ နိုင်ငံရေးအရ မပြောနဲ့ လူ့ယဉ်ကျေးမှုအရ မလုပ်သင့်တဲ့ အလုပ်ပါ။ ဗကပ ရဲ့ အသက် ၆၆ နှစ် ရှိပါပြီ။ သခင်အောင်ဆန်း၊ သခင်စိုး၊ သခင်သိန်းဖေ၊ သခင်သန်းထွန်း၊ သခင်ဇင်၊ သခင်ဗသိန်းတင်တို့ ခေါင်းဆောင်ခဲ့တဲ့ ပါတီပါ။ သိက္ခာထပ်ပေးမှ သိက္ခာ တက်လာမှာ မဟုတ်ပါဘူး။

"ရန်သူ့ဆီကို
လက်နက်တလက်
ကျည်တတောင့်
မရောက်စေရ၊
သံချေးတက်ပြီး
ပျက်ချင်ပျက်ပစေ"

'မှီခိုသူ့ဒုက္ခ' ကို ကျွန်တော်တို့ နားလည်ပါတယ်။ ငွေရှင်ကြေးရှင် မျက်နှာ ကြည့်ပြီး လုပ်ရတယ်ဆိုတာလည်း သိပါတယ်။ တရုတ်ကွန်မြူနစ်ပါတီ (CPC) ကို ဗမာပြည်ကွန်မြူနစ်ပါတီ (CPB) က ဆဲပေးမှ ကျေနပ်ကြမှာ ဆိုရင်တော့ ကမ္ဘာဆုံးအောင် စောင့်ကြပေတော့။

တလောကလည်း မီဒီယာတခုက CPC ကို ဆဲပေးလိမ့်မယ်အထင်နဲ့ 'ဗျူး' ပါတယ်။ မဆဲတော့ ဂျာနယ်လစ် ကျင့်ဝတ်မဟုတ်တဲ့ အပြောအဆိုတွေ ပြောပါတယ်။ မကြာမီက 'ဂျာနယ်လစ်' တယောက် ပါတီပြောရေးဆိုခွင့်ရှိသူကို 'ဗျူး' တယ်။ အထက်ကဆရာကြီးတွေ မှာလိုက်လို့ ဖြစ်ပါလိမ့်မယ်။ အသံလွှင့်နိုင်ဖို့ မနည်းတည်းဖြတ်ပြီးမှ လွှင့်လိုက်တာပါ။

သူ့ဆရာကြီးတွေက CPB နဲ့ CPC ကြားမှာ အထူးသဖြင့် CPB ရဲ့ ဒုတိယမျိုးဆက်ခေါင်းဆောင်စုနဲ့ CPC ရဲ့အကြားမှာ မပြေမလည် ဖြစ်နေတယ်လို့ ထင်ပုံရှိတယ်။ ဒါကြောင့် မမေးသင့်တဲ့ မေးခွန်းတွေ မေးတယ်။ ပြင်းပြင်းထန်ထန် တုံ့ပြန်လိုက်မှ တောင်းပန်သွားတယ်။ CPB နဲ့ CPC ကြား ပဋိပက္ခကို ဖော်ထုတ်ဖို့လာတာ ဖြစ်မှာပါ။ သူ့နှပ်ကြောင်းထဲ မဝင်တော့ "တရုတ်ပြည်နဲ့ ပတ်သက်ရင် မဝေဖန်ရဲဘူး၊ ပြန်မပြောရဲဘူး မဟုတ်လား" လို့ ပြောသွားပါတယ်။

တခါကလည်း ဗိုလ်မှူးချုပ် (ဟောင်း) ကျော်ဇောကို စာနဲ့မေးခွန်းတွေ (သူပဲ) ပို့ပြီး မေးဖူးပါတယ်။ မြန်မာချင်းဆိုရင် ဘယ်လိုမှ မသုံးတဲ့ စကားတွေသုံးပြီး မေးတာပါ။ စော်ကားတဲ့ပုံစံပါ။ ဒါကြောင့် သူ့မေးခွန်းမဖြေခင် ဗိုလ်ချုပ်ကျော်ဇောရဲ့ အသက်နဲ့ ဂုဏ်သိက္ခာကို သိရဲ့လား။ မြန်မာမှုဖြစ်တဲ့ ဂုဏဝုဍ္ဍိ ဝယဝုဍ္ဍိ ဆိုတာကော သိရဲ့လားလို့ ပြန်မေးတော့ တောင်းပန်တယ်။ သူ့ဆရာကြီးတွေက မေးခိုင်းတဲ့ မေးခွန်းပါလို့ ပြောတယ်။ ဒါကြောင့် ခွင့်လွှတ်လိုက်တယ်။

ဖြေလိုက်ပါတယ်။ သူ့ဆရာကြီးတွေ ထင်နေတာက ဗိုလ်ကျော်ဇော တောခိုတာ ယိုးဒယားသွားဖို့၊ ကြားကနေဖြတ်ပြီး CPB နဲ့ CPC က အပိုင်စီး လိုက်တာလို့ ထင်ကြတယ်။ အဲဒီလို ရေးတာလည်း တွေ့ပါတယ်။ ဗိုလ်ကျော်ဇော က 'ကျုပ်က ၁၉၄၄ ကတည်းက ကွန်မြူနစ်ပဲ။ ကိုယ့်အိမ်ကိုယ် ပြန်လာတာပဲ" လို့ ဖြေလိုက်တော့ ကိစ္စပြတ်သွားတယ်။ စဉ်းစားကြည့်စမ်းပါ။ ဗိုလ်ကျော်ဇော တောခိုတာ ၁၉၇၆ ခုနှစ်ကပါ။ ယိုးဒယားမှာ ဦးနု မရှိတော့ဘူး။ ဗိုလ်လက်ျာလည်း မရှိတော့ဘူး။ KNU နဲ့ NMSP ပဲ ရှိတယ်။ အဲဒီကို ဘာလို့သွားမှာလဲ။

အခုလည်း အတိအလင်း ပြောပါတယ်။

- CPB ရဲ့ ဒုတိယမျိုးဆက်အများစုဟာ ၁၉၄၅ ခုနှစ်နဲ့ အဲဒီ အရင်က မွေးဖွားခဲ့သူတွေပါ။ သူတို့မှာ နိုင်ငံရေးသိက္ခာကိုယ်စီ ရှိကြတယ်။ CPC နဲ့ ဆယ်စုနှစ် '၃ ခု' ဆက်ဆံခဲ့သူတွေ ဖြစ်တယ်။ ဘာကြောင့် ပဋိပက္ခ ရှိရမလဲ။
- ယိုးဒယားနယ်စပ်မှာ "ဗကပ က လေအလုပ်ပဲ လုပ်နေတာ၊ အားမရှိဘူး" လို့ ပြောနေတာ ကြာလှပြီ။ တုံ့ပြန်လောက်တယ် မထင်လို့ မတုံ့ပြန်ခဲ့တာပါ။ အခုတော့ အိမ်တိုင်ယာရောက် လာပြီးပြောလို့ ပြောပါတယ်။

(က) ဗကပ အားရှိမရှိ၊ စောင့်ကြည့်ပါ။ ‘ဒီမို ၂၀၀၆’ ကို ဗကပ လုပ်နေရတယ်။ အချိန်မီဖို့ ကြိုးစားမှာပါ။ မမီလည်း ရေဆုံးမိုးဆုံး စစ်အာဏာရှင်စနစ်ကို ဗကပ က တိုက်ဖျက်မှာပါ။

(ခ) အသံလွှင့်ရုံတွေကို ကျေးဇူးတင်ပါတယ်။ UG လမ်းကြောင်းကနေ ဗဟိုရဲ့ သဘောထားကို ပို့နေရရင် ကြာပါတယ်။ စွန့်စားရပါတယ်။ အသံလွှင့်လိုက်တော့ ချက်ချင်း (အားလုံးဆီ) တိုက်ရိုက်ရောက်လို့ပါ။ အသံမလွှင့်ပေးလည်း ကိုယ့်ဘာသာ UG လမ်းကနေ လုပ်မှာပါ။ ဗကပ မှာ အသံလွှင့်ရုံရှိတုန်းက UG လုပ်ငန်းအတွက် ဘယ်တော့မှ မသုံးခဲ့ပါဘူး။ ရန်သူရိပ်မိသွားမှာမို့ပါ။ အခု အသံလွှင့်ပေးနေသူတွေက နိုင်ငံခြားကပါ။ အမေရိကန်၊ အင်္ဂလိပ် အစိုးရနဲ့ မကင်းပါဘူး။ ဒါကြောင့်ပဲ ရဲရဲသုံးခဲ့တာပါ။ လွှင့်မပေးလည်း ကိစ္စမရှိပါဘူး။ လွှင့်ပေးခဲ့သမျှအတွက် ကျေးဇူးတင်ပါတယ်။

**ဗမာပြည်ကွန်မြူနစ်ပါတီဟာ**
**(တစ်) ဗမာပြည်**
**ပြည်ချစ်ဝါဒပါတီ**
**ဖြစ်တယ်။**
**(နှစ်) ကွန်မြူနစ်**
**ပစ္စည်းမဲ့နိုင်ငံတကာ့ဝါဒီ**
**ဖြစ်တယ်။**
**ဒီ (၂) ခုကို**
**ပေါင်းစပ် လုပ်မှာပါ။**

(ဂ) CPB နဲ့ CPC အတွင်းပိုင်းဆက်ဆံရေးကို (ဆရာကြီးများ) သိချင်လို့ ဆက်သားလွှတ်လိုက်မှန်း ရိပ်မိပါတယ်။ ဆရာကြီးတွေက ကွန်မြူနစ်ချင်း ရန်ဖြစ်စေချင်တာပါ။ (ဆိုဗီယက်ကို ဖြိုခွဲခဲ့တဲ့ အတွေ့အကြုံအရ) တခါရ ရနိုးနိုး လုပ်တာပါ။ အာရှက ကွန်မြူနစ်တွေအားလုံး နယ်ချဲ့စနစ်ဆန့်ကျင်ရေးကာလမှာ ရင်းနှီးခဲ့ကြတာပါ။ ကြာပါပြီ။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် အခြေခံပေါ်မှာ CPB နဲ့ CPC ရပ်ခံနေကြတာကိုလည်း မမေ့ပါနဲ့။ တိုင်းပြည်က ၂ ပြည် – ပါတီက ၂ ခု – ပြည်သူက ၂ ရပ် ဖြစ်တာကြောင့် ဘယ်ကိစ္စမှာမှ တထပ်တည်းရှိမှာ မဟုတ်ပါဘူး။ သူ့မှာ အမျိုးသားအကျိုးစီးပွားနဲ့ ပြည်ချစ်ဝါဒရှိသလို ကိုယ့်မှာလည်း ရှိပါတယ်။ ဖက်ဆစ်ဆန့်ကျင်ရေးတုန်းက တညီတည်းရှိသလို အခု အမေရိကန်ပိုလ်ကျလွှမ်းမိုးမှု ဆန့်ကျင်ရေးမှာ တညီတည်း ရှိပါတယ်။ သူက အာဏာရပါတီမို့ ချင့်ချင့်ချိန်ချိန် လုပ်ရပေမယ့် ကိုယ်ကတော့ အတိုက်အခံပါတီမို့ ပိုလ်ကျစိုးမိုးမှုကို ပြောင်ကျကျ ဆန့်ကျင်နိုင်ပါတယ်။

- CPC ကြောင့် CPB ၁၉၈၉ က အကျနာတာ မဟုတ်ဘူး။ ၁၉၆၇ တုန်းက လုပ်ခဲ့တဲ့ လက်ဝဲစွန်းလမ်းစဉ်ကြောင့် အကျနာ တာပဲ။ CPC အကူအညီကြောင့်ပဲ နှစ် ၂၀ ကျော် အင်နဲ့အားနဲ့ CPB တင့်တယ်နေခဲ့တာပါ။

ဒီလောက်ဆို ကျေနပ်ပြီ ထင်ပါတယ်။

NLD နဲ့ SPDC စေ့စပ်စေချင်တာဟာ ဗမာပြည်ကောင်းဖို့ပါ။ ကမ္ဘာ့အသိုင်းအဝိုင်းမှာ ဗမာပြည် ဝင်ဆံ့စေချင်ပါတယ်။ ဒါမှ ဒီခေတ်ကြီးမှာ ဗမာပြည်တည်မြဲမှာပါ။

အသနားခံတဲ့သဘော ဖြစ်မှာစိုးလို့ ဖမ်းထားသူတွေ ‘လွှတ်ပေးပါ’ ဆိုတဲ့စကား ‘ဗကပ’ တခါမှ မပြောခဲ့တာကို သတိပြုစေချင်တယ်။

တခုရှင်းအောင် ပြောထားပါမယ်။ ဗမာ – တရုတ် ကွန်မြူနစ်ချင်း ချစ်ကြည်ရေးဟာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်ပေါ် အခြေခံ တည်ဆောက်ထားတာပါ။ မော်စီတုန်းတို့ သခင်ဗဟိန်းတို့မျိုးဆက် တည်ဆောက်ခဲ့တာပါ။ ဘယ်တော့မှ အပျက်မခံပါဘူး။ ဗမာပြည်ရဲ့ အကျိုးကျေးဇူးနဲ့ တရုတ်ပြည်ရဲ့အကျိုးကျေးဇူး တထပ်တည်း ဘယ်တုန်းကမှ မရှိပါဘူး။ တိုင်းပြည်က ၂ ခု၊ ပါတီက ၂ ခု၊ ပြည်သူက ၂ ရပ် ဆိုတာကို ထည့်တွက်ကြပါ။

(၄)

နအဖ က ‘ဗကပ လက်ကျန်’ လို့ အခု သုံးပါတယ်။ ဒါဟာ အဆင့်မြင့်လာတာပါ။ ၁၉၅၉ – ၆၀ တုန်းက ‘ကောက်သင်းကောက်ဖို့သာကျန်တဲ့ အလေအလွင့်’ လို့ ပြောခဲ့တာနဲ့စာရင် မြင့်လာတာပါ။

ဗကပ ကို အချင်းချင်း အတိုက်အခံတချို့ကလည်း သူတို့တွေးသလို မတွေးလို့၊ သူတို့လုပ်သလို မလုပ်လို့ မကြည်ပါဘူး။ ကျွန်တော်တို့က သူတို့လို မဟုတ်ဘူး။ သူတို့လို မလုပ်နိုင်ပါဘူး။ ခွင့်လွှတ်ကြစေချင်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ (တစ်) ဗမာပြည် ပြည်ချစ်ဝါဒပါတီ ဖြစ်တယ်။ (နှစ်) ကွန်မြူနစ် ပစ္စည်းမဲ့နိုင်ငံတကာ့ဝါဒီ ဖြစ်တယ်။ ဒီ (၂) ခုကို ပေါင်းစပ် လုပ်မှာပါ။

ပါတီရဲ့သက်တမ်း ၆၆ နှစ် ပြည့်ပါတော့မယ်။ ပြည်ချစ်ဝါဒတာဝန်ကို ဦးလည်မသုန် ထမ်းဆောင်ခဲ့ပါတယ်။ ရှေ့မှာလည်း ဒီတာဝန် ထမ်းဆောင်ရဦးမယ်လို့ မြင်နေပါတယ်။ တပါတီလုံး ဦးလည်မသုန် ထမ်းဆောင်ဖို့ အသင့်ပြင်ထားကြပါ။

(၅)

ခေတ်ချင်း မတူတော့တာကို သတိပြုသင့်ပါတယ်။ ပါတီထောင်စ ၁၉၃၉ ခုနှစ်က ဒုတိယကမ္ဘာစစ် ဖြစ်တယ်။ ပါတီဟာ ရက်သားဘဝ အလွန်နုနယ်တယ်။ ဒါပေမဲ့ ကွန်မြူနစ်အင်တာနေရှင်နယ်ရဲ့ ခေါင်းဆောင်မှုကြောင့် ဦးတည်ချက် မှန်ခဲ့တယ်။ နယ်ချဲ့ စနစ်ဟောင်း ကျဆုံးချိန်ဖြစ်လို့လည်း လွတ်လပ်ရေးတိုက်ပွဲကို တဆင့်မြှင့်နိုင်ခဲ့တယ်။ သခင်အောင်ဆန်းက ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာပြီး ဂုဏ်ရောင်ပြောင်ခဲ့တယ်။

အခုခေတ် ၂၁ ရာစုခေတ်က အမေရိကန်ဗိုလ်ကျလွှမ်းမိုးမှုအတွက် အစွမ်းကုန်လုပ်နေတဲ့ခေတ်ပဲ။ အတွက်အချက်များရင် အင်္ဂလိပ်နယ်ချဲ့ကို မီခဲ့တဲ့ ကင်းဝန်မင်းကြီး ဦးကောင်းလို ဇာတ်သိမ်းမလှမှာ မြင်ယောင်နေတယ်။

တောင်အာဖရိကရဲ့ အသားအရောင်ခွဲခြားရေးဆန့်ကျင်တဲ့ တိုက်ပွဲနဲ့လည်း သမိုင်းမျဉ်းပြိုင်ဆွဲပြီး မစဉ်းစားစေချင်ဘူး။ သူတို့က နယ်ချဲ့စနစ်ဟောင်း ကျဆုံးချိန်မှာ တိုက်ပွဲဝင်ခဲ့တာ ဖြစ်တယ်။ အိမ်နီးချင်းလူမဲနိုင်ငံတွေက ကူညီနေတယ်။ လက်နက်ကိုင်တိုက်ပွဲနဲ့ ပေါင်းစပ်တိုက်ပွဲဝင်တဲ့ ANC ရှိတယ်။ NLD ဟာ ANC လို မလုပ်နိုင်ဘူး။ လုပ်ဖို့လဲ မသင့်ဘူး။ လုပ်မိရင် အခြေခံအားဖြင့် အမှား လုပ်မိတာ ဖြစ်မယ်။

ဒဏ်ခတ်ရေး (sanction) ကိစ္စပဲ ကွက်ပြီးစဉ်းစားမိရင် အမေရိကန် ဗိုလ်ကျစိုးမိုးရေး ထောင်ချောက်ထဲ ကျသွားမှာပဲ။

ဗမာပြည်မှာက နအဖ လည်း လူညို၊ NLD အပါ ကျွန်တော်တို့လည်း လူညို၊ သူ့မှာ တိုင်းရင်းသားပေါင်းစုံပါသလို ကျွန်တော်တို့မှာလည်း ပါတယ်။ အိမ်နီးချင်းတွေလည်း မတူဘူး။ မတူနိုင်ဘူး။ တောင်အာဖရိကကို ပုံတူကူးမိရင် မှားလိမ့်မယ်။

ဥစ္စာရင်လို ဥစ္စာရင်ခဲကြဖို့ပဲ ပြင်ထားကြရလိမ့်မယ်။

(၆)

NLD ပေါ်စက နဝတ က အာဏာလွှဲပေးချင်စိတ်ရှိဖို့ဆိုပြီး ဗိုလ်အောင်ကြီးက ဗကပ ဆန့်ကျင်ရေးကို NLD ထဲမှာ လုပ်တယ်။ သူ့အနေနဲ့ ‘ဗကပ’ လို့ ထင်တဲ့ သူတွေကို NLD ထဲက ထုတ်ပစ်ဖို့ လုပ်တယ်။ နောက် ဗိုလ်အောင်ကြီး မရှိတော့လည်း ဆက်လုပ်တာပဲလို့ သိရတယ်။ နောက်ဆုံးတော့ တတ်သိပညာရှင်များ NLD နဲ့ ကင်းကွာကုန်တယ်။

နဝတ/နအဖ က အာဏာလွှဲမပေးချင်တာဟာ NLD ထဲမှာ ဘယ်သူ ဘယ်ဝါတွေ ရှိနေလို့ လွှဲမပေးတာပဲ၊ မစေ့စပ်တာပဲ ထင်နေရင် တသုတ်ပြီးတသုတ် ထုတ်ပစ်ရတာပဲ အဖတ်တင်မယ်။

အာဏာကို လွှဲမပေးချင်လို့ လွှဲမပေးတာပဲလို့မြင်ဖို့ အရေးကြီးပါတယ်။

ရဲဘော်တို့

အရေးကြီးတယ်ထင်တာကိုပဲ တင်ပြပါတယ်။ ဝေဖန်ပါ။ ထင်မြင်ချက် ပေးပါ။ အကြံဉာဏ်ပေးပါ။

နိုင်ငံရေးလောကခံကို ကြံ့ကြံ့ခံနိုင်အောင် ပြင်ပါ။

(ဇူလိုင် – ၂၀၀၅)

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖

# သဝဏ်လွှာ

သို့

သဘာပတိအဖွဲ့

(၁၉) ကြိမ်မြောက်ကွန်ဂရက်

အိန္ဒိယပြည် ကွန်မြူနစ်ပါတီ။

ရက်စွဲ– ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်။

အကြောင်းအရာ။ ။ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခြင်း။

ချစ်လှစွာသော ရဲဘော်တို့–

သင်တို့ ပါတီသမိုင်းတွင် အရေးပါလှသော ဤနေ့ထူးနေ့မြတ်တွင် ကျွန်တော်တို့အနေဖြင့် ကျွန်တော်တို့ ပါတီဝင်တရပ်လုံးကိုယ်စား သင်တို့နှင့် သင်တို့မှတဆင့် အိန္ဒိယပြည် ကွန်မြူနစ်ပါတီဝင် တရပ်လုံးအား အူလှိုက်သဲလှိုက် နှုတ်ဆက်ဂုဏ်ပြုကြောင်း ဖော်ပြအပ်ပါသည်။ သင်တို့၏ ဤကွန်ဂရက်သည် အိန္ဒိယပြည် ပစ္စည်းမဲ့လူတန်းစားအတွက် အောင်ပွဲများ ပိုမိုရရှိအောင် အာမခံချက် ပေးလိမ့်မည်ဟု ကျွန်တော်တို့ ယုံကြည်ပါသည်။

နှစ်ဆယ့်တစ်ရာစုနှစ်တွင်းသို့ ရောက်ရှိလာချိန်တွင် ကမ္ဘာ့ပြည်သူများမှာ အမေရိကန် နယ်ချဲ့သမား၏ ကမ္ဘာကိုလွှမ်းမိုးရေး အန္တရာယ်ဖြင့် ခြိမ်းခြောက်မြဲခြိမ်းခြောက်ခံနေရကြောင်း တွေ့မြင်ကြရပေသည်။ ပင်တာဂွန်သည် လွတ်လပ်မှုအလံကို လွှင့်ထူကာ သူ၏ လက်တံများကို ကမ္ဘာအနှံ့သို့ ဖြန့်ကျက်နေပေသည်။ တလောကပင် သူတို့သည် မြန်မာနိုင်ငံအား “အကြမ်းဖက်မှု အခြေစိုက်စခန်း”တခုဟု လက်ညှိုးထိုးပြခဲ့သည်။ အိမ်ဖြူတော်၏ အဘိဓာန်ထဲတွင် လွတ်လပ်မှုဆိုသည့် ဝေါဟာရအားဘယ်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုသည် ဆိုခြင်းကို ကျွန်တော်တို့ အလွန်သိပါသည်။ အိန္ဒိယနှင့် ဗမာပြည် ပြည်သူများအနေဖြင့် အင်္ဂလိပ်တို့၏ သကာရည်လူးထားသော စကားကောင်းစကားလှများကို ရာစုနှစ်နှင့်ချီ၍ ကြားခဲ့ရဖူးပြီး နယ်ချဲ့သမားများ၏ ပရိယာယ်များကို ကောင်းစွာ သဘောပေါက်ကြပါသည်။

ကျွန်တော်တို့နှစ်နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများသည် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသောအခါမှသာ သီးခြားစီဖြစ်သွား ခဲ့ပါသည်။ ကျွန်တော်တို့နိုင်ငံတွင် စစ်မီးဟုန်းဟုန်းတောက်လောင်ခဲ့ပြီး ယင်းကာလအတွင်း

အစိုးရအပြောင်းအလဲ နှစ်ကြိမ်တိုင် ကြုံတွေ့ခဲ့ရပါသည်။ ဗမာပြည် ပြည်သူများသည် ကိုလိုနီသမား နှစ်ဦးစလုံးအား လက်နက်ကိုင်တိုက်ခိုက်ခဲ့ကြပြီး ကျွန်တော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီသည် ဤလက်နက်ကိုင်တိုက်ပွဲများတွင် တက်ကြွစွာ ပါဝင်ခဲ့ကြပါသည်။ ဖက်ဆစ်ဂျပန် ကျူးကျော်သူများကို ပြန်လည်တိုက်ခိုက်ရာတွင် ကျွန်တော်တို့ပါတီသည် ခေါင်းဆောင်အခန်းမှ ပါဝင်ခဲ့ပါသည်။

သည့်နောက် လွတ်လပ်ရေးရသည်နှင့် ကွန်မြူနစ်ပါတီ၏ ဒီမိုကရေစီ အခွင့်အရေးများကို ချိုးနှိမ်သဖြင့် ပြည်တွင်းစစ်ပေါ်ပေါက်လာခဲ့ပါသည်။ ဖဆပလ အစိုးရက ကွန်မြူနစ်ပါတီခေါင်းဆောင်များကိုဖမ်း၊ ပါတီကို ဥပဒေပြင်ပသို့ မောင်းထုတ်ရန် လုပ်လာပါသည်။ ပြည်တွင်းစစ် တာရှည်လာသည်နှင့်အမျှ တပ်မတော်အတွင်းဝယ် စစ်အုပ်စု တည်ရှိလာခဲ့ပါသည်။ သူတို့သည် အာဏာသိမ်းမှုတွေ တခုပြီးတခု ပြုလုပ်ကာ ဗမာပြည်တွင် ဒီမိုကရေစီစနစ် ဆိတ်သုဉ်းသွားအောင် လုပ်ခဲ့ပါသည်။ သို့ဖြင့် ကျွန်တော်တို့နိုင်ငံမှာ စစ်အာဏာရှင်များ၏ လက်အောက်တွင် ၄၃ နှစ်တာမျှ ဒုက္ခခံနေကြရပါတော့သည်။

ယခုအခါ မိမိတို့အမျိုးသားများသည် စစ်အာဏာရှင်စနစ်အား ဒီမိုကရေစီစနစ်ဖြင့် အစားထိုးရန် နည်းမျိုးပေါင်းစုံဖြင့် တိုက်ပွဲဝင်နေကြကာ ကွန်မြူနစ်ပါတီသည်လည်း ဤရည်မှန်းချက်အတွက် ဘက်ပေါင်းစုံမှ လုံးပန်းလျက်ရှိပါသည်။

သို့သော် စစ်အစိုးရသည် စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်းမည့်လက္ခဏာ မဖော်ပြရုံမက ဖက်ဆစ်တပိုင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေတရပ်ကို အတည်ပြုရန် အားသွန်လုပ်ကိုင်နေပါသည်။ သူတို့၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ ဗမာလူမျိုးကြီးဝါဒကို အခြေခံခြင်း၊ ပြည်ပကို ကြောက်ရွံ့ခြင်း၊ ဗမာပြည်တွင် ဒီမိုကရေစီစံမှန်သမျှကို ဖျက်သိမ်းပစ်ခြင်းနှင့် လိုအပ်လျှင် သူတို့အား ဆန့်ကျင်သူ မှန်သမျှကို စစ်တပ်ဖြင့် အကြမ်းဖက်နှိမ်နင်းရန် ပြင်ဆင်ထားခြင်း စသည့် အကြောင်းများကြောင့် ဖက်ဆစ်တပိုင်းဟု ပြောရခြင်းဖြစ်ပါသည်။ ဤဖက်ဆစ်တပိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေသာ အတည်ဖြစ်လာလျှင် ကျွန်တော်တို့အနေဖြင့် အကြမ်းဖက်သော နည်းများကို ဆင်နွှဲကောင်း ဆင်နွှဲလာရပါလိမ့်မည်။ အကယ်၍သာ စစ်အစိုးရက မိမိတို့အား ဤအနေအထားအထိ တွန်းပို့လာပါက မိမိတို့အနေဖြင့် တွေဝေဆိုင်းငံ့လိမ့်မည် မဟုတ်ပါ။

အိန္ဒိယပြည်ကွန်မြူနစ်ပါတီနှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့ အကြားမှ ညီအစ်ကို ချစ်ကြည်ရေး အဓွန့်ရှည်ပါစေ။

မာ့က်စ်ဝါဒ အဓွန့်ရှည်ပါစေ။

ပစ္စည်းမဲ့ နိုင်ငံတကာ့ဝါဒ အဓွန့်ရှည်ပါစေ။

အိန္ဒိယပြည် ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

**ဒီမိုကရေစီ စံမှန်သမျှကို ဖျက်သိမ်းပစ်ခြင်းနှင့် လိုအပ်လျှင် သူတို့အား ဆန့်ကျင်သူ မှန်သမျှကို စစ်တပ်ဖြင့် အကြမ်းဖက် နှိမ်နင်းရန် ပြင်ဆင်ထားခြင်း**

# သဝဏ်လွှာ

သို့
သဘာပတိအဖွဲ့
တဆယ့်ရှစ်ကြိမ်မြောက်ကွန်ဂရက်
အိန္ဒိယပြည် ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ)
နေ့စွဲ– ၂၀၀၅ ခုနှစ်၊ မတ်လ ၅ ရက်။

**အကြောင်းအရာ။ ။ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခြင်း။**

ရဲဘော်တို့–

သင်တို့ပါတီ၏သမိုင်းတွင် ဂုဏ်ပြောင်သော ဤအခါသမယတွင် ကျွန်တော်တို့အနေဖြင့် မိမိတို့ ပါတီဝင်အားလုံးကိုယ်စား သင်တို့နှင့် အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) ၏ ပါတီဝင်အားလုံးအား ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုလိုက်ပါသည်။ ဤကွန်ဂရက်သည် သင်တို့ပါတီနှင့် အိန္ဒိယနိုင်ငံမှ ပစ္စည်းမဲ့လူတန်းစားအတွက် သိသာထင်ရှားသော အောင်မြင်မှုများကို သယ်ဆောင်လာမည်ဟု ကျွန်တော်တို့ ယုံကြည်ပါသည်။

ယနေ့ကဲ့သို့ အင်အားကြီးနိုင်ငံများက ကမ္ဘာ့အခြင်းအကျင်းသစ်ကို မိမိတို့အလိုဆန္ဒအတိုင်း ဖြစ်လာအောင် လုံးပန်းနေကြချိန်တွင် တင်းမာမှုများနှင့် ပဋိပက္ခဖြစ်မှုများ နေရာတကာ၌ ပေါ်ထွက်နေပါသည်။ ယနေ့အချိန်တွင် အမေရိကန်အစိုးရသည် ယင်းတို့၏ ပိုလ်ကျလွှမ်းမိုးရေး လှုပ်ရှားမှုများအတွက် အကျိုးရှိစေရန်အလို့ငှာ ကျွန်တော်တို့နိုင်ငံအပါအဝင် နိုင်ငံအများအပြားမှ အစိုးရများအား အမျိုးမျိုးစွပ်စွဲလျက်ရှိပါသည်။ ဤသည်ကြောင့် ကျွန်တော်တို့နိုင်ငံအတွက် ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုများ ဖြစ်လာပါသည်။ ဗမာပြည်၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးအခြေအနေမှာ အရင်ကထက် ပိုမိုဆိုးဝါးနေကာ ပြည်သူလူထုအနေဖြင့် ဆက်လက်ဒုက္ခခံနိုင်စွမ်း မရှိတော့သလောက်ဖြစ်နေပါပြီ။

၁၉၉၀ခုနှစ်ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိခဲ့သော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် ဒီမိုကရေစီစနစ်တရပ်ကို ငြိမ်းချမ်းသော နည်းလမ်းဖြင့် တည်ဆောက်ရန် ကြိုးစားနေပါသည်။ ကျွန်တော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီသည် ပြည်သူလူထုကြီး၏ ဆန္ဒနှင့်အညီ သူတို့အား နည်းမျိုးပေါင်းစုံဖြင့် ထောက်ခံအားပေးလျက်ရှိပါသည်။ ကျွန်တော်တို့နိုင်ငံ၏ ဤအရေးတော်အတွက် သင်တို့၏ ထောက်ခံအားပေးမှုကို ကျွန်တော်တို့ရော၊ အခြားဒီမိုကရေစီအင်အားစုများ အနေဖြင့်ပါ ဘယ်တော့မျှ မေ့မည်မဟုတ်ပါ။ သို့သော် နအဖ စစ်အစိုးရသည် ပြည်သူလူထုကြီးက ပြတ်ပြတ်သားသားဆန့်ကျင်နေသည့် အကြားမှပင် သူတို့၏ ဖက်ဆစ်ဆန်သော ဖွဲ့စည်းပုံဥပဒေကို အတည်ပြုရန် ပြင်ဆင်လုပ်ကိုင်နေပါသည်။ အကယ်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အားထုတ်မှုများ အောင်မြင်ခြင်းမရှိပါက ကျွန်တော်တို့အနေဖြင့် အခြားနည်းလမ်းများကို စဉ်းစားရပါလိမ့်မည်။ ကျွန်တော်တို့အနေဖြင့် အခြားသော ဒီမိုကရေစီအင်အားစုများနှင့် ဆွေးနွေးတိုင်ပင်ကာ လမ်းစဉ်အသစ်တခု ချမှတ်ရပါလိမ့်မည်။ သို့သော် ကျွန်တော်တို့အနေဖြင့် အချိန်ကြာကြာ စောင့်နေနိုင်မည် မဟုတ်ပါ။ နိုင်ငံတကာအခြေအနေများက တွန်းအားပေးလျက်ရှိပါသည်။

- အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) နှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့အကြားမှ ညီနောင်သဖွယ် ချစ်ကြည်မှု အဓွန့်ရှည်ပါစေ။
- မာ့က်စ်ဝါဒ အဓွန့်ရှည်ပါစေ။
- ပစ္စည်းမဲ့ နိုင်ငံတကာ့ဝါဒ အဓွန့်ရှည်ပါစေ။
- အိန္ဒိယပြည် ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) အဓွန့်ရှည်ပါစေ။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည် ကွန်မြူနစ်ပါတီ

**နအဖစစ်အစိုးရသည်**
**ပြည်သူလူထုကြီးက**
**ပြတ်ပြတ်သားသားဆန့်ကျင်နေသည့် အကြားမှပင်**
**သူတို့၏**
**ဖက်ဆစ်ဆန်သော ဖွဲ့စည်းပုံဥပဒေကို အတည်ပြုရန်**
**ပြင်ဆင်လုပ်ကိုင်နေပါသည်**

# လက်နက်ကိုင်တိုက်ပွဲ

## A/S တိုက်ပွဲသဏ္ဍာန်ကိစ္စ

**ပါတီဝင်များဆွေးနွေးကြရန် စာတည်းအဖွဲ့၏ တင်ပြချက်**

၁။ **A/S** ကို အရံရွေးလမ်းအဖြစ် ပါတီက သဘောထားသည်။ အရံရွေးလမ်းဆိုတာ (အကြမ်းမဖက်ရေး လူထုတိုက်ပွဲ) အဓိက တိုက်ပွဲသဏ္ဍာန်ကို စခန်းကုန်လမ်းကုန် လုပ်လို့မှ ဘာမျှအရာမထင် ဖြစ်လာလျှင် လုပ်ရမည့် တိုက်ပွဲသဏ္ဍာန် ဖြစ်သည်။

၂။ **A/S** ကို အတ္တဘာဝ အင်အားစုများရှိမှ လုပ်နိုင်သည်။ ဆန္ဒရှိရုံမျှဖြင့် လုပ်မရပါ။ အတ္တဘာဝ အင်အားစုများဆိုတာ အလွန်ကျယ်ဝန်းပါသည်။ ရဲဘော်တို့သိပြီးဖြစ်၍ အကျယ် မတင်ပြတော့ပါ။

၃။ ဗမာပြည်၏ **A/S** သမိုင်းအတွေ့အကြုံများကို လေ့လာသင့်ပါသည်။ အတိုချုပ်ပြီး မိမိတို့လေ့လာရရှိချက်ကို တင်ပြပါမည်။ နိုင်ငံတကာ့အခြေအနေကို ဖယ်ထားပြီး ပြည်တွင်းအခြေအနေကိုပဲ တင်ပြပါမည်။

**BIA** အတွေ့အကြုံ။ ခေါင်းဆောင်မှုနှင့် တပ်သား ရေသောက်မြစ်က ၁၃၀၀ ပြည့် အရေးတော်ပုံက လာတာ ဖြစ်သည်။ တို့ဗမာအစည်းအရုံးတွင် လက်ရုံးတပ် (လက်နက်မဲ့ လေ့ကျင့်ပြီးတပ်) ရှိသည်။ ဗကသ တွင် သံမဏိတပ် ရှိသည်။ နောက် မြို့လူထုတွင် ရဲတပ်ဖွဲ့ ရှိသည်။ လက်နက်ဖြင့် လေ့ကျင့်မှုကိုတော့ ဂျပန်ကပေးမှ ရသည်။ စစ်ဖြစ်မှ ရသည်။ ဤသို့ဖြင့် **BIA** ကို ဖွဲ့စည်းနိုင်ခြင်း ဖြစ်သည်။

အထူးသတိပြုသင့်သည်မှာ လက်ရုံးတပ်၊ သံမဏိတပ်၊ ရဲတပ်များကို အစောကြီးကတည်းက မိမိတို့ ဖွဲ့စည်းလေ့ကျင့်ထားနိုင်တာကို သတိပြုသင့်သည်။ ယခုလည်း ကြိုပြီးပြင်ရလိမ့်မည်။ စစ်အာဏာရှင်စနစ်အောက်မှာ ဖြစ်လို့ လျှို့ဝှက်ရမည်။ ဖြောင်လုပ်လို့ မရပါ။

၄။ **A/S** အတွေ့အကြုံ။ ဖက်ဆစ်တော်လှန်ရေးတုန်းက ပါတီက **A/S** အတွေ့အကြုံ အများကြီး ရှိထားသည်။ စစ်ကိုဦးစီးနိုင်သော ကေဒါတပ်ဖွဲ့ ရှိသည်။ **O/G** ကာလ (၁၉၄၅ – ၄၈) ၃ နှစ်အတွင်းတွင် လက်နက်မဲ့ လေ့ကျင့်ထားသည့် ပြည်သူ့ရဲဘော် **(PVO)** တပ်ဖွဲ့ နောက်တွင် တပ်နီတပ်ဖွဲ့ **(RG)** များ မြို့ရော၊ ကျေးလက်မှာပါ လေ့ကျင့်ပြီး ရှိသည်။ လယ်သမားသူပုန် ရှိသည်။

အတ္တဘာဝအင်အား စုဆောင်းနည်း တချို့ကို တင်ပြဦးမည်။ စစ်အပြီးတွင် ခေးပြဆူသည်။ အင်္ဂလိပ် ဘုရင်ခံအစိုးရ မနိုမ်နင်းနိုင်။ ဒါကို ချက်ကောင်းယူပြီး ဖဆပလ/ဗကပ က “ကျေးလက် ကာကွယ်ရေး ကိုယ့်ဘာသာ လုပ်မယ်။ လက်နက်ကို ကိုယ့်ဘာသာ ရှာမယ်။ အင်္ဂလိပ်ဘုရင်ခံအစိုးရက ကျေးရွာ ကာကွယ်ရေးတပ် ဖွဲ့ခွင့်နဲ့ လက်နက်အတွက် လိုင်စင်ပဲပေး” ဖို့ လူထုတိုက်ပွဲ ဝင်သည်။ မတတ်သာလို့ အကန့်အသတ်ဖြင့် ခွင့်ပြုသည်။ ရွာကြီးလျှင် သေနတ် အလတ် (၂၀)၊ ရွာအလတ်စား (၁၀) လက်၊ ရွာငယ် (၅) လက် ကိုင်ဆောင်ခွင့်လိုင်စင် ထုတ်ပေးသည်။

မတ်လ ၂၈ ရက်တွင် တံတားဦး၊ နွားထိုးကြီးနဲ့ မြစ်သားနယ်မှာ သမဂ္ဂရွာများမှ ကာကွယ်ရေး တပ်များကို စုစည်းလိုက်သည် ညတွင်းချင်း တပ်ရင်း တရင်း လက်နက်ဖြင့် ဖွဲ့စည်းလိုက်နိုင်သည်။ ဖဆပလ ရွာများက ကာကွယ်ရေး လက်နက်များကိုတော့

လိုက်ပြီး သိမ်းရသည်။ ဤသို့ဖြင့် မြင်းခြံ၊ ကျောက်ဆည်၊ စစ်ကိုင်း (တောင်ခြမ်း) တွင် တပ်ရင်းတရင်း၊ မုံရွာ၊ ရွှေဘို၊ စစ်ကိုင်း (မြောက်ခြမ်း) တွင် တပ်ရင်းတရင်း ဖွဲ့နိုင်သည်။

ဗိုလ်အောင်ဆန်း BAS ဘိလပ်သွားပြီး အရေးဆိုစဉ်ကတည်းက၊ မရလျှင်ချရမည့် အခြေအနေရှိစဉ်ကတည်းက အထက်ဗမာပြည်ခရိုင် ခေါင်းဆောင်များ၏ လျှို့ဝှက်အစည်းအဝေးတခု မန္တလေး သခင်ဗတုတ်အိမ်တွင် လုပ်သည်။ ရဲဘော်ဂိုရှယ် ဦးစီးသည်။ ထိုအစည်းအဝေးက A/S လုပ်ဖြစ်လျှင် O/G ကာလ ပါတီဖွဲ့စည်းပုံများအတိုင်း ခေါင်းဆောင်လို့မရဟု သဘောတူကြသည်။ အထက်ဗမာပြည်တွင် မုံရွာ၊ ရွှေဘို၊ ကသာ၊ ဗန်းမော်နှင့် စစ်ကိုင်း (မြောက်ခြမ်း) ကို စစ်ဒေသတခု၊ မြင်းခြံ၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ပခုက္ကူ၊ မင်းဘူးနှင့် စစ်ကိုင်း (တောင်ခြမ်း) ကို စစ်ဒေသတခု စစ်ဒေသနှစ်ခုဖွဲ့ပြီး စစ်ကိုဦးစီးဖို့ ဆုံးဖြတ်သည်။ ထိုဆုံးဖြတ်ချက်အတိုင်း A/S ဖြစ်လာသောအခါ လုပ်သည်။ သို့သော် အင်္ဂလိပ်ကို တိုက်ရတာ မဟုတ်ဘဲ ဖဆပလကို တိုက်ရတာ ဖြစ်နေသည်။ (စကားချပ်။ နယ်ချဲ့ ဆန့်ကျင်ရေးစစ် မတိုက်ရဘဲ ပြည်တွင်းစစ်တိုက်ရတာ ဖြစ်သွားသည်။ အမြော်အမြင် ရှိကြလျှင် ပြည်တွင်းစစ် ဖြစ်စရာမလိုပါ။ သို့သော်ဖြစ်ခဲ့ပြီ။ ယခုလည်း ပြည်တွင်းစစ် မဖြစ်ချင်ပါ။ ပြည်ချစ်စစ်ပွဲ တိုက်စရာလိုလျှင် တိုက်ချင်သည်။) စစ်ဒေသနှစ်ခုကို နာမည်ပေးဖို့ ခက်နေသဖြင့် မိမိတို့က မြောက်ဘက်စစ်ဒေသကို "မိုးကြိုး"၊ တောင်ဘက်က စစ်ဒေသကို "လျှပ်စစ်" ဟု ပေးလိုက်သည်။ ဒါကို ဗိုလ်ရန်အောင် အထက်ဗမာပြည် တိုင်းမှူးအဖြစ် ရောက်လာတော့ ... ဖက်ဆစ်ဆန်တဲ့ နာမည်တွေပဲဆိုပြီး ပြင်ခိုင်းသည်။ တပ်နံပါတ်တွေပဲ ပေးတော့သည်။

တင်ပြလိုသည်မှာ A/S လုပ်မည်ဆိုလျှင် အတွင်္ဘာဝအင်အားစု ရှိရမည်။ အတွင်္ဘာဝ အင်အားစုက ကြွေးကြော်ရုံဖြင့်မရ။ ပြင်ရမည်။ ဖွဲ့စည်းပုံက စစ်ဖွဲ့စည်းပုံဖြစ်ရမည်။ ရှေ့တွင် ဘာဖြစ် မလဲမသိ။ A/S အရံရွေးလမ်းကို လွယ်လွယ်ပြောင်းဖို့ မဟုတ်။ ငြိမ်းချမ်းသည့် တိုက်ပွဲသဏ္ဍာန်ကို ဘယ်လိုနည်းနဲ့မှ လုပ်မရလျှင်၊ အရှုံးပေးထွက်ပြေးပြီး နိုင်ငံခြားမှာ ဇာတ်မြုပ်ရတာပဲ ရှိတော့မည် ဆိုလျှင် A/S ကို မဖြစ်မနေလုပ်ဖို့ လိုလိမ့်မည်။ A/S ကို ကောက်ကာငင်ကာ ထလုပ်လို့မရ။ UG ဘဝနှင့်နေပြီး အဘက်ဘက်ပြင်ရမည်။



၄။ A/S လုပ်လျှင် ဘယ်နေရာ ဘယ်ဒေသမှာ လုပ်မလဲ။ ဒါကို ခေါင်းဆောင်မှုအဖွဲ့က လျှို့ဝှက်ပြီး ကြိုတင်ဆွေးနွေးထားရမည်။ ဂျပန်တော်လှန်ရေးလုပ်ဖို့ အထက်ဗမာပြည်တွင် စီစဉ်တုန်းက အခြေခံဒေသကို ပထမက မင်းလောင်းမောင်သန့် ထကြွခဲ့ရာ မုံရွာ၊ ရွှေဘို၊ စစ်ကိုင်း တြိဂံဒေသ (နွယ်ခွေတောင်ဒေသ) ကို ရွေးခဲ့သည်။ မန္တလေးအရှေ့ဘက် ရှမ်းပြည် အစပ်ကို ရွေးခဲ့သည်။ အင်္ဂလိပ်တပ်တွေက ရှေ့တိုးလာနေလို့ ဒုတိယနေရာ ရွေးရသည်။ ရွှေဘို စစ်ကိုင်းကားလမ်း၊ မုံရွာ စစ်ကိုင်းကားလမ်း ကြားမှဒေသ (မူးမြစ်ဝှမ်းအောက်ပိုင်း ခြေတော်ရာတောင်ဒေသ) ကို ရွေးသည်။ နောက်ဆုံး တကယ်လုပ်ရတော့ စစ်ကိုင်းအနီး ရေဝင်တန့်ဆည်နယ်နဲ့ ရှမ်းပြည်ပင်းတယ ရေငံနယ် ဖြစ်သွားသည်။

ပြုလွယ်ပြင်လွယ် ဖြစ်ရမည် မှန်သော်လည်း အဓိကအကျဆုံးမှာ ကိုယ်နှင့် စိမ်းနေသော လူထု၊ စိမ်းနေသောဒေသ မဖြစ်ဖို့ အရေးကြီးသည်။ ဒါမှ ကိုယ့်အားကိုယ်ကိုး လုပ်နိုင်မည်။ အမှီခိုကင်းကင်း လုပ်နိုင်မည်။ ရှုံးလျှင်လည်း ကိုယ်ညံ့လို့ နိုင်လျှင်လည်း ကိုယ်တော်လို့ပဲဖြစ်မည်။ ဘယ်သူ့မှ အပြစ်ပုံချစရာမလို။

၅။ ဒီမိုကရေစီရေးကို ငြိမ်းချမ်းစွာရလိုပါ၏။ A/S လုပ်ရသည်အထိ မဖြစ်ရလိုပါ။ ထို့ကြောင့်ပင် မျိုးဆက်ဟောင်းများက "အတိတ်ကို အတိတ်မှာ ထားခဲ့မည်" ဟု ပြောနေခြင်း ဖြစ်ပါသည်။ မျိုးဆက်သစ်ကလည်း အတိတ်ကို အတိတ်မှာထားခဲ့ (ချင်) သည်ဟု ပြောနေတာ ဖြစ်ပါသည်။

****************************************

# အတွေးအခေါ်ရေးရာ

(ဆွေးဆွေးမိုးသာ)

(၁)

ခေတ်တိုင်းမှာ လက်ရှိအနေအထားကို ကျေနပ်နေသူနဲ့ မကျေနပ်သူရယ်လို့ နှစ်မျိုးနှစ်စား ရှိစမြဲပဲ။ ကျေနပ်နေသူက ‘တို့ခေတ်က အကောင်းဆုံး’ လို့ ပြောကြမယ်။ မကျေနပ်သူက ‘တို့ခေတ်ကျမှ ညံ့ကြတော့မှာလား’ လို့ ဆိုမယ်။

ပထမအတွေးအခေါ်ကို ကိုယ်စားပြုသူတွေက အဲဒီခေတ်ရဲ့ ‘မိုးကျရွှေကိုယ်’ လူတန်းစားတွေဖြစ်ပြီး ဒုတိယအတွေးအခေါ်ကို ကိုယ်စားပြုသူတွေက အဲဒီခေတ်ရဲ့ ‘အဖိနှိပ်ခံ’ လူတန်းစားတွေ ဖြစ်တယ်။ ခေတ်ကြီးကို ပြောင်းပစ်ချင်သူတွေ ဖြစ်တယ်။

(၂)

‘မိုးကျရွှေကိုယ်’ လူတန်းစားဟာ သမိုင်းဖြစ်ပေါ်မှုနဲ့ အညီ အပြောင်းအလဲရှိတယ်။ တခေတ်နဲ့တခေတ် မတူပါဘူး။ ကိုလိုနီခေတ်က ‘မိုးကျရွှေကိုယ်’ တွေက ဘိလပ်ပြန်တွေ၊ ‘အိုင်စီအက်စ်’ ခေါ်တဲ့ အိန္ဒိယပဋိညာဉ် ဝန်ထမ်းတွေပဲ ဖြစ်တယ်။

အဲဒီ မိုးကျရွှေကိုယ် ဖြစ်မယ့်သူတွေဟာ ကျောင်းသားဘဝမှာပဲ သူတို့ရဲ့ဗီဇကို ပြလေ့ရှိတယ်။ အင်္ဂလိပ်အစိုးရ ငြိုငြင်မယ့် အလုပ် ဘယ်တော့မှ မလုပ်ဘူး။ ကျောင်းအာဏာပိုင်တွေ မျက်စိကျအောင် နေပြတယ်။ စာကလွဲပြီး ဘာကိုမှ စိတ်မဝင်စားဘူး။ နိုင်ငံရေးကို ဝေးဝေးက ရှောင်တယ်။

တို့ခေတ်ကျမှ ညံ့ကြတော့မှာလား အတွေးအခေါ်ရှိသူတွေက ကျောင်းသားဘဝကတည်းက သူ့‘ဇ’ကို ပြလေ့ရှိတယ်။ နိုင်ငံရေးလုပ်တယ်။ ကျောင်းအာဏာပိုင် မျက်စိစပါးမွေးစူးတဲ့ အနေအထိုင် အပြောအဆို လုပ်တယ်။

ဒီလိုကျောင်းသား နှစ်မျိုးနှစ်စားဟာ အမြဲတမ်း ထိပ်တိုက်တွေ့နေတာပဲ။ ခပ်စောစောကဆိုရင် တက္ကသိုလ်ကျောင်းသားသမဂ္ဂ(တကသ)ကို ‘မိုးကျရွှေကိုယ်’ လောင်းလျာတွေပဲ ကြီးစိုးထားတယ်။ ဘိလပ်က သမဂ္ဂပုံစံမျိုးပဲ လှုပ်ရှားတယ်။ သူတို့ကို ထိုးဖောက်ပြီး (တကသ) ကို ချုပ်ကိုင်နိုင်ဖို့ မနည်းလုပ်ခဲ့ရတာ ဖြစ်တယ်။ ကိုသိန်းဖေ (ဦးသိန်းဖေမြင့်) ပါးရိုက်ခံရတဲ့အထိပဲ။ ပါးရိုက်သူက မိုးကျရွှေကိုယ် လောင်းလျာတယောက် ဖြစ်တယ်။ အဲဒီတုန်းက တကသ ပဲ ရှိတယ်။ အထက်တန်းကျောင်းတွေမှာ သမဂ္ဂမရှိဘူး။ နိုင်ငံလုံးဆိုင်ရာ သမဂ္ဂ (ဗကသ) လည်း ဘယ်လိုလုပ် ရှိပါ့မလဲ။

ခေတ်ကြီးကို မကျေနပ်တဲ့ ကျောင်းသားတွေ (တကသ) ကို ဦးစီးမိမှ ဖြစ်ပေါ်ပြောင်းလဲမှုတွေဟာ မြန်ဆန်လာတယ်။ ၁၉၃၆ – ၁၉၃၈ သပိတ်တွေပြီးတော့ (ဗကသ) တွေ တိုင်းပြည်အနှံ့ ပြန့်တော့တာပဲ။ ‘တို့ခေတ်ကျမှ ညံ့ကြတော့မှာလား’ ဆိုတာဟာ အားတင်းသံ ဖြစ်တယ်။ ‘ခေတ်ကြီးကို ပြောင်းပြန်လှန်ပစ်မယ်’၊ ‘လာမယ့်ဘေး ပြေးတွေ့မယ်’ ဆိုတာက သန္နိဋ္ဌာန်နဲ့ စိန်ခေါ်သံ ဖြစ်တယ်။

၁၉၃၉ ကမ္ဘာစစ်ကြီးဖြစ်၊ အင်္ဂလိပ် အကျပ်အတည်းတွေ့တော့ အဲဒီစိန်ခေါ်သူတွေပဲ အင်္ဂလိပ်အခက် ဗမာ့အချက် ကြွေးကြော်သံနဲ့ လက်တွေ့လုပ်ငန်းတွေ တသီကြီး လုပ်ခဲ့တာ ဖြစ်တယ်။ အခြေခံအားဖြင့်ပြောရင် အောင်မြင်ပါတယ်။

၁၉၄၂ ခုနှစ် ရောက်တော့ ခေတ်ကြီး ပြောင်းပြန်လန်သွားပါပြီ။ တိုင်းရင်းသား ‘မိုးကျရွှေကိုယ်’တွေ ဓားပြသတ်ခံသူခံရ၊ ‘စပိုင်’ဆိုပြီး ဂျပန်အဖမ်းခံရသူခံရ ဖြစ်ကုန်တယ်။

အင်္ဂလိပ်က တိုင်းရင်းသား ‘မိုးကျရွှေကိုယ်’တွေကို ‘ကိုယ့်ထိုက်နဲ့ကိုယ့်ကံ ခံကြပေတော့’ ဆိုပြီး ပစ်ပြေးခဲ့တာ ဖြစ်တယ်။ အင်္ဂလိပ်သွေးတဝက်ပါတဲ့ ‘မိုးကျရွှေကိုယ်’ တွေက စစ်တပ်ထဲ ရောက်နေတယ်။ သူတို့အိမ်ထောင်သည်တွေက မီးရထားလမ်းအတိုင်း မြောက်ဘက်ဆုတ်လာတာ ‘မြစ်ကြီးနား’မှာ စုပြုံရောက်နေတယ်။ ရှိတဲ့လေယာဉ်ပျံနဲ့ ကုသယ်ခေါက်သယ် ကုလားပြည်ကိုသယ်ပေးတယ်။ သယ်ပေးတာကလည်း အင်္ဂလိပ်သွေးရာခိုင်နှုန်းပြည့်ပါတဲ့ အိမ်ထောင်စုတွေပဲ ဦးစားပေး သယ်ပေးတယ်။ အင်္ဂလိပ်သွေး ရာနှုန်းတဝက် ပါသူတွေကို ချန်ထားတယ်။ အားလုံးဂျပန်ဖမ်းမိတယ်။ စစ်ကိုင်းပို့ပြီး အကျယ်ချုပ်နဲ့ ထားတယ်။ ကိုယ့်ဘာသာ လုပ်ကိုင်စားကြပေရော့ဆိုပြီး ထားတာဖြစ်တယ်။

ပြောချင်တာက ‘မိုးကျရွှေကိုယ်’ လူတန်းစား တိုင်းရင်းသားတွေ၊ ကပြားတွေဟာ အင်္ဂလိပ်ကပစ်ပြေး၊ ဂျပန်က ရန်ရှာခံနေရတော့ BIA ကို အားကိုးလာကြတယ်ဆိုတာ ပြောချင်တာပါ။ ဘဝပေးအသိအရ အာဏာရှိသူကို ဆည်းကပ်မှ အလုပ်အကျွေးပြုမှ ဒီကပ်ဘေးက ကျော်နိုင်မယ်ဆိုတဲ့ အတွေးအခေါ်

အဲဒီကတည်းက သူတို့ရသွားတာကို ပြောချင်တာပါ။

အဲဒီ အတွေးအခေါ်ကြောင့်ပဲ အာဏာရှိသူဆိုရင် ဘယ်သူ့ကိုမဆို ဆရာတင်မယ်ဆိုတာ အခုအထိရှိနေတာပါပဲ။

ဖဆပလ အာဏာရှိတော့ ဖဆပလ ကို ကပ်တယ်။ စစ်အုပ်စုအာဏာရှိတော့ စစ်အုပ်စုကို ကပ်တယ်။ စစ်အုပ်စု မင်းဆက် မဆလ၊ နဝတ၊ နအဖ အားလုံးကို ကျိုးကျိုးနွံနွံ ဆည်းကပ်သွားသူတွေ မနည်းပါဘူး။ နာမည်တွေ ပြောမကောင်းလို့ မပြောတော့ပါဘူး။ ဒါဟာလည်း စစ်အုပ်စု သက်ဆိုးရှည်စေတဲ့ အကြောင်းတခုဖြစ်တယ်။

အင်္ဂလိပ်ခေတ် 'မိုးကျရွှေကိုယ်' လူတန်းစားတချို့ ကတော့ အာဏာရသူအောက်ကို ခေါင်းလျှိုဝင်တာထက် အာဏာရအောင်လုပ်တာ ကောင်းတယ်ဆိုပြီး (ဦးတင်ထွဋ်လို) လုပ်ကြည့်ပါတယ်။ ဆိုရှယ်လစ် စစ်အုပ်စုလက်ချက်နဲ့ လုပ်ကြံခံလိုက်ရတယ်။ ဦးချမ်းသာလိုလူကတော့ ဦးနုရဲ့ ပြည်ထောင်စုပါတီဝင်ပြီး အာဏာရအောင်လုပ်တယ်။ နောက်တော့ ဘာဖြစ်တယ်ဆိုတာ မသိပါဘူး။ ဦးနု 'တောခို'တော့ သူအသက်ရှင်သေးသလား မသိပါဘူး။

(၂)

သမိုင်းတစိတ်တပိုင်း တင်ပြပြီး အခုခေတ်ကို တင်ပြပါမယ်။

အခုလည်း 'တို့ခေတ်အကောင်းဆုံး' လို့ ပြောတဲ့ 'မိုးကျရွှေကိုယ်' လူတန်းစားရှိပါတယ်။ ယူနီဖောင်းဝတ်တွေ များပါတယ်။

အင်္ဂလိပ်ခေတ် 'မိုးကျရွှေကိုယ်'က ဘုရားထူးခံတယ်။ အခုခေတ် 'မိုးကျရွှေကိုယ်' က လက်အုပ်ချီ ရှိခိုးခံတယ်။ ဒီလောက်ပဲ ကွာပါတယ်။ ကျန်တာကတော့ သိပ်မကွာပါဘူး။ ဟိုတုန်းက သူကြီးဂေဇက်မျိုးလို အခုတော့ သတင်းစာပုံစံနဲ့ ထုတ်တယ်။ ယူနီဖောင်းဝတ် ကန်တော့ခံပုံတွေ ပါတယ်။ လူတွေကို နှံနှိမ်နေတာလို့ ထင်ပါတယ်။ လူမျိုးစုလူငယ်တွေနဲ့ ဆရာမ အငယ်စားတွေ ကြံ့/ဖွံ့ တွေ ကန်တော့တာ တွေ့ရတယ်။ လူကြီးတွေ ကန်တော့လာဖို့တော့ အကြံအဖန်လုပ်တယ်။ ဘုရားစိန်ဖူးတော် ကိုယ်တိုင်ပင့်ပြီး အကန်တော့ခံတယ်။ ယူနီဖောင်းနဲ့ ဒေါက်နဲ့ ဖျောက်နဲ့ အကန်တော့ခံတာပါ။

လွတ်လပ်ရေးခေတ်ရောက်တော့ မိုးကျရွှေကိုယ် များပါတယ်။ တိုင်းရင်းသားချည်းပါပဲ။ ဒါပေမဲ့ ပြည်တွင်းနိုင်ငံရေး အပြောင်းအလဲများသလို သူတို့ရဲ့ အပြောင်းအလဲကလည်း သိပ်များပါတယ်။

နအဖ ခေတ်မှာတော့ အောက်ပါအတိုင်း တွေ့ရပါတယ်။

- ထိပ်ဆုံးမှာ ယူနီဖောင်းဝတ် မိုးကျရွှေကိုယ်တွေ၊ သူတို့ပဲ လူပုံလယ်မှာ ကန်တော့ခံတာပါ။ အာဏာကလည်း သူတို့ပဲ ပိုင်တယ်။ ဥပဒေအထက်မှာ သူတို့ပဲရှိတယ်။ သူတို့ထဲက အာဏာလုပွဲမှာ ရှုံးသွားသူကို နည်းနည်းမှ မညှာဘူး။ ရှုံးကွဲကို နိုင်ကွဲ အနိုင်ယူသလို လုပ်တယ်။
- ဒုတိယဆင့်မှာ နိုင်ငံခြားပြန် ပညာရှင်တွေရှိတယ်။ အာဏာတပိုင်းတစ ရှိတယ်။ ပန်းပြားပင်လို ကျင့်ကြလို့ သူတို့က အကျနာလေ့ မရှိဘူး။
- တတိယဆင့်မှာ ကုံထရိုက်သူဌေး၊ လိုင်စင်သူဌေး၊ ဆပ်ပလိုင်းသူဌေးတွေ ရှိတယ်။ စစ်ဗိုလ်ရဲ့ သားချင်းတွေ၊ အပေါင်းအသင်းတွေ ဖြစ်လေ့ရှိတယ်။ လော်စစ်ဟန်၊ ခွန်ဆာနဲ့ အဲဒီလိုလူတွေလည်းပါတယ်။ ဒီအလွှာက အပြောင်းအလဲ အတက်အကျမြန်တယ်။ ချပစ်ချင်ရင် အထူးအထွေ အမှုဆင်နေစရာမလိုဘူး။ ဘိန်းရာဇာဆိုပြီး အမေရိကန် ထိုးကျွေးလို့ရတယ်။ မသမာ စီးပွားရေးသမားဆိုပြီး အရေးယူလို့ရတယ်။ အကပ်ကောင်းမှ အထောင်းသက်သာသူတွေဖြစ်လို့ 'မိုးကျရွှေကိုယ် တပိုင်း'လို့ သတ်မှတ်လို့ရတယ်။

သူတို့ကို သူတို့ရဲ့အဆင့်နေရာအရ ဆန့်ကျင်ရမှာ ဖြစ်တယ်။ အာဏာရ ထိပ်ဆုံးကအလွှာကို ဦးတည်တိုက်ရမှာ ဖြစ်တယ်။ အာဏာကျသွားသူကို ဖိထောင်းနေလို့ မဖြစ်ဘူး။ ဗိုလ်ခင်ညွန့်တို့ဂိုဏ်းကို အသုံးချရမယ်။ ဗမာပြည်ရဲ့ ထူးခြားချက်က စစ်အုပ်စုအပယ်ခံ စစ်ဗိုလ်တွေဟာ အတိုက်အခံ ဖြစ်လာလေ့ ရှိတာပဲ။ အပယ်မခံရခင်ကဆိုရင် သူတို့က အတိုက်အခံ လုပ်လေ့ မရှိဘူး။ လူမျိုးရဲ့စရိုက်နဲ့ ပတ်သက်များနေသလားလို့ စဉ်းစားမိတယ်။ သည်းခံရင်လည်း အစွမ်းကုန်၊ ပုန်ကန်ရင်လည်း အစွမ်းကုန် ဖြစ်လေ့ရှိတာ ကျွန်တော်တို့လူမျိုး စရိုက်ပဲ။

(၄)

ကိုလိုနီခေတ် မိုးကျရွှေကိုယ် နည်းပါတယ်။ အင်္ဂလိပ်နဲ့၊ ကပြားနဲ့၊ ကုလား ပြီးမှ တိုင်းရင်းသားပါ။ တိုင်းရင်းသား မိုးကျရွှေကိုယ်ဆိုတာက အပြင်ကညိုပြီး အထဲကဖြူတဲ့ အုန်းသီးလို လူစားပါ။ ဘိုစိတ်ပေါက်နေတာပါ။ သူတို့ရဲ့စရိုက်ကို ရှေးခေတ် ဝတ္ထုတွေမှာ တွေ့ရတတ်ပါတယ်။

(၅)

မိုးကျရွှေကိုယ် လူတန်းစားထဲမှာ မတည်ငြိမ်မှုကြီး ဖြစ်နေတယ်။ တော်တော်နဲ့လည်း ပြီးမှာမဟုတ်ဘူး။ 'တို့ခေတ်ကျမှ ညံ့ကြတော့မှာလား'ဘက်က စည်းလုံးကြရင်၊ တိုက်ပွဲနည်းပရိယာယ်သစ်နဲ့ ရင်ဆိုင်ကြရင် တို့ခေတ်ကို ရောက်ရမှာ မလွဲပါဘူး။

• • • • • • • • • • • • • • • • • • • • • • • • • • • • • •

# တိုက်ဖော်တိုက်ဖက်ဟောင်းများမှ သက်ဆိုင်သူများသို့ အိတ်ဖွင့်ပေးစာ

**အရှုံးပေးလိုက်ရင်**
**မိမိပါတီကို**
**နိုင်ငံရေးအရ**
**အညွန့်တုံးစေတာသာမက**
**မိမိကိုယ်စားပြုတဲ့**
**လူတန်းစား၊**
**အမျိုးသားနဲ့**
**ပြည်သူကိုပါ**
**အညွန့်ချိုးထားခဲ့သလို**
**ဖြစ်သွားမှာပါ**

(၁) နှစ်ပေါင်း ၅၀ ကျော်က ရှိခဲ့တဲ့ပြဿနာ အခုထိ မပြေလည်သေးပါ။ ပြဿနာပိုလို့တောင် ကျယ်ပြန့်လာပါတယ်။ ဟိုတုန်းက ဗမာပြည်ရဲ့ ပြည်တွင်းရေး သက်သက်ပါ။ အခုတော့ နိုင်ငံစုံ ပါနေပါပြီ။

ပြဿနာက အပြုတ်တိုက်ရေးလား (အပြတ်ချရေးလား) စေ့စပ် ဆွေးနွေးပြေလည်ရေးလားဆိုတဲ့ ပြဿနာပါ။

လွန်ခဲ့တဲ့ နှစ် ၅၀ က ဗကပ က ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေးအတွက် စေ့စပ်ဆွေးနွေးကြပါစို့လို့ ကမ်းလှမ်းတော့ ဦးနု ဖဆပလအစိုးရက ဘာမှမတုံ့ပြန်သေးခင်မှာ ဆိုရှယ်လစ်တွေ ကြီးစိုးတဲ့ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ စိတ်ဓာတ်စစ်ဆင်ရေး ဌာနက ချက်ချင်း တုံ့ပြန်တယ်။ စစ်ရှုံးပြီဆိုတာ အရင်ဆုံးဝန်ခံပါ။ အရှက်ပြေ အခုမှ စေ့စပ် ဆွေးနွေးချင်တယ် ပြောမနေနဲ့လို့ 'ခေတ်ရေး' ဆိုတဲ့ ဂျာနယ်ကလေးက ရေးတယ်။ ကာတွန်းတွေလည်း ထည့်တယ်။ လက်နက်ချတာအရင်လုပ်၊ မလုပ်ရင် အပြုတ်တိုက်ပစ်မယ်လို့ ရေးတယ်။

အဲဒီကာလက ဆိုရှယ်လစ်စစ်ဗိုလ်တွေ အထက်ဗမာပြည်မှာ စုမိပြီး 'အောင်မာဃစစ်ဆင်ရေး' ပြင်ဆင်နေချိန်ပါ။

ဗကပ က စေ့စပ်ဆွေးနွေးရေး ကမ်းလှမ်းတော့ ၃ ပါတီ ညီညွတ်ရေး လုပ်နေချိန်ပါ။ ပြည်သူ့ရဲဘော်ပါတီကဆိုရင် "သခင်သန်းထွန်းတို့ လက်နက်ချဖို့ ပြင်ပြီ" လို့ ကြေညာချက်ထုတ်တယ်။ အလံနီကလည်း "ကျွန်ပွဲစားကြီး သခင်သန်းထွန်း" ဆောင်းပါး ရေးတယ်။ အပြုတ်တိုက်ရေး ပြင်ဆင်နေတဲ့ ဆိုရှယ်လစ်စစ်ဗိုလ်တွေ တအားတက်သွားစေတယ်။

'အောင်မာဃထိုးစစ်' မှာ ဗကပ အထိနာပါတယ်။ တချို့ လက်နက် ချတယ်။ ပါတီဗဟို (နိုင်/ဦး အဖွဲ့) ဟာ ထိုးစစ်ရှောင်ရင်းနဲ့ ရောဝတီကိုကူးပြီး မိုးကုတ်ဒေသအထိ ရောက်သွားတယ်။ (သိပ်ပြီးလူသိမများတဲ့ 'မိုးကုတ် ဆုံးဖြတ်ချက်' ဆိုတာ အဲဒီတုန်းက ချတာပဲ။ စေ့စပ်ဆွေးနွေးပြီး ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ရင် နောင်မှာ ဆိုရှယ်လစ်တော်လှန်ရေးကိုလည်း ငြိမ်းချမ်းစွာ လုပ်နိုင်လိမ့်မယ်လို့ အဲဒီဆုံးဖြတ်ချက်က ဆိုတယ်)

ပါတီဗဟိုဟာ အလွန်ကို ကျဉ်းထဲကျပ်ထဲ ရောက်နေချိန်ပဲ။ ရန်သူကလည်း တစွန်းတစ သတင်းရနေပြီ။ ဆက်ပြီးဆုတ်ရင် တရုတ်ပြည်ထဲအထိ ဆုတ်ရမယ့် အခြေအနေပဲ။ အဲဒီလိုသာ ဆက်ပြီးဆုတ်နေရင် အရှုံးပေး ထွက်ပြေးရေး ဖြစ်တော့မယ်။ အဲဒီအချိန်မှာ ပါတီဗဟိုက ရဲရင့်တဲ့ဆုံးဖြတ်ချက် ချလိုက်တယ်။ လူစုခွဲပြီး ပဲခူးရိုးမသို့ U/G

လမ်းကနေ ချီတက်ကြဖို့ပဲ။

သခင်သန်းထွန်းက ရေဝတီ ကျောင်းကနေ မော်တော်တုတ်နဲ့ ဆင်းတယ်။ ရဲဘော်ဂိုရှယ် စသူများက ကုန်းလမ်းကနေ လူခွဲပြီး ကားနဲ့ဆင်းတယ်။ အားလုံး ချောချောမောမောပဲ ပဲခူးရိုးမ အခြေခံ စခန်းကို ရောက်တယ်။ နောက်ကျမှ ပဲခူး ရိုးမတိုင်းက ဗဟိုကော်မတီတဦး လက်နက် ချလို့ ဗဟို ပဲခူးရိုးမရောက်တာကို ရန်သူ သိတာ ဖြစ်တယ်။

(၂) အခုတော့ ဗကပ က ကျဉ်းထဲကျပ်ထဲ မှာ မဟုတ်ပါဘူး။

အခု ကျဉ်းထဲကျပ်ထဲ ရောက်နေ သူတွေက (က) NLD နဲ့ (ခ) 'ငြိမ်း အဖွဲ့'တွေ ဖြစ်တယ်။

(က) NLD ဟာ ပြည်တွင်းစစ် တိုက်နေတာ မဟုတ်ဘူး။ အကြမ်း မဖက်ရေး လုပ်နေတာပါ။ အကြမ်းမဖက်ရေး တောင်မှ အာဏာဖီဆန်တာမပါတဲ့ အကြမ်း မဖက်ရေးပါ။ NLD က စေ့စပ်ဆွေးနွေး ချင်တယ်လို့ ပြောတော့ နအဖ တုံ့ပြန် တာက ဟိုတုန်းက 'ဆိုရှယ်လစ် စစ်အုပ်စု' တုံ့ပြန်ပုံမျိုးပါပဲ။

'အပြုတ်တိုက်ရေး' လို့တော့ ပြောမဖြစ်ဘူး။ 'အပြတ်ချေရေး' ပြောတယ်။ 'အမျိုးသားညီလာခံ'ထဲ ခေါင်းငုံ့ပြီး ပြန်ဝင်လာဖို့ ပြောတယ်။

ခေါင်းငုံ့ပြီး ညောင် ၂ ပင်ထဲ ဝင်မိရင် အရင်တခါကထက် ဆိုးမှာပဲ။ ဟိုတခါက ဗိုလ်ခင်ညွန့်က 'တရားခံ' တွေလို ဆက်ဆံတယ်။ ဒီတခါ ဗိုလ်သိန်းစိန်က အိမ်ပြေးကျောင်းသားတွေ အမြင်မှန်ရပြီး ပြန်လာတာလို့ သဘော ထားလိမ့်မယ်။ ညောင် ၂ ပင်ထဲက ချောဆွဲထားတဲ့ ကိုယ်စားလှယ် ဆိုသူတွေနဲ့ပဲ လွှတ်ထားလိုက်မယ်။

လက်ရှိ NLD (CEC) တွေရဲ့ ရပ်တည်ချက်ကို အားရပါတယ်။ ဒါပေမဲ့ NLD က နအဖ နဲ့ ဘုရင်ချင်း စီးချင်းထိုး နေလို့ မဖြစ်ပါဘူး။ NLD ရဲ့ အားဟာ လူထုပါ။ လူထုကို လှုံ့ဆော်စည်းရုံးပြီး ရင်ဆိုင်နိုင်မှ ရေရှည်ခံနိုင်မယ်။ အောင်ပွဲ ရမယ်။ CEC တွေ အိုလှပါပြီ။ မျိုးဆက်သစ် ဒေါ်အောင်ဆန်းစုကြည်ကလည်း တကိုယ်တော် အိမ်ချုပ်ကျနေပါတယ်။

ပြတ်ပြတ်စဉ်းစားပြီး ပြတ်ပြတ် ဆုံးဖြတ်မှ တော်ကာကျပါလိမ့်မယ်။ (သခင်သန်းထွန်း၊ ရဲဘော်ဂိုရှယ်၊ ရဲဘော်ဌေးတို့ ပြတ်ပြတ်ဆုံးဖြတ်ခဲ့တာကို ဒါကြောင့် ရှေ့ပိုင်းမှာ ရေးခဲ့တာပါ)

(ခ) 'ငြိမ်းအဖွဲ့'တွေရဲ့ ကျဉ်းထဲ ကျပ်ထဲကျပုံက တမျိုးပါ။

စစ်အေးခေတ်က ဝန်ထုပ် ဝန်ပိုးကို တရုတ်ပြည်က ခါချချင်နေတာကို ချက်ကောင်း ယူပြီး နေဝင်း၊ အောင်ကြီးတို့က ဗိုလ်ခင်ညွန့်ကတဆင့် ပေါ်လစီ ပြောင်းလိုက် တာပါ။ ကိုယ့်နယ်ကိုယ့်တပ်ကို ထိန်းထား ကြ။ လက်နက်ချစရာ မလိုဘူး။ နောက် တက်လာမယ့် နိုင်ငံရေးအစိုးရနဲ့ကျမှ စေ့စပ်ဆွေးနွေးကြလို့ လုပ်ထားတာပါ။

ဒါပေမဲ့ အခုတော့ သန်းရွှေတို့က တမျိုးစဉ်းစားတယ်။

- စစ်အေးလွန်ခေတ် ကုန်ဆုံး နေပြီ။ တရုတ်နဲ့ သိပ်ပလူးပလဲ လုပ်နေလို့ မရတော့ဘူး။
- နောက်တက်မယ့် နိုင်ငံရေး အစိုးရဆိုတာက တို့ပဲ ယူနီဖောင်းချွတ် ပုဆိုးဝတ်ပြီး လုပ်ကြမှာပဲလို့ စဉ်းစားမိပြီး 'ငြိမ်းအဖွဲ့'တွေ ပြဿနာကို အကြမ်းကိုင်ချင်လာတယ်။ အပျော့ဆုံးအပိုင်းကို စီးပွားရေး မက်လုံးပေးပြီး လက်နက်ချ ခိုင်းတယ်။ တချို့အဖွဲ့အစည်း ခေါင်းဆောင်တွေက စီးပွားရေး ထဲ ကျွံကျနေကြပြီ။ မာတဲ့ အပိုင်းကိုတော့ ဖြည်းဖြည်းချင်း အထီးကျန်ဖြစ်အောင် လုပ်နေ တယ်။

'အမျိုးသား ညီလာခံ' မှာ မီးမသေဘဲ တဒေါင့်က ထပွက်နေတာလည်း ကြည့်မရ



တော့ဘူး။

ဒါတွေကြောင့် သတိ ရှိကြဖို့ ရဲဘော်ဟောင်း မိတ်ဆွေ တွေကို နှိုးဆော် ပါတယ်။

(၃) နိဂုံးချုပ်အနေနဲ့ ဗကပ ရဲ့ စဉ်းစား ချက်ကို တင်ပြခွင့်ပြုပါ။ ဗကပ ဟာ ကျဉ်းထဲ ကျပ်ထဲ ခဏခဏ ရောက်ဖူးပါတယ်။ တခါတလေမှာ ထွက်လမ်းတောင် ပိတ်နေ သလို အဖြစ်မျိုး ကြုံဖူးပါတယ်။ အနိုင်မခံ - အရှုံးမပေး စိတ်ဓာတ်နဲ့ ကျော်ဖြတ်ခဲ့ရ တာချည်း ဖြစ်ပါတယ်။

**အရှုံးပေးလိုက်ရင် မိမိပါတီကို နိုင်ငံရေးအရ အညွန့်တုံးစေတာသာမက မိမိကိုယ်စားပြုတဲ့ လူတန်းစား၊ အမျိုးသားနဲ့ ပြည်သူကိုပါ အညွန့်ချိုးထားခဲ့သလို ဖြစ်သွားမှာပါ။ ။**

# တိုက်ဖော်တိုက်ဖက်များသို့ ပါးချင်သည့် သတင်းစကား

၁၉၈၉ က ဖြစ်ခဲ့တာ ပျက်ခဲ့တာတွေကို ဗကပ က သမိုင်းအဖြစ် ထားခဲ့ချင်သည်။ တလောကတော့ 'ဗကပ ခွဲထွက်' များကို 'သတင်းစကား' ပါးခဲ့ပြီး ဖြစ်သည်။ သူတို့ခွဲထွက်သဖြင့် 'ဗကပ' သေလောက်သော ဒဏ်ရာရခဲ့သည်။ သူတို့နှင့်က သမိုင်းတကွေ့တွင် ဆယ်စုနှစ်နှင့်ချီ၍ သမိုင်းရှိခဲ့သည်။ ဒါကြောင့် 'သမိုင်းအဖြစ်ထားခဲ့ချင်သည်' ဟု သုံးသည်။

တိုက်ဖော်တိုက်ဖက်များကိုကား အတိတ်ကို ထားခဲ့ပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် စဉ်းစားကြပါစို့ဟု ဗကပ က တင်ပြချင်သည်။

အကြိမ်ကြိမ်လည်း ပြောခဲ့ ရေးခဲ့ပါသည်။ အခုလည်း ရေးရပါဦးမည်။ လူထုလှုပ်ရှားမှုကို 'ထု'က ဖန်တီးပါသည်။ ပါတီတခု၊ ပုဂ္ဂိုလ်တယောက်၊ လူတစုက ဖန်တီးနိုင်တာ မဟုတ်ပါ။ အတွေးအခေါ်ပဲ ပေးနိုင်ပါသည်။ ပေးတဲ့ အတွေးအခေါ် လူထုလက်မခံလျှင် ဘာမျှမဖြစ်ပါ။ အလွန်ဆုံး လှုပ်ရှားမှုကလေး တခုပဲ ဖြစ်တတ်ပါသည်။ ရန်သူက ဖြိုခွဲလိုက်ပြီး မာန်တက်သွားတတ်ပါသည်။ ပိုပြီး ဖိနှိပ်လာတတ်ပါသည်။ မကြားဖူးသည့် ထောင်ဒဏ်များ ချမှတ်ပြီး 'ငြိမ်ဝပ်' သွားအောင် လုပ်တတ်ပါသည်။ အင်္ဂလိပ်နယ်ချဲ့ခေတ်က ထောင်ဒဏ် (၆) လ အလွန်ဆုံးချသည့် အမှုကို အခု (၇) နှစ် ချနေသည်။

> ***တိုက်ဖေါ်တိုက်ဖက်များကိုကား အတိတ်ကို ထားခဲ့ပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် စဉ်းစားကြပါစို့***

'၈၈၈၈' ကို 'ဗကပ' ဖန်တီးတာပဲဟု ဘယ်တုန်းကမှ မပြောခဲ့၊ မရေးခဲ့ပါ။ ဖန်တီးလို့မရကြောင်းကို ဗကပ က (အတွေးအခေါ်အရကို) သိပါသည်။ ထို့ကြောင့် မပြော၊ မရေးပါ။

'ဖန်တီး'လို့ ရစတမ်းဆိုလျှင် ၁၉၈၈ အထိ စောင့်မှာ မဟုတ်ပါ။ အစောကြီးကတည်းက 'ဖန်တီး' ခဲ့မှာပါ။ ဗကပ ရဲ့ အခြေအနေ ကောင်းခဲ့စဉ်က 'ဖန်တီး' ခဲ့မှာပါ။ ဗကပ ရဲ့ အခြေအနေ မကောင်းတော့တဲ့ ၁၉၈၈ ကျမှ 'ဖန်တီး' မှာမဟုတ်ပါ။

ကိုယ့်အခြေအနေ မကောင်းတာကို ဗဟိုက သိနေတာ ကြာပါပြီ။ ကြိုတ်ပြီးကောင်းအောင် လုပ်ခဲ့တာပါ။ (၁၉၈၀) ကျတော့ ကေဒါတွေအားလုံး သိသွားပါပြီ။ 'ဗကပ သင်္ဘောကြီး နစ်နေပြီ' ဟူသော အတွေးအခေါ်တွေ ပြန့်ကုန်ပါသည်။ ၁၉၈၈ တွင် အထွတ်အထိပ် ရောက်နေပါပြီ။

ဒီလောက်ရေးလျှင် သဘောပေါက်မည် ထင်ပါသည်။ နောက်ပေးချင်သည့် သတင်းစကားမှာ သေလောက်သော ဒဏ်ရာကို ဗကပ က အချိန်တိုအတွင်း ကုစားနိုင်ခြင်းမှာ လူထုအုံကြွမှုအရှိန် ဆက်ပြီးရှိနေသေးလို့ ဖြစ်ပါသည်။ NLD သာ ရွေးကောက်ပွဲ မနိုင်ဘဲ 'တစည' နိုင်သွားလျှင် အတော်ကြာကြာ ကုစားရမှာ သေချာပါသည်။ 'တစည' အစိုးရ ဖြစ်လျှင်လည်း ဗကပ လုံးဝကျဆုံးသွားမှာတော့ မဟုတ်။ နာလန်ထတာ ကြာမည်။ ဒီလောက် သက်နေနည်းလျှင်လည်း ကွန်မြူနစ်မဟုတ်။ နာလန်ထမြန်တာ NLD ရွေးကောက်ပွဲနိုင်တာ တခုတည်းကြောင့် မဟုတ်ပါ။ တိုက်ဖော်တိုက်ဖက်များက စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး ပြတ်သားသည့် လမ်းစဉ်လိုက်ကြလို့ A/S ကို လုပ်ကြလို့ ဖြစ်ပါသည်။ 'ဗကပ ကို မယုံတော့ဘူး၊ ပြည်သူကို ယုံတယ်' ဆိုသော အတွေးအခေါ် ကျန်နေသေးသူများအတွက် ရွေးလမ်းတခု ဖွင့်ပေးသလို ဖြစ်သောကြောင့် ကျေးဇူးတင်ပါသည်။ အဲဒီလမ်းသာ ပွင့်မနေလျှင် 'မြို့ခို' ဖို့ လမ်းပဲ ပွင့်နေတော့မည်။ တပါတည်း ဆက်ပြီး အာမခံလိုသည်မှာ ကိုယ့်အချင်းချင်းအပေါ် 'ထရိုဂျင်မြင်း'(Trojan Horse) ပရိယာယ် ဘယ်တော့မှသုံးမှာ မဟုတ်ပါ။ ။

# 'ခွဲထွက်ရေး' ကို စာနာတယ် ဒါပေမဲ့ မထောက်ခံဘူး

**"အင်္ဂလိပ်အခက် ဗမာ့အချက်" ဆိုပြီး ဗမာက လွတ်လပ်ရေး ယူခဲ့တာကို ပုံတူကူးပြီး ......**

(၁)

ဒီသဘောထားဟာ ၁၉၄၈ ခုနှစ် လက်နက်ကိုင် တိုက်ပွဲ **A/S** မဖြစ်မီကတည်းက ဗကပ ရဲ့ သဘောထားပါ။ **A/S** ဖြစ်တော့ ဒီသဘောထားကြောင့်ပဲ အချင်းချင်း လက်နက်ကိုင် ပဋိပက္ခ ဖြစ်ခဲ့ရပါတယ်။ အချင်းချင်းတိုက်တာ မကောင်းပါဘူး။ ဒါကို အားလုံးသိပါတယ်။ ဒါပေမဲ့ အတွေးအခေါ်ချင်းက ပဋိပက္ခ ဖြစ်နေတော့ သတိလက်လွတ် ဖြစ်တဲ့အချိန်မှာ အချင်းချင်း တိုက်မိကြပါတယ်။

ရန်သူကလည်း ဒါကို အသုံးချပါတယ်။ အမြတ်ထုတ်ပါတယ်။ စစ်ဗိုလ်တွေ နိုင်ငံရေးလုပ်နေတာဖြစ်လို့ နိုင်ငံရေးကို စစ်ရေးအမြင်နဲ့ ပိုပြီးလုပ်တတ်ပါတယ်။ နဝတ/နအဖ ကျမှ အသုံးချတာ၊ အမြတ်ထုတ်တာ မဟုတ်ပါဘူး။ အစောကြီး ကတည်းက အသုံးချ၊ အမြတ်ထုတ်တာပါ။

စစ်တိုက်တဲ့အခါမှာ ဘယ်ရန်သူကို အဓိက ဦးတည် တိုက်မလဲ၊ ဘယ်ရန်သူကို ထိန်းထားမလဲဆိုတာ ဆုံးဖြတ်ရတယ်။ ဦးတည်ရန်သူကို တိုက်နေချိန်မှာ ဦးတည်ရန်သူကို သင်းကွဲ ဖြစ်အောင် တသီးတခြားဖြစ်အောင် လုပ်တဲ့နည်းသုံးပါတယ်။

ဗကပ က ဦးတည်ရန်သူ ဖြစ်နေတုန်းကဆိုရင် "အိမ်စောင့်ခေတ်" မှာ မဆလ ခေတ်မှာ အဲဒီနည်းလုပ်ခဲ့တယ်။ နဝတ/နအဖ ခေတ်ရောက်တော့ ဗကပ က ဦးတည်ရန်သူ မဟုတ်တော့ဘူး။ ဦးတည်ရန်သူ ပြောင်းသွားပြီ။ ဒီအခါမှာ ဗကပ က ကိုယ်ကဘယ်နည်းနဲ့မှ ရန်သူ့အသုံးချ မခံရဖို့ စဉ်းစားပါတယ်။

ဒါကြောင့် ဒီမိုကရေစီအင်အားစုတွေ (ပြည်တွင်း၊ ပြည်ပ) ကို မဝေဖန်မိအောင်၊ ထိုးနှက်သလို မဖြစ်အောင် ရှောင်တယ်။ ကိုယ့်ကိုမကောင်း ပြောနေတာတွေကို မသိချင်၊ မကြားချင်ယောင်ဆောင်တယ်။ သူတို့လုပ်လို့ စစ်အစိုးရ ပြုတ်ကျလည်း ကောင်းတာပဲ။ ကိုယ်က နှစ်ပေါင်းများစွာ လုပ်ခဲ့တာပဲ။ အောင်မြင်မှုမရဘူးလို့ သဘောထားပြီး ရှောင်နေတာပါ။

ဒါပေမဲ့ အမေရိကန်ရဲ့ အီရတ်စစ်ပွဲ ဖြစ်တဲ့ကာလ ကျတော့ ကိုယ်ကရှောင်ချင်ပေမယ့် ရှောင်မရအောင် ဖြစ်လာတယ်။ ဒါကြောင့် စိတ်မချမ်းမသာနဲ့ တုံ့ပြန်ရတယ်။

အဲဒီလိုဖြစ်တာ ဗကပ က အတွေးအခေါ် ပြောင်းသွားလို့ မဟုတ်ဘူး။ တဖက်က အတွေးအခေါ် ပြောင်းသွားလို့ပါ။ ပြည်တွင်း ဇောင်းပေးရေး လမ်းစဉ်ကနေ သွေဖီသွားလို့ပါ။ ဗကပ ကိုပါ "ကယ်တင်ရှင်မျှော်ရေး အတွေးအခေါ်" အတွက် သူခိုးသေဖော်ညှိ လာလို့ပါ။ ရိုးရိုးညှိတာလည်း မဟုတ်ပါဘူး။ ရိုးရိုးညှိတာဆိုရင် ငြင်းကြ ခုန်ကြပြီးရင် ပြီးသွားမှာပါ။ အခုတော့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် ခေတ်ကုန်သွားပြီ ဗကပ ဆိုင်းဘုတ် ဖြုတ်ပါတော့လား။ ကွန်မြူနစ်နာမည် မခံပါနဲ့တော့လို့ အမေရိကန်အားကိုးနဲ့ စော်ကားတယ်။ ဒါကြောင့် ဒီအတွေးအခေါ်ကို နှစ်ဦးမှာပဲ (ပြည်တွင်း၊ ပြည်ပ) ကြားကြားသမျှသိအောင် ဗကပ ရဲ့ သဘောထားကို ထုတ်ပြန်လိုက်ရတာပါ။

(၂)

"ခွဲထွက်ရေး (သို့မဟုတ်) လွတ်လပ်ရေး အရယူရေး" အတွေးအခေါ်ဟာ သူ့အလိုလိုပေါ်တာ မဟုတ်ပါဘူး။ ဗမာလူမျိုးကြီးဝါဒရဲ့ ဖိနှိပ်မှုတွေ၊ စော်ကားမှုတွေ ခံရလွန်းလို့ပေါ်တာပါ။ ဒါကြောင့် စာနာတယ်။ သူတို့ရဲ့လုပ်နည်း တချို့ကို 'ဗကပ' က ထောက်ခံနိုင်သမျှ ထောက်ခံခဲ့တယ်။ ကူညီနိုင်တာမှန်သမျှ ကူညီခဲ့တယ်။ ပါးစပ်ပြောချည်း မဟုတ်ပါဘူး။ ဒါကို SSIA, KIA စသဖြင့် အားလုံးသိကြပါတယ်။ ဒီအဖွဲ့အစည်းတွေမှာ (I) ဆိုတာတွေ ပါနေတာဟာ BIA က (I) ကို အတုယူတာပါ။

(I) ကို ဖြုတ်ပေးပါလို့ သူတို့ကို ဗကပ က ဘယ်တုန်းကမှ မပြောခဲ့ပါဘူး။ ကူညီနိုင်တာ ကူညီတာပါပဲ။ SSIA က SSA ပြောင်းသွားတာဟာ သူတို့စိတ်ကူးနဲ့ သူတို့ပြောင်းတာပါ။

"အင်္ဂလိပ်အခက် ဗမာ့အချက်" ဆိုပြီး ဗမာက လွတ်လပ်ရေး ယူခဲ့တာကို ပုံတူကူးပြီး "ဗမာအခက် တို့အချက်" လို့ လုပ်ကြရင် အန္တရာယ် သိပ်များလို့ "ခွဲထွက်ရေး"ကို မထောက်ခံတာပါ။

ရှမ်းပြည်ခွဲထွက်နိုင်ပြီ ဆိုပါတော့ တခြားလူမျိုးစုတွေကိုပါ ခွဲထွက်ရေး ရောဂါ ကူးစက်ပြီး ရှမ်းပြည်ရှိ လူမျိုးတိုင်းက ခွဲထွက်ချင်ကြမှာပါ။ ပြီးတော့ နယ်မြေ သူပိုင်ကိုယ်ပိုင် အငြင်းပွားမှုတွေက မီးထတောက်မှာပါ။ ကိုယ့်လူမျိုး မဟုတ်သူတွေကို အပြန်အလှန် နှင်ထုတ်ကြမှာပါ။

ဒါကြောင့် "ခွဲထွက်ရေး နည်းနာ" ကို မထောက်ခံနိုင်တာ ဖြစ်ပါတယ်။

**ရှမ်းပြည်ခွဲထွက်နိုင်ပြီ ဆိုပါတော့ တခြားလူမျိုးစုတွေကိုပါ ခွဲထွက်ရေးရောဂါ ကူးစက်ပြီး ရှမ်းပြည်ရှိ လူမျိုးတိုင်းက ခွဲထွက်ချင်ကြမှာပါ**

(၃)

ဗမာပြည်က နအဖ အရေးကြောင့်တော့ အမေရိကန်ကလည်း ဝင်တိုက်မှာ မဟုတ်ပါဘူး။ တရုတ်ကို ရန်ရှာချင်မှ ဝင်တိုက်ကောင်း တိုက်မှာပါ။

စစ်အစိုးရ ပြုတ်ကျရေးကို အားပေးချင်ရင် ABSDF ကို ဟိုတုန်းက လက်နက်ကူညီခဲ့မှာပေါ့။ လက်နက်တသောင်းမရ တထောင်ပဲရရင် နဝတ ပြုတ်ကျသွားနိုင်တယ်။ တပ်မတော်ထဲက အင်အားစုတွေ ဘက်ပြောင်းလာမှာ မို့ပါ။

အမေရိကန်က အခုမှတိုက်မယ် မထင်ပါဘူး။ အမေရိကန်က တိုက်မယ်လို့ပြောတာ မကြားရပါဘူး။ ကိုယ့်လူတွေက ထင်ကြေးပေးနေတာပါ။

တရုတ်နဲ့ကလည်း ထိုင်ဝမ်ပြဿနာကြောင့်သာ ထိပ်တိုက်တွေ့ချင် တွေ့မယ်။ ဗမာပြည်တွင်းအတွက်တော့ မတွေ့ပါဘူး။

"မျှော်တဲ့အတွေးအခေါ် " ကို ဆန့်ကျင်ချင်လို့သာ အမေရိကန် ဝင်တိုက်မတိုက် ကိစ္စကို 'ဗကပ' က အရေးလုပ် ပြောနေတာပါ။ အင်အားကြီးတွေ အချင်းချင်း စစ်တိုက်တယ်ဆိုတာ လွယ်လွယ်ဖြစ်တတ်တာ မဟုတ်ပါဘူး။

မျှော်တဲ့အထဲမှာ ခွဲထွက်ချင်သူတွေက ပိုမျှော်ကြတယ်။ အကျိုးကျေ့ာ ခံရရင် 'ဗမာ့အခက်'က ပိုကြီးလာမှာ ဖြစ်လို့ပဲ။

(၄)

လူမျိုးစု မိတ်ဆွေတွေကို ဗကပ အာမခံထားပါတယ်။ စစ်အုပ်စု၊ စစ်အာဏာရှင် စနစ်၊ စစ်အစိုးရ (စစ် ၃ စစ်) ကို သွေးချောင်းစီးမျှ တိုက်ခဲ့တဲ့ ဗကပ က အဲဒီ (စစ် ၃ စစ်) တည်မြဲဖို့ ဘယ်တော့မှ သွေးတစက် အကျခံမှာ မဟုတ်ပါဘူး။

********************

# "ညောင် ၂ ပင်" ဖြိုးလှောင်

## အာဏာကိုလုပ်ကြမလဲ

**"၁၃၀၀ ပြည့်အရေးတော်ပုံ" ပေါ်ပြီးနောက် မကြာခင်တွင် BIA တပ်မတော် ပေါ်သည်။ ခေတ်မီအမျိုးသား တပ်မတော်ပေါ်ပေါက်ရေး ရည်ရွယ်ချက် အခြေခံအားဖြင့် အောင်မြင်သည်။ နောက်ဆက်ပြီး BIA မှ BDA, PBF သို့ အလျင်အမြန် ကူးပြောင်းသွားအောင် လုပ်နိုင်သည်။ ဘာကြောင့်လုပ်နိုင်သလဲ။**

နိုင်ငံတကာ့ အခြေအနေနှင့် လိုက်လျောညီစွာ နိုင်ငံရေးလမ်းစဉ်ကို ပြုပြင်ပြောင်းလဲသွားနိုင်၍ ဖြစ်သည်။ နိုင်ငံရေးလမ်းစဉ် မှန်ကန်လျှင် အောင်ပွဲရစမြဲ။

BIA ကို သူ့မွေးရာပါ ဗီဇအတိုင်းထားပြီး မပြောင်းလဲလျှင် ဘာဖြစ်မလဲ။ ဂျပန်ဖက်ဆစ်စစ်တပ်နှင့် အတူ စစ်ရှုံးမည်။ စစ်တရားခံတွေအဖြစ် ခေါင်းဆောင်များ 'တရားခွင်'တက်ရမည်။ အပြစ်ပေးခံရမည်။ (ဗိုလ်အောင်ဆန်းကို လူသတ်မှုနှင့် တရားစွဲဖို့ အင်္ဂလိပ်က လုပ်တာ သတိပြုပါ)

BIA မှ PBF သို့ အလျင်အမြန် ပြောင်းလဲနိုင်ခြင်းသည် နိုင်ငံတကာ့ အခြေအနေကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ပြီး မှန်ကန်သည့် လမ်းစဉ်ချမှတ်နိုင်၍ ဖြစ်ပါသည်။

(၈၈၈၈) နောက်ပိုင်းတွင် မိမိတို့လည်း တပ်မတော်ဖွဲ့ကြပါသည်။ သို့သော် ရည်မှန်းချက် မပေါက်မြောက်ခဲ့ပါ။ ဘာကြောင့်လဲ။ နိုင်ငံတကာ့ အခြေအနေကြောင့် ဖြစ်သည်ဟု သုံးသပ်ပါသည်။

ဖြစ်စဉ်ကို အနည်းငယ် တင်ပြပါမည်။ ထိုင်းနယ်စပ်တွင် ABSDF ဖွဲ့သည်။ တရုတ်ပြည်နယ်စပ်တွင် DPA ဖွဲ့သည်။ [ဗကပ ဗဟို၏ စီမံကိန်းမှာ ABSDF သို့ လက်နက်တသောင်း ကူညီဖို့၊ ပြည်တွင်း ရောဝတီမြစ်တကြောမင်းဝံတောင်တန်းမှ ပဲခူးရိုးမတလျှောက် မြစ်ဝကျွန်းပေါ်အထိ ကျောင်းသားတပ်မတော်၏ ပြောက်ကျားအခြေခံ စခန်းများ (လွတ်မြောက်ဒေသ (LA) စစ်စစ်၏ အမြုတေများ) တည်ဆောက်ဖို့ ဖြစ်သည်။ DPA ကို ABSDF နှင့် ပူးပေါင်းလိုက်ဖို့ ဖြစ်သည်။]

ထိုစီမံကိန်းမှာ ပုခက်တွင်းမှာပင် လည်မျိုညှစ်အသတ်ခံရသည်။ သတ်သူမှာ ဗကပ ထဲက စီမံကိန်းလက်မခံသူများ ဖြစ်သည်။ သူတို့တတွေ ခွဲထွက်ကြသည်။ ဤသို့ဖြစ်သည်မှာလည်း နိုင်ငံတကာ့ အခြေအနေ ပြောင်းသွားလို့ ဖြစ်သည်။ ဆိုဗီယက်ယူနီယံ ကျဆုံးတော့မည်။ စစ်အေးခေတ် ကုန်ဆုံးတော့မည်ဆိုတာ မိမိတို့ သိပါသည်။ တရုတ်ပြည်ကလည်း ၁၉၇၀ ပြည့်လွန် နှစ်များကတည်းက (ဉက္ကဌမော် ရှိစဉ်ကတည်းက) စစ်အေးတိုက်ပွဲတွင် နေရာယူမှုအသစ် လုပ်ထားပြီး ဖြစ်သည်။ ဆိုဗီယက်နှင့် လမ်းခွဲလိုက်ပြီး အမေရိကန်နှင့် လက်တွဲထားသည်။ (ကမ္ဘောဒီးယားစစ်ပွဲ၊ အာဖဂန်စစ်ပွဲများကို ကြည့်ပါ) ထိုသို့သောအခြေအနေတွင် တရုတ်ပြည်က ဗမာပြည်အတွင်း၌ အမြန်ဆုံးတည်ငြိမ် စေချင်သည်။ ငြိမ်းချမ်းစေချင်သည်။ ဒါအလွန်သဘာဝကျပါသည်။

သဘာဝမကျတာက 'ဗကပ' ဖြစ်သည်။ 'ဗကပ' က တရုတ်ပါတီကို မှီခိုနေရတာ ကြာပြီ။ နှစ် ၂၀ ရှိပြီ။ သောင်းဂဏန်းချီပြီးရှိသော စစ်တပ်၏ နေ့စဉ်စားဝတ်နေရေးသာမက စစ်တိုက်ရေးအတွက်ပါ အစစအရာရာ မှီခိုနေရသည်။ ဗကပ ၏ ကိုယ့်အားကိုယ်ကိုးရေး အခြေခံ ပျက်နေတာ ကြာပြီ။ နှစ် ၂၀ ရှိလည်း နို့သက်ခံစို့နေသည့် ဗကပ ၏ အနာဂတ် အလားအလာအပေါ် အကောင်း မမြင်ကြတော့တာ မဆန်းလှပါ။ မိမိတို့ကလည်း 'မှီခိုသူဘဝ'ကို သာယာနေမိသည်။ ဤသို့ဖြင့် 'မှီခိုသူ့ဒုက္ခ'က အထွတ်အထိပ်သို့ ရောက်သွားတော့သည်။ မိမိအင်အားစုများ ခွဲထွက်တော့ လက်နက်ကိုင်တိုက်ပွဲ A/S လုပ်နေသည့် ပါတီအဖြစ်မှ မြေအောက် U/G ပါတီအဖြစ်သို့ ချက်ချင်းပြောင်းရသည်။ [နဝတ/နအဖ က NLD ကို အနိုင်ကျင့်ချင်တိုင်း ကျင့်ခွင့်ရသွားတာ (ဒါကလည်း အကြောင်းတခု) ဖြစ်သည်။]

တိုက်ဖော်တိုက်ဖက် ABSDF ၏ ဖြစ်စဉ်ကို ကြည့်လျှင်လည်း နိုင်ငံတကာ့ အခြေအနေကပင် အစွမ်းပြသွားပြန်သည်။ လက်နက်ကိုင်တိုက်ပွဲ A/S တိုက်ဖို့ အမေရိကန်၊ ထိုင်းတို့က အားမပေးပါ။ "အကြမ်းမဖက်ရေး"၊ "တော်လှန်ရေး

မလုပ်ရေး” ဆေးခါးကြီးပဲ အတင်း အတိုက် ခံရသည်။ ဒါကလည်း စစ်အစိုးရကို အကျပ်ကိုင်ပြီး သူ့တပည့်ဖြစ်လာစေဖို့ ပေါ်လစီသာ ဖြစ်သည်။ A/S ဆင်းသူများ နိုင်ငံရေးအန်တုမှုပဲ လုပ်ခွင့်ရှိသည်။ ဥပဒေပ (Extra - legal) တွင်နေပြီး ဥပဒေတွင်း (Legal) အဖွဲ့အစည်း၏ တာဝန်ယူရခြင်းသည် ကမောက်ကမနိုင်လှသည်။ ဥပဒေတွင်း NLD က လုပ်လျှင်ကား သဘာဝ

## မိမိတို့ ယခုရှာရမည့် “လမ်းစဉ်သစ်” ဆိုသည်မှာ ဒီမိုကရေစီ တော်လှန်ရေးအောင်ဖို့ ရည်ရွယ်ရပါမည်

ကျသည်။ ဥပဒေပပါတီ အဖွဲ့အစည်းက လုပ်လျှင် သဘာဝမကျ။

ဤသို့ဖြင့် တိုက်ဖော်တိုက်ဖက်များလည်း (သူ့နည်းနှင့်သူ) ‘မှီခိုသူ့ဒုက္ခ’ တွေ့ရသည်။ ဗမာပြည်၏ လွတ်မြောက်ဒေသ (LA) ဆိုတာက ဗမာပြည်ထဲမရှိ။ ကြာလေ ဗမာပြည်နဲ့ဝေးလေ ဖြစ်ရတော့သည်။

(၈၈၈၈) မတိုင်မီက လှုပ်ရှားတက်ကြွသူများ တောခိုလျှင် ရန်ကုန်တိုက် က ရဲဘော်များဆိုလျှင် ပဲခူးရိုးမ၊ မြစ်ဝကျွန်းပေါ် ကျေးလက်သို့ သွားကြသည်။ မန္တလေးတိုက်ကဆိုလျှင် နောင်ချို၊ အင်းလေး၊ မိုးကုတ်သို့ သွားကြသည်။ ဝေးဝေးလံလံ မသွားရပါ။ မြို့ကနေ ကျေးလက်သို့ မိမိနှင့် မစိမ်းသော ကျေးလက်သို့ ပြောင်းရွှေ့ခြင်းမျှသာ ဖြစ်သည်။ စိမ်းနေသည့်လူထုထံ သွားခြင်း မဟုတ်ပါ။ မြို့ပေါ်နှင့် အဆက်မပြတ်ခဲ့ပါ။ အိမ်ဦးနှင့် ကြမ်းပြင် ဝင်လိုဝင် ထွက်လိုထွက် လုပ်လို့ရပါသည်။

ဤအားသာချက်ကြောင့်ပင် (၈၈၈၈) လူထုအုံကြွမှုကို တစက်မှ တမျက်နှာသို့ ဖြန့်နိုင်ခဲ့တာ ဖြစ်ပါသည်။

(၂)

နိုင်ငံတကာ့အခြေအနေနှင့် လိုက်လျောညီသော လမ်းစဉ်ကို မိမိတို့ရှာရပါမည်။ သို့မှသာ ဗမာပြည်ဒီမိုကရေစီ တော်လှန်ရေးကို အောင်ပွဲရသည်အထိ တွန်းတင်သွားနိုင်ပါလိမ့်မည်။

ကုလသမဂ္ဂ (UN) ဆုံးဖြတ်ချက်သည် နိုင်ငံတကာ့ဆန္ဒ ဖြစ်ပါသည်။ ထိုဆန္ဒပြည့်ဝစေဖို့လည်း မိမိတို့ ဥပဒေတွင်း၊ ဥပဒေပ ပါတီများ အားထုတ်နေတာ ကြာပါပြီ။

ဝါရင့်နိုင်ငံရေး ခေါင်းဆောင်ကြီးများလည်း စစ်အစိုးရကို အလီလီပန်ကြားခဲ့ပါသည်။ ပန်ကြားရင်းပင် ဝါရင့်ခေါင်းဆောင်ကြီးများ တဖြုတ်ဖြုတ် ကြွေနေပါပြီ။ NLD ခေါင်းဆောင်ကြီးများ လည်း ဝါရင့်များပင် ဖြစ်ပါသည်။ NLD မျိုးဆက်သစ်များသို့ ခေါင်းဆောင်မှုတာဝန် လက်ဆင့်မကမ်းနိုင်မီ ကြွေတဲ့အထဲ ပါသွားမှာ စိုးရိမ်ပါသည်။

SPDC ကတော့ UN ဆုံးဖြတ်ချက်ကို လိုက်နာဖို့မပြောနှင့် UN ကိုယ်စားလှယ်ကိုပင် ဝင်ခွင့်မပေးပါ။ ‘ညောင် ၂ ပင်’ ဇွတ်တိုးလုပ်နေသည်။ လမ်းပြမြေပုံ (RM) အောင်မြင်လျှင် ဘယ်သူက ဘာရာထူးယူမလဲဆိုတာ အတွက် ‘ဗိုလ်ချုပ်စားခွက်လုပွဲ’ ခြိမ့်ခြိမ့်သဲ ကျင်းပနေကြသည်။ ငကန်းသေပြီး ငစွေတွေ ပေါ်နေပြီ။

ASEAN ကလည်း (ဗမာပြည်အတွက်ဆိုလျှင်) နိုင်ငံတကာ့အခြေအနေ ဖန်တီးသူဖြစ်ပါသည်။ သူ့အပေါ် မျှော်လင့်ချက် မထားပါ။ ASEAN ပေါ်လာပုံ၊ ပြောင်းလဲလာပုံကို ကြည့်လျှင် သူဘာလုပ်မလဲ ဆိုတာကို သိနိုင်ပါသည်။ ASEAN ထဲတွင် ဗမာပြည်၏ အိမ်နီးချင်းက ထိုင်းနှင့် လာအိုပဲ ရှိသည်။ လာအို က ဗမာပြည်အရေး ဘယ်တုန်းကမျှ ဝင်မစွက်ဖူးပါ။ ထိုင်းကတော့ သမိုင်းနှင့်ချီပြီး ဝင်စွက်လေ့ ရှိပါသည်။ ကြိုတင် စဉ်းစားထားသင့်ပါသည်။

(၃)

နိုင်ငံတကာ့အခြေအနေကို ပုံချနေခြင်း မဟုတ်ပါ။ မိမိတို့က အခြေအနေနှင့် လိုက်လျောညီစွာ မည်သို့မည်ပုံ လမ်းစဉ်သစ် ရှာမလဲ ဆိုတာကို တင်ပြနေခြင်း ဖြစ်ပါသည်။ အခြားသော သဘောကိုက်ညီသည့် ပါတီအဖွဲ့အစည်းများနှင့် လက်တွဲကာ “ဒီမို ၂၀၀၆” ကို (ထီးရိပ်အဖြစ်ထားကာ) ဗကပ က လုပ်နေပါသည်။ မြေအောက် UG နည်းဖြင့် လူထုကို လှုံ့ဆော်စည်းရုံးနေပါသည်။

“ဒီမို ၂၀၀၆” သည် လမ်းစဉ် မဟုတ်ပါ။ လမ်းစဉ်၏ အကိုင်းအခက်မျှသာ ဖြစ်ပါသည်။ NLD ၏ လမ်းစဉ်ကို မိမိနည်း မိမိတာကနေပြီး ပံ့ပိုးခြင်း ဖြစ်ပါသည်။ စေ့စပ်ဆွေးနွေးပွဲ ဖြစ်လာစေဖို့ပဲ ဒီမို ၂၀၀၆ က ရည်ရွယ်ပါသည်။

မိမိတို့ ယခုရှာရမည့် “လမ်းစဉ်သစ်” ဆိုသည်မှာ ဒီမိုကရေစီ တော်လှန်ရေး အောင်ဖို့ ရည်ရွယ်ရပါမည်။

- စေ့စပ်ဆွေးနွေးပွဲ မဖြစ်ခဲ့သော်
- NLD ကို မလှုပ်နိုင်အောင် ဖိနှိပ်ခံထားရသော်
- ‘ညောင် ၂ ပင်’ ပြီးဆုံးသွားခဲ့သော်
- ကုလသမဂ္ဂ က အစွမ်းအစ မပြနိုင်သော်

အဲဒီလို ခဲ့သော်တွေကို စဉ်းစားပြီး ကြိုတင်ကာ “လမ်းစဉ်သစ်” ရှာဖို့ ဖြစ်ပါသည်။

# မှားတဲ့အတွေးအခေါ်များ

- အခုတလော အတွေးအခေါ်တွေ အများကြီးတင်တာ တွေ့ရတယ်။ အားလုံးလောက်က ပြည်ပကချည်းပဲ။ ပြည်တွင်းကဆိုရင် *NLD* နဲ့ မပတ်သက်သူ တဦးစ နှစ်ဦးစပဲ ရှိတယ်။
- ပြောသူ၊ ရေးသူတွေက 'ကယ်တင်ရှင်မျှော်ရေး' အတွေးအခေါ်ကို ပုံစံအမျိုးမျိုးနဲ့ တင်နေတာပဲ။ သူတို့အားလုံးရဲ့ တူညီတဲ့ သဘောထားက *NLD* ရဲ့ ခေါင်းဆောင်မှုကို ပစ်ပယ်တာပဲ။ စစ်ဘုရင်စကားနဲ့ ပြောရရင် ဘုရင်မက အပ်ကွက် **(pin)** ဖြစ်နေပြီး ***NLD*** ဗဟို ***(CEC)*** ဘုရင်ကြီးက မြင်းတစီး၊ ခေးတလက်နဲ့ ကိုယ့်ကိုယ်ပိုင် အကွက်ထဲမှာပဲ လှည့်ပတ်တိမ်းရှောင်နေရတာကို အခွင့်ကောင်းယူပြီး ရေးကြပြောကြတာဟာ တရားမျှတတဲ့ နိုင်ငံရေးလုပ်နည်း မဟုတ်ပါဘူး။
- 'ကယ်တင်ရှင်မျှော်ရေး' အတွေးအခေါ်တင်သူတွေက အမေရိကန်က အီရတ်မှာ လုပ်သလို ဗမာပြည်မှာ လာလုပ်လှည့်ပါလို့တော့ မပြောတော့ဘူး။ ဟေတီမှာ လုပ်သလို၊ ပနားမားမှာ လုပ်သလိုလုပ်ဖို့ ပြောတာ တွေ့ရတယ်။ ဒါဟာ နိုင်ငံတကာ့ဗဟုသုတမရှိတဲ့ အတွေးအခေါ်ပဲ။ တရုတ်၊ အိန္ဒိယ၊ *ASEAN* တြိဂံရဲ့ ဗဟိုချက်မမှာရှိတဲ့ ဗမာပြည်ကို အလယ်အမေရိကတိုက်မှာ လုပ်သလိုလုပ်လို့ မရဘူးဆိုတာ မသိလေရော့သလား။
- တချို့အတွေးအခေါ်ကတော့ နိုင်ငံတကာ့ဗဟုသုတ တစုံတရာရှိတယ်လို့ ပြောနိုင်တယ်။ ဒါပေမဲ့ သူစိမ်းဆန်လွန်းတယ်။ သူတို့က တရုတ်ပြည်ကို ဦးတည်တိုက်ဖို့အတွက် ဗမာပြည်ကို စစ်မြေပြင်အဖြစ် သုံးဖို့အထိ ရေးတယ်။ ဗိုလ်တကာ့ဘုရင် အမေရိကန်နဲ့ ရေရှည်စစ်ဝိဇ္ဇာ တရုတ်တို့ကြားမှာ တိုင်းပြည်ပျက်မှာကို မတွက်လေရော့သလား။
- ပြည်တွင်းလူထုကို ဦးတည်ပြီး ပြောတာ၊ စည်းရုံးတာ မရှိဘူး။ ပြည်ချစ်ဝါဒ တစက်ကလေးမှ မရှိသူတွေနဲ့လည်း စည်းခြားရမှာပါ။

# အတိတ်ကိုအတိတ်မှာထားခဲ့ပြီး

## ပစ္စုပ္ပန်နဲ့အနာဂတ်အတွက်ပဲ လုပ်ကြပါစို့

**အတိတ်အကြောင်းတွေ ပြောခဲ့တာ များပါပြီ။ အခုတော့ ပစ္စုပ္ပန်အကြောင်း အနာဂတ်အကြောင်းပဲ ပြောပါမယ်။ ပြည်တွင်းပြည်ပ အခြေအနေတွေက တင်းမာလွန်းပါတယ်။**

အတိတ်အကြောင်းချည်း ပြောနေရမယ့် အချိန် မဟုတ်ပါဘူး။

ပြည်ပက အင်အားကြီးတွေရဲ့ ကလပ်မှာ ဘာလုပ်ကြမလဲ၊ ဘာဖြစ်ကြမလဲဆိုတာက ကြီးမားကျယ်ပြန့်လွန်းပါတယ်။ ကျွန်တော်တို့ လက်လှမ်းမမီလို့ မပြောတော့ပါဘူး။ အတွေ့အကြုံတွေအရ ပြောရရင်တော့ ကိုယ်စီအကျိုးစီးပွားကို အဓိကထားကြမှာပါ။ အကျိုးစီးပွား တထပ်တည်းကျနေတဲ့ နှစ်နိုင်ငံရယ်လို့ ကမ္ဘာမှာ မရှိဖူးပါဘူး။ သူ့ဒုက္ခ ငါက မျှဝေခံမယ်ဆိုတာ မရှိပါဘူး။ ဒုတိယကမ္ဘာစစ်တုန်းက ဖက်ဆစ်စပိန်နဲ့ ဖက်ဆစ်ပေါ်တူဂီတို့ဟာ ဖက်ဆစ်ဂိုဏ်းဘက်က ဝင်မတိုက်ပါဘူး။ ကြားနေပါတယ်။ ASEAN ဘာလုပ်မလဲ၊ ထိုင်းဘာလုပ်မလဲ အချိန်ကုန်ခံ စဉ်းစားမနေပါဘူး။ သူတို့ရဲ့ အကျိုးစီးပွားကိုပဲ ဦးထိပ်ထားကြမှာ သေချာပါတယ်။

ဒါကြောင့် ပြည်တွင်းရေးသက်သက်ပဲ ပြောမှာပါ။ အားလုံးသို့ တင်ပြတဲ့သဘောပါ။

ကျွန်တော်တို့ ပါတီရဲ့ မျိုးဆက်ဟောင်း – အခု သုံးနေတဲ့ ဝေါဟာရ အရဆိုတော့ ‘ဝါရင့်’ပေါ့။ သူတို့က ဗိုလ်ခင်ညွန့် အရာကျသွားတော့ ပန်ကြားချက်တခု ထုတ်ပါတယ်။ “အတိတ်ကို အတိတ်မှာထားခဲ့မည်” လို့ ပြောပါတယ်။

ကျွန်တော်တို့ မျိုးဆက်သစ်ကတော့ “အတိတ်ကို အတိတ်မှာ ထားခဲ့ချင်သည်။” လို့ပဲ ထုတ်ပြန်ပါတယ်။ ကျွန်တော်တို့ နည်းနည်း ကွန့်ထားရတာက ‘ဝါရင့်’ တွေဘဝနဲ့ ကျွန်တော်တို့ဘဝ မတူလို့ပါ။ သူတို့က BIA, BDA, PBF နဲ့ တစည်းတလုံးတည်းရှိတဲ့ ဖဆပလကို ဖြတ်သန်းခဲ့ဖူးပါတယ်။ အဲဒီဘဝမျိုး ကျွန်တော်တို့ မျိုးဆက်သစ် မရှိခဲ့ဖူးပါဘူး။ ဒါကြောင့်ပါ။

ကျွန်တော်တို့က ဗမာပြည်သားအချင်းချင်း ဖြစ်တာလောက်ပဲ တူတာရှိလို့ အချင်းချင်းလို့ သုံးနိုင်ပါတယ်။ ဒါပေမဲ့ သုံးရမှာ ဝန်လေးပါတယ်။

ကျွန်တော်တို့ ပြောတဲ့ အတိတ်ဆိုတာ ၁၉၃၉ ကစပြီး အခုအထိ ဖြစ်ပျက်ခဲ့တာတွေကို ပြောတာပါ။ ကမ္ဘာစစ်ကြီး မဖြစ်ခင်က အတိတ်၊ စစ်ကြီးအတွင်းက အတိတ်၊ ပြည်တွင်းစစ်အတွင်းက အတိတ်၊ ကုန်ကုန်ပြောရင် ဗိုလ်ထွန်းကြည်၊ ဗိုလ်ကျော်ဘ၊ ဗိုလ်မျိုးညွန့်တို့ (နဝတ) နဲ့ အတိတ်၊ ဗိုလ်ခင်ညွန့် ထောက်လှမ်းရေးဂိုဏ်းနဲ့ အတိတ်၊ အဲဒီ အတိတ်တွေကို ပြောတာပါ။

ဘာကြောင့် အတိတ်ကို ထားခဲ့ချင်တာလဲ။ ဖက်ဆစ်တပိုင်း အခြေခံဥပဒေ မပေါ်အောင် စုစုစည်းစည်း တိုက်ပွဲဝင်ချင်လို့ပါ။ အတိတ်ကို မေ့လိုက်ဖို့ မပြောပါဘူး။ ထားခဲ့ပါလို့ ပြောပါတယ်။

တင်ပြချင်တာ စပါမယ်။

သန်းရွှေ စစ်အုပ်စုဟာ အလျှော့ပေးမယ့်ပုံ မပြပါဘူး။ လမ်းပြမြေပုံ (RM) ကို အဆုံးအထိလုပ်ဖို့ ပိုင်းဖြတ်ထားပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ဘက်က လျှော့ပေးဖို့ ပြောသံကြားရပါတယ်။ ဘာတွေ လျှော့မှာလဲ။ ကျွန်တော်တို့ စဉ်းစားကြည့်ပါတယ်။ ပြည်ပအစိုးရတွေကို စည်းရုံးတဲ့ လမ်းစဉ် (လော်ဘီလိုင်း) လုပ်သူတွေက လျှော့ရမှာဆိုရင် တမျိုးဖြစ်မယ်။ ပြည်တွင်း NLD က လျှော့ရမှာဆိုရင် တမျိုးဖြစ်မယ်။ SNLD စတဲ့ တိုင်းရင်းသားတွေကလျှော့ရင် တမျိုး

ဖြစ်မယ်။ 'ငြိမ်းအဖွဲ့' တွေကလျှော့ရင် တမျိုးဖြစ်မယ်။ ဘာတွေ လျှော့ကြမှာလဲ။

လော်ဘီလိုင်းသမားတွေက လျှော့ရင် ဆန္ဒပြတာလျှော့တာ၊ ဒဏ်ခတ်ပိတ်ဆို့ရေး လျှော့တာပဲ ဖြစ်မယ်။ ဒါကလည်း ၁၉၉၀ ရွေးကောက်ပွဲနဲ့ မပတ်သက်သူတွေပဲ လုပ်နိုင်တာဖြစ်တယ်။

ပြည်ပရောက် NLD ထီးရိပ်အောက်တွေက လိုက်လုပ်လို့ မရပါဘူး။ NLD နဲ့ SPDC ကြားက ပြဿနာဟာ DASSK ပြဿနာပဲ။ သူ့ကို NLD က ထုတ်ပစ်ရင် ပြီးတယ်လို့ ပြောသံကြားပါတယ်။ မဟုတ်ပါဘူး။ ၁၉၉၀ ရွေးကောက်ပွဲရလဒ် ပြဿနာကြောင့် ဖြစ်နေရတာပါ။ အဲဒီအောင်ပွဲကို NLD က လျှော့ပေးလိုက်ရင် ပြီးသွားမှာပါ။ NLD တည်ရှိနေတာလည်း အဓိပ္ပာယ်ရှိတော့မှာ မဟုတ်ပါဘူး။ မြေပေါ်အဖွဲ့အစည်း အဆင့်နေရာကို ထိန်းဖို့ DASSK ကို တခုခု (ထုတ်ပစ်တာ၊ အနားပေးတာ) လုပ်ရင်လည်း ပေးရတဲ့ တန်ဖိုးက ကြီးလှပါတယ်။ တစည ပါတီရဲ့ အဆင့်အထိ မိမိကိုယ်ကို လျှော့ချတာပဲ ဖြစ်မှာပါ။ NLD ခေါင်းဆောင်တွေ လုပ်မှာမဟုတ်ပါဘူး။ ကြံ့ခိုင်ပါတယ်။

'ညောင် ၂ ပင်' ကို လျှော့ဈေးနဲ့ တက်တာလည်း လုပ်လို့မဖြစ်ပါဘူး။ တက်ရင် 'ငြိမ်းအဖွဲ့' တွေရဲ့ အဆင့်အထိ NLD ကို လျှော့ချလိုက်တာပဲ ဖြစ်လိမ့်မယ်။ 'ငြိမ်းအဖွဲ့တွေက O/G တပိုင်း U/G တပိုင်းပါ။ သူ့နယ်မှာ သူဗိုလ်လုပ်နေတာပါ။ NLD နဲ့ မတူပါဘူး။ NLD ခေါင်းဆောင်တွေကလည်း လုပ်မှာမဟုတ်ပါဘူး။ ပြတ်သားပါတယ်။

ကျွန်တော်တို့ စိုးရိမ်တာက NLD ခေါင်းဆောင်တွေ ကြံ့ခိုင်ပြတ်သားနေရင် ပြည်ပကဆရာကြီးတွေနဲ့ သူတို့ကို မှီခိုနေရသူတွေက NLD ဆန့်ကျင်ရေး အာဘော် သံပြိုင်လွှင့်လာမှာကို စိုးရိမ်တာပါ။ နအဖ သန်းရွှေစစ်အုပ်စု တအားတက်သွားမှာကို စိုးရိမ်တာပါ။

'ငြိမ်းအဖွဲ့' တွေက ၁၉၉၀ ရွေးကောက်ပွဲရလဒ်လည်း ဘာမှ မပတ်သက်သူတွေပါ။ သူတို့ရဲ့အကျိုးစီးပွားက ၁၉၉၀ ရွေးကောက်ပွဲရလဒ် ထိန်းရေးမဟုတ်ပါဘူး။ 'ရွေးကောက်ပွဲသစ်' လုပ်ရေးပါ။ လမ်းပြမြေပုံ (RM) ကို ဒါကြောင့် ထောက်ခံနေတာပါ။ ရွေးကောက်ပွဲသစ်လုပ်ရင် သူဗိုလ်လုပ်တဲ့ နယ်မှာ သူ့အမတ်တွေပဲနိုင်မှာ သေချာပါတယ်။

NLD ဟာ ၁၉၈၈ အုံကြွမှု နောက်ပိုင်း တည်ထောင်တဲ့ ပါတီ ဖြစ်ပေမယ့် သူက တခြားမျိုးဆက်သစ်ပါတီတွေနဲ့ မတူပါဘူး။ နေဝင်းစစ်အုပ်စုကို ဆန့်ကျင်တဲ့ မျိုးချစ်ပြည်ချစ် တပ်မှူးကြီးဟောင်းများ ပါတီပါ။ သူတို့လည်း ဝါရင့်တွေပါ။ မျိုးဆက်သစ် ခေါင်းဆောင်ထဲကဆိုရင် DASSK တယောက်ပဲ အခုတော့ NLD ထဲမှာ ကျန်နေတာပါ။ SPDC က DASSK ကို လွှတ်မပေးဝံ့တာဟာ NLD မျိုးဆက်သစ် ခေါင်းဆောင်စုကို သူက မွေးမြူပေးနေမှာ စိုးလို့ပါ။

မျိုးဆက်သစ်သို့ လက်ဆင့်ကမ်းတဲ့အလုပ် ဗကပ လုပ်ပြီးပါပြီ။ SPDC လုပ်နေတယ်။ NLD မလုပ်ရသေးပါဘူး။ ကျွန်တော်တို့ စိုးရိမ်ပါတယ်။

မျိုးဆက်ဟောင်း (ဝါရင့်) တွေဟာ နောက် ၁၀ နှစ်ဆိုရင် သဘာဝ မိခင်ခေါ်လို့ သိပ်ကျန်မှာ မဟုတ်ပါဘူး။ အသက် ၉၀ ကျော် တရာတန်း ကျန်းကောင်းကျန်ရာ ရှိရင်လည်း သစ်ပင်တပင်ရဲ့ အသက်ရှင်မှုမျိုး အိုမင်းမစွမ်း ဖြစ်နေမှာပါ။

မျိုးဆက်သစ် ခေါင်းဆောင်မှု အဖွဲ့ ပေါ်ရေးဟာ NLD ရဲ့ သေ့ချက် အလုပ်လို့ ထင်ပါတယ်။

ပြည်တွင်းပြည်ပ အခြေအနေတွေကိုကြည့်ပြီး တင်ပြတာပါ။ အရေးကြီးကာလဖြစ်လို့ သူများတကာအတွင်းရေး ဝင်စွက်သလို ပြောနေရတာပါ။ NLD ဟာ မျက်မှောက်အခါမှာ ဒီမိုကရေစီအလံကိုင်ပါတီ ဖြစ်လို့ပါ။ ၁၉၉၀ အောင်ပွဲရဲ့ ပိုင်ရှင်ဖြစ်လို့ပါ။

အလျှော့ပေးရေးဟာ အရှုံးပေးရေးပဲ။

နေဝင်းအရာကျသွားတော့ သူနဲ့အတူ သူ့ကျွန်ယုံတော်တွေပါ ခေါ်ဆင်းသွားပါတယ်။ သူ့အမွေကို ဆက်ခံဖို့ အမွေကို ၂ ပိုင်း ခွဲလိုက်တယ်။ လူထုအုံကြွမှုရှိနေတုန်း အမွေခွဲရလို့ ၂ ပိုင်း ခွဲတာပါ။

အမွေ ၂ ပိုင်းက အာဏာ အမွေနဲ့ နိုင်ငံရေးအမွေပါ။

စစ်တပ်ကို ကိုင်ထားသူကမှ အာဏာအမွေကို ထိန်းနိုင်မှာဖြစ်လို့ ဗိုလ်စောမောင်ကို နဝတ ဖွဲ့ပေးပြီး အာဏာ အမွေ ပေးပါတယ်။

စစ်တပ်က အငြိမ်းစားယူထားတဲ့ သူတွေကိုတော့ နိုင်ငံရေးအမွေ ပေးပါတယ်။ နိုင်ငံရေးအမွေ ရလိုက်သူတွေကလည်း ထင်တလုံးနဲ့ အမွေကို လိုလိုချင်ချင် လက်ခံပါတယ်။ (တစည) ဖွဲ့ပါတယ်။ ဗိုလ်စောမောင် လုပ်ပေးတဲ့ ရွေးကောက်ပွဲပြီးရင် သူတို့ဟာ အာဏာ အမွေကိုပါ ရမှာပဲလို့ ထင်နေပါတယ်။

ဗိုလ်စောမောင်ကလည်း စကားတွေအလွန်အကျွံ ပြောနေတာ ဒီလိုပဲ ဖြစ်မယ်ထင်လို့ပါ။ တစည နိုင်မယ် ထင်နေတာပါ။ နေဝင်းကလည်း အဲဒီလိုပဲ ထင်နေလို့ ဗိုလ်စောမောင် စကားကျွံနေတာတွေကို လွှတ်ပေးထားပါတယ်။

ဒါပေမဲ့ ဖြစ်ချင်တော့ ထင်သလို ဖြစ်မလာဘူး။ နှမ်းထွက်မကိုက် ဖြစ်လာတော့ ဖွဲ့စည်းအုပ်ချုပ်ပုံ ဆိုတာကို

## ဘာကြောင့် အတိတ်ကို ထားခဲ့ချင်တာလဲ၊ ဖက်ဆစ်တပိုင်း အခြေခံဥပဒေ မပေါ်အောင်

ကိုင်လာရတယ်။ ဗိုလ်စောမောင်ကို အရူးဆိုပြီး အပုပ်ချ စတေးပစ်ရတယ်။ တစည သာ နိုင်ကြည့်ပါလား။ ဘာဖြစ်မလဲ။ လွှတ်တော် အမြန်ခေါ်ပေးမယ်။ ဆိုင်းနေမှာ မဟုတ်ဘူး။ လွှတ်တော်က ၁၉၇၄ အခြေခံဥပဒေကို နည်းနည်းပါးပါး ပြင်မယ်။ ဗိုလ်စောမောင်ကလည်း စစ်တန်းလျားပြန်မယ်။ ၁၉၆၀ တုန်းက ဗိုလ်နေဝင်းလို ကတိသစ္စာ မြဲလှပါလားလို့ အမှတ်ယူမယ်။

ထင်သလို ဖြစ်မလာတော့ နဝတ စစ်အုပ်စုက အကြံ ထုတ်တယ်။ NLD ကတော့ အောင်မြင်မှုနဲ့ ယစ်မူးနေတယ်။ ရှေ့က လူကြီးတွေ 'ဝါရင့်'တွေ မလုပ်ခဲ့တဲ့လမ်း "ငြိမ်းချမ်းစွာ ဖြစ်ပေါ် ရေးလမ်း" ငါတို့ လုပ်ပြလိုက်ပြီဆိုပြီး အောင်မြင်မှုနဲ့ ယစ်မူးတယ်။ ပြည်ပကလည်း အစွမ်းကုန် ချီးမြှင့်တယ်။ မြှောက်စားတယ်။

အဲဒီလိုနဲ့ ၁၅ နှစ် ရှိလာသည်အထိ အာဏာက တဖဝါးမှ မခွာဘူးဆိုတဲ့လူနဲ့ ပြတ်သားတဲ့လူက အသာစီးရသွားတာပဲ။ ကျွန်တော်တို့က ဒီပွဲက NLD ရဲ့ပွဲပဲဆိုပြီး နေလာခဲ့တာပါ။ ပြောချင်တာရှိလည်း ပွဲဖျက်တယ် ထင်မှာစိုးလို့ မပြောဘဲ နေပါတယ်။ အခုပြောဖို့ ဖြစ်လာတာကလည်း NLD က တင်းခံမနေနဲ့ လျှော့ပေးလိုက်လို့ ပြောသူတွေ များလာလို့ပဲ။ စပြောတာက နိုင်ငံခြားဆရာကြီးတွေပါ။ သူတို့က "လွန်ခဲ့တဲ့ ၁၅ နှစ်က ရွေးကောက်ပွဲကိစ္စ ကမ္ဘာမှာ ဘယ်သူမှ မပြောကြဘူး"လို့ ပြောတယ်။

ဆရာကြီးရဲ့လေသံကို နင်းလိုက်သူက "လက်တွေ့ကျရမယ်" လို့ ပြောတယ်။ တချို့က ကလေးတွေ အရုပ်လုတာလို သဘောထားပြီး နအဖကို အာဏာ (ရွေးကောက်ပွဲတပတ်စာ) တော့ ပေးကိုင်လိုက်ပါလို့ ပြောတယ်။ အဓိပ္ပာယ်က ၁၀၄ ချက် ဥပဒေကို ခြွင်းချက်နဲ့ အတည်ပြုပေးဖို့ပဲ။

နေဝင်းဆိုရှယ်လစ် စစ်အုပ်စုကို ၁၉၅၈ တုန်းက 'အာဏာ' ခဏပေးကိုင်လိုက်တဲ့သင်ခန်းစာ မရကြသေးဘူးနဲ့ တူတယ်။ နိုင်ငံရေးအာဏာဟာ အငိုတိတ်အောင် ခဏပေးကိုင်ရမယ့် ကလေးကစားတဲ့ အရုပ် မဟုတ်ဘူး။ တိုင်းပြည်ရဲ့ သေရေးရှင်ရေး အပ်ထားရတာ ဖြစ်တယ်။ ကမ္ဘာကြီးက တည်ငြိမ်နေတာ မဟုတ်ဘူး။ အန္တရာယ် များပါတယ်။ စစ်အာဏာရူးတွေကြောင့် စစ်ဖြစ်မှာ မကြောက်ဘူးလား။ စစ်ကြီးထဲ ညှပ်ပါသွားမှာ မကြောက်ဘူးလား။ ခဏဖြစ်ဖြစ် ရေရှည်ဖြစ်ဖြစ် အပ်လို့မရပါဘူး။

ကိုယ်က မအပ်လည်း သူတို့ (စစ်အုပ်စု) က လုထားတာပဲ ဆိုတဲ့ စဉ်းစားချက်နဲ့ ပြောတာဆိုရင်တော့ ဘာပြောရမလဲ ... အညွန့် တုံးတယ်လို့ပဲ ပြောပါရစေ။

ကိုယ့်အခက်ပဲမြင်ပြီး သူ့အခက်ကို မမြင်ရင် အလျှော့ပေးရေး ဖြစ်တတ်ပါတယ်။ နိုင်ငံခြားဆရာကြီးတွေ လက်တွေ့ကျတာကို လိုက်ပြီး ကိုယ်က 'လက်တွေ့ကျ'မိရင် ကိုယ်က သူတို့လို မဟုတ်တော့ အရှုံးပေးရေး ဝါဒီပဲ ဖြစ်သွားမှာပါ။ ။

**နိုင်ငံရေး အာဏာဟာ**

**အငိုတိတ်အောင်**

**ခဏပေးကိုင်ရမယ့်**

**ကလေးကစားတဲ့**

**အရုပ်မဟုတ်ဘူး။**

**တိုင်းပြည်ရဲ့**

**သေရေးရှင်ရေး**

**အပ်ထားရတာ ဖြစ်တယ်**

# ကယ်တင်ရှင်
# ဘယ်သောအခါကမှ မရှိပေ

(နိုင်ငံလောကသိချင်းမှု  ဓာသား)

ဂျပန်ကို ကယ်တင်ရှင်လို့ ထင်ဖူးသည်။ ဟစ်တလာကိုပင် “စကြာမင်း” ဟု ထင်ဖူးသည်။ သူ့လက်မောင်းမှာ ပတ်ထားတဲ့ “စကြာ” တံဆိပ် အကြောင်းပြုပြီး ထင်ကြတာ ဖြစ်သည်။ “ထီးရိုးကို မိုးကြိုးပစ်” ဖို့ ဂျပန်ထောက်လှမ်းရေးသမားက “ဗိုလ်မိုးကြိုး” ဘွဲ့ခံ သွားသည်။

လူထုက ဂျပန်ကို တကယ်ပဲ မျှော်ပါသည်။ ၉၉.၉ က မျှော်သည်ဟုပြောလျှင် လွန်မည်မဟုတ်ပါ။

သို့သော် နေ့ချင်းညချင်း ကယ်တင်ရှင်ရဲ့ရုပ်လုံး ပွင့်ကျသွားသည်။ အောင်သပြေ ပန်း ညောင်ရေအိုးထိုးပြီး စည်တော်ရွှမ်းကာ ကြိုဆိုနေသော မြို့မိမြို့ဖများကို ဂျပန်တပ်က ဇလီဖားတုံး ထမ်းခိုင်းသည်။ ခေါင်းပေါင်းစ တလူလူ၊ တောင်ရှည်ပုဆိုး တဖားဖားနှင့် ဇလီဖားတုံး ထမ်းကြရသည်။ မထမ်းလျှင် ပါး၊ နား ရိုက်မလို လုပ်သည်။

ဘိုးဘိုးအောင်၏မြေး စကြာမင်းကလေးရဲ့ တပ်သားတွေက “မာစတာ” အခေါ်ခံသည်။ အင်္ဂလိပ်က “သခင်”၊ ဂျပန်က “မာစတာ” တော်တော်တော့ ရယ်စရာ ကောင်းသည်။ သူတို့မို့ ဒီဝေါဟာရ ရွေးတတ်ပလေဟု စဉ်းစားမိသည်။ “သခင်” ဟု ဆက်ခေါ်ခိုင်းလျှင် တို့ဗမာအစည်းအရုံး သခင်တွေနဲ့ ရောသွားမှာ စိုးပုံရသည်။

စကြာမင်း တပ်သားများက လန်ကွတ်တီဝတ်သည်။ လန်ကွတ်တီဖြင့် မြို့လယ် မှာ လမ်းသလားသည်။ လမ်းမတွင် မတ်တတ်ရပ် အပေါ့စွန့်သည်။ “ကယ်တင်ရှင်ကြီး” နှင့် တခါဆက်ဆံ ဆယ်ခါလန် ဖြစ်သွားသည်။ လူထုက အမြင်မှန်ချက်ချင်း ရသည်။ နိုင်ငံရေးသမား တချို့ကတော့ ကယ်တင်ရှင် အတွေးအခေါ်ဖြင့် ဆက်လိမ့်နေသည်။ ဒါကြောင့် မော်စီတုန်းက လူထုက ကြီးမြတ်ပြီး နိုင်ငံရေးသမားတွေ (တချို့) က ကလေး ကလား ဆန်တတ်သည်ဟု ကောက်ချက်ချခဲ့တာ ဖြစ်မည်။

လွန်ခဲ့သည့်နှစ် ၆၀ ကျော်က “ကယ်တင်ရှင်” အကြောင်းရေးခြင်းသည် ခေတ်သစ် “ကယ်တင်ရှင်” အကြောင်း ပြောလို၍ ဖြစ်သည်။

လွန်ခဲ့သည့်
နှစ် ၆၀ ကျော်က
“ကယ်တင်ရှင်”
အကြောင်းရေးခြင်းသည်
ခေတ်သစ်
“ကယ်တင်ရှင်”
အကြောင်း
ပြောလို၍
ဖြစ်သည်။

အခက်တွေ့နေတဲ့ ခေတ်သစ် “ကယ်တင်ရှင်”

“ကယ်တင်ရှင်ကြီး” အီရတ်တွင် ဒုက္ခတွေ့နေသည်။ အီရတ်တွင် ရှီးယာ့ဒ် (Shiite) များ၊ ဆွန်နီ (Sunni) များ၊ ကာ့ဒ် (Kurds) များကို မီးသေအောင် မကိုင်နိုင်။ တပ်တွေ ရုတ်ချင်လှပြီ။ သို့သော် ရုတ်လို့မရသေး။

အီရတ်မှာ မီးမသေတာထက် NATO ထဲ မီးမသေတာက ပိုခက်နေသည်။ အီရတ်စစ်ကို တိုက်တော့ မဟာမိတ်တပ်နှင့် တိုက်သည်ဟု မပြောဝံ့။ ဆန္ဒတူသူများ

# အမေရိကန် ကယ်တင်ရှင်ကို မျှော်နေလျှင် မျှော်ရင်း လည်ပင်းညောင်ရေတကောင်း ဖြစ်လိမ့်မည်။

တပ်ပေါင်းစုံနှင့် တိုက်သည်ဟု ပြောသည်။ ဆန္ဒတူသည့်သူများ ကြည့်လိုက်တော့ အင်္ဂလိုဆက်ဆွန် (Anglo saxon) တွေက အဓိကဖြစ်သည်။ ကျန်တာက မလောက်လေး မလောက်စား ပိစိကွေး နိုင်ငံကလေးများ (Mini states) ဖြစ်သည်။ အင်္ဂလိုဆက်ဆွန် မဟုတ်တဲ့ လောက်လောက်လားလား နိုင်ငံတချို့က ဆန္ဒမတူကြတော့ လို့နုတ်ထွက်သွားပြီ၊ "နွားပြာကြီး" အကြောင်း သိသွားလို့ ဖြစ်မည်။ အညာစကားပုံတခုတွင် "နွားပြာကြီးအကြောင်း သိရင် သားရေကိုတောင် ဖင်ခုမထိုင်ချင်" ဟု ရှိသည်။

"ဆန္ဒတူသူများ၏ တပ်ပေါင်းစုံ" ဆိုတာက ဘုရှ်ရဲ့ "နိုင်ငံရေး ဂုရု" များ တီထွင်ပေးလိုက်တာ ဖြစ်သည်။ သူ့ "နိုင်ငံရေး ဂုရု" များက "ခွေးကိုကြောင်" လို့ အပြောခိုင်းသည်ဟု ဆိုသည်။ အကြောင်းပြချက်က အမေရိကန် မဲဆန္ဒရှင်တွေမှာ ခွေးမွေးသူထက် ကြောင်မွေးသူက များသတဲ့။ ဒါကြောင့် မဲများများရဖို့အတွက် သူ့မိန်းမ (သမ္မတကတော်) မွေးထားတာ ကြောင်လို့ ဇွတ်ပြောခိုင်းသတဲ့။ ဘုရှ်ကလည်း ခိုင်းသည့်အတိုင်း သူ့မိန်းမ မွေးထားတာ ကြောင်လို့ ပြောသည်။ TV ဗျူးခန်းတခုမှာဆိုရင် ခွေးကြီးကို ပုတ်ပုတ်ပြပြီး သူက "ယိုးဒယားပူစီကလေး" လို့ ခေါ်တဲ့အကြောင်း ပြောနေသတဲ့။ ဖတ်မိတာကို ဖောက်သည်ချတာပါ။ ဟုတ်မဟုတ်တော့ မသေချာပါဘူး။ အမေရိကန်နိုင်ငံရေးက ရှုပ်တတ်လွန်းလို့။

အီရတ်မှာ အမေရိကန် ဝင့်လည်နေတာကတော့ သိပ်ကိုသေချာသည်။ အီရန်ကို ဦးတည်ရန်သူလုပ်တုန်းက ဆက်ဒမ်ကို အသုံးချပြီး အီရတ် – အီရန် စစ်ဖြစ်အောင်၊ စစ်ကြာရှည်အောင် မြှောက်ပေးခဲ့သည်။ အခုတော့ အီရန်က အီရတ်ရှိ ရှီးယာ့ဒ် (Shiite) မဟာမိတ်တွေနဲ့ အလွမ်းသင့်နေပြီ။ သွေးနဲ့ ဘာသာရေးယုံကြည်မှုက စကားပြောပါသည်။

ကိုးရီးယား ကိစ္စကိုကြည့်။ တောင်မြောက် အလွမ်းသင့်နေသည်။ သူတို့မှာ တူညီတဲ့ အတိတ်ရှိသလို တူညီတဲ့ အနာဂတ်ရှိသည်။ ဂျပန်ကို ကြောက်ကြသည်။ ကြောက်လည်း ကြောက်သင့်သည်။ ဂျပန်ကိုလိုနီ နှစ် (၅၀) ဖြစ်ခဲ့တာ မမေ့နိုင်ကြ။ အမေရိကန်က ဂျပန်နဲ့ ပလူးလေလေ သူတို့ချင်း ညီညွတ်ကြလေလေ ဖြစ်မှာ မလွဲပါ။

အိန္ဒိယ၊ ပါကစ္စတန်ကြား ဗျာများနေသည်။ ငါးစိမ်းမြင်လို့ ငါးကင်ပစ်သည်ဟု ပါကစ္စတန်ထင်သွားလျှင် ခက်လိမ့်မည်။ ရေများပြီး ငါးမတွေ့လျှင်လည်း အခက်၊ နိုင်ငံတိုင်း ကိုယ့်အကျိုးစီးပွား ကိုယ်ကြည့်သည့်ခေတ်မှာ သေချာပေါက် တွက်လို့မရ။ တရုတ်ကို ချိန်ခွင်လျှာညှိဖို့ အိန္ဒိယကို တွန်းချင်ပေမယ့် အတွန်းမတတ်ရင် ကိုယ့်ပြန်ပတ်မှာလည်း စိုးသည်။ အာဆီယံထဲ ရောက်နေတဲ့ ရောင်းရင်းတွေကို တရုတ်ဘက် ယိမ်းမသွားအောင် ထိန်းဖို့ ခက်နေသည်။ လက်တင်အမေရိက နိုင်ငံတွေ ဗင်နီဇွဲလားဘက် ယိုင်နေလို့ အခက်တွေ့တာလည်း ရှိသည်။

ထို့ကြောင့် အမေရိကန် ကယ်တင်ရှင်ကို မျှော်နေလျှင် မျှော်ရင်း လည်ပင်းညောင်ရေတကောင်း ဖြစ်လိမ့်မည်။ လူတချို့ လည်ပင်းရှည်တာ ကိစ္စမရှိပါ။ ကိစ္စရှိတာက သန်းရွှေတို့စစ်အုပ်စု အထိုင်ကျသွားပြီး စစ်အုပ်စုမင်းဆက်ကို "အခြေခံဥပဒေ" အရ ထူထောင်သွားမှာ ဖြစ်သည်။

"အခြေခံဥပဒေ"၊ "ပြည်သူ့ဆန္ဒခံယူပွဲ" အတွက် သူတို့ တက်သုတ်ရိုက်ပြင်နေကြပြီ။ ၂၀၀၆ မှာ ပွဲပြတ်ချင်နေကြပြီ။ သတင်းစာတွင် "လူထုဆန္ဒပြပွဲ" ဆိုတာတွေ ပါလာနေပြီ။ စစ်သားက နိုင်ငံရေးလုပ်တာဆိုတော့ "လူထုဆန္ဒပြပွဲ" သဘာပတိတွေ တန်းစီညာညှိပြီး ကြွေးကြော်သံတိုင်နေပုံ ကြည့်ပါ။ တညီတည်း ဖြစ်နေသည်။ လက်သီးဆုပ် မြှောက်ထားတာက အစ တန်းစီထားသလို ညီလှသည်။

"လူထုဆန္ဒပြပွဲ" ပြီးလျှင် "လူထုဆန္ဒခံယူပွဲ" လာတော့မည်။

စစ်အုပ်စုက ပျဉ်းမနားသို့ စစ်ဌာနချုပ်တချို့ ရွှေ့တာနဲ့ စစ်ဗိုလ်ချုပ်တွေ နေရာအပြောင်းအရွှေ့ လုပ်တာကို အမေရိကန် ဝင်တိုက်မှာ ကြောက်လို့ ပြင်ဆင်တာလို့ချည်း မထင်သင့်ပါ။ '၁၀၄ ချက် အခြေခံဥပဒေ' အတည်ဖြစ်ပြီးလျှင် ဖြစ်ပေါ်လာမည့် ဗမာပြည်နိုင်ငံရေး ပုံကားချပ်အတွက် ပြင်နေတာကော မဖြစ်နိုင်ဘူးလား။ စစ်တပ် (တပ်မတော်) ဌာနချုပ်ကို ရန်ကုန်နိုင်ငံရေးလောကနှင့် ကင်းဝေးရာ အရပ်မှာထားပြီး နိုင်ငံရေး လောကကို စောင့်ကြည့်ဖို့နဲ့ ၂၅% စစ်ဗိုလ် အမတ်များ မနိုင်မနင်းဖြစ်လာလျှင် ရန်ကုန်ဆင်းပြီး အာဏာသိမ်းတာလုပ်ဖို့ ပြင်ဆင်တာကော မဖြစ်နိုင်ဘူးလားဟု တွေးကြည့်သင့်သည်။ လူထုနဲ့ NLD ကို ငြိမ် – ဝပ် – ပိ – ပြားအောင် လုပ်ထားနိုင်သော စစ်အုပ်စုက သူ့ကိုသူ အထင်ကြီးနေပြီ ဆိုတာကို မမေ့သင့်ပါ။

ငြာ (ညာ) သံပေးရုံနှင့် စစ်အုပ်စု ပြုတ်ကျမည်ထင်လျှင် မှားလိမ့်မည်။ ဖွင့်ချနေရုံနှင့်လည်း ပြုတ်ကျမည်မဟုတ်။ ဖွင့်ချသည့် အလုပ်ကိုပဲ ဇောင်းပေးကြလျှင် မီဒီယာအဆင့်ကို နိုင်ငံရေးပါတီက လျှောဆင်းတာ ဖြစ်သည်။ မီဒီယာအလုပ်လည်း လုပ်ဖို့ လိုပါသည်။ ဖွင့်ချသည့် အလုပ်လည်း လိုပါသည်။ နိုင်ငံရေးပါတီက တဆက်တည်း စည်းရုံးရေး လုပ်ရပါမည်။ ပြည်တွင်း လူထုကို စည်းရုံးဖို့ပဲ ဖြစ်ရပါမည်။ စစ်အုပ်စုရဲ့ 'ဆန္ဒပြပွဲ' ကို 'ပြည်ပက ဆန္ဒပြပွဲ' နဲ့ တုံ့ပြန်ရုံနဲ့ ရပ်မထားသင့်ပါ။ ပြည်တွင်းလူထုလုပ်ငန်း မပါလျှင် သန်းရွှေတို့စစ်အုပ်စု သားစဉ်မြေးဆက် ပလ္လင်ပေါ်က ဆင်းတော့မည် မဟုတ်ပါကြောင်း။

# ဗမာပြည်ရဲ့ ရည်မှန်းချက် ဘာဖြစ်သင့်သလဲ

**တိုင်းပြည်အများစုမှာ ရည်မှန်းချက်ရှိကြတယ်။ ကိုယ့်အခြေအနေနဲ့ကိုယ် သတ်မှတ်ကြတာပါ။ ၂၁ ရာစုနှစ်မှာ ဘယ်လိုဖြစ်ရမယ်။ ၂၀၅၀ မှာ ဘယ်အခြေအနေ ရောက်ရမယ် စသဖြင့် ရည်မှန်းချက်ထားကြတယ်။**

အဲဒါတွကြားရလေလေ တို့မှာကော ဘာရည်မှန်းချက် ရှိသလဲဆိုတဲ့ မေးခွန်း ထုတ်မိပါတယ်။

ကျွန်တော်တို့မှာ သတ်သတ်မှတ်မှတ်ရှိတာ မတွေ့ရပါဘူး။ ‘လွတ်လပ်ရေး’ တို့ ‘ဒီမိုကရေစီရေး’ တို့ဟာ ရည်မှန်းချက်မဟုတ်ပါဘူး။ ကာလတခုရဲ့ လုပ်ငန်းစဉ်ပါ။ သူ့ကျွန်ဘဝရောက်နေချိန်မှာ ‘လွတ်လပ်ရေး’ ဟာ လတ်တလော လုပ်ငန်းစဉ်၊ စစ်အာဏာရှင်စနစ်အောက် ရောက်နေချိန်မှာ ‘ဒီမိုကရေစီ’ ဟာ လတ်တလော လုပ်ငန်းစဉ် ဖြစ်ပါတယ်။ တိုင်းပြည်တခုရဲ့ ရည်မှန်းချက်က ဒီ့ထက်မြင့်ရပါမယ်။

ဥပမာ ၃ ခု ဆွဲထုတ်ပြပါမယ်။ အမေရိကန်၊ ဂျပန်၊ တရုတ် ဥပမာပါ။

အမေရိကန်ဟာ အင်္ဂလိပ်လက်အောက် ရောက်နေတုန်းက ‘လွတ်လပ်ရေး’ ရဖို့ လုပ်တယ်။ နောက်နပိုလီယန်စစ်ပွဲတွေ ပြီးစကျတော့ ‘မွန်ရိုးဝါဒ’ ချမှတ်ပြီး တို့ကမ္ဘာဘက်ခြမ်းကို ဘယ်သူမှ လာမထိနဲ့လို့ ပြောလာနိုင်တယ်။ ပထမကမ္ဘာစစ်အပြီးမှာတော့ နိုင်ငံတကာ့ ခွင်ထဲမှာ ဩဇာသုံးလာနိုင်တယ်။ ဒုတိယကမ္ဘာစစ်ပြီးတော့ နယ်ချဲ့ကမ္ဘာမှာ ထိပ်သီးနေရာ ရလာတယ်။ ဆိုဗီယက်ပြိုကျပြီး စစ်အေးတိုက်ပွဲမှာ အနိုင်ရသလိုလိုဖြစ်တော့ ၂၁ ရာစုဟာ အမေရိကန်ရာစု ဖြစ်ရမယ်လို့ ကြွေးကြော်လာတယ်။ သူ့ဖြစ်စဉ်က တရိပ်ရိပ်တက်လာတဲ့ ဖြစ်စဉ်ပါ။ သူ့တိုင်းသူပြည်သားတွေကလည်း တရိပ်ရိပ် ကြွယ်ဝချမ်းသာလာပါတယ်။ သူ့ပြည်သူတွေ ကျေနပ်ကြပါတယ်။ အားလုံးက မော်ကြည့်ရတဲ့ အခြေအနေ ရောက်နေလို့လည်း ရည်မှန်းချက်က သိပ်ကြီးသွားပြီ။ ရည်မှန်းချက်ဆိုတာ တဆင့်ပြီးတဆင့် တက်နေတဲ့ အမျိုးပါ။ ရပ်သွားမှာ မဟုတ်ပါဘူး။

ဂျပန်ကိုကြည့်တော့ သူ့ဖြစ်စဉ်က တမျိုးပါ။ အတက်တွေ အကျတွေ ဖြတ်သန်းရတယ်။ တရိပ်ရိပ်တက်နေရာက ဒုတိယကမ္ဘာစစ်မှာ ဇောက်ထိုးကျတယ်။ နောက်တော့ ပြန်တက်လာတယ်။ တချို့က ဂျပန်ရဲ့ အံ့ဩစရာ တိုးတက်မှုကို လက်ဖျားခါ ချီးကျူးကြတယ်။ သူ့လုံ့လ ဝိရိယကြောင့်ချည်းလို့ မယူဆပါဘူး။ သူက စစ်ကိုသာ ရှုံးတာပါ။ စုမိဆောင်းမိတဲ့ ဥစ္စာဓန အရင်းအနှီးနဲ့ လူ့အရင်းအနှီးတွေ ရှုံးမသွားပါဘူး။ သူစစ်နိုင်နေတုန်းက ဂျပန်ပြည်ပြန်ပို့ထားတဲ့ ရွှေတွေ၊ ဥစ္စာဓနတွေ ရှုံးမသွားပါဘူး။ လူတွေရဲ့ အတတ်ပညာ၊ ဥာဏ်အမြော်အမြင် ရှုံးမသွားပါဘူး။ ဗမာပြည်လို ဖြုံခါပြာခါ မကျပါဘူး။ အခုတော့ သူက သူ့တိုင်းပြည်ငယ်ငယ်ကလေးကို အမေရိကန်နဲ့ သွားပြီးတော့ မယှဉ်တော့ပါဘူး။ ဒါပေမဲ့ အင်္ဂလိပ်က ‘ဂျူနီယာပတ်တနာ’ ပါလို့ ပြောသလို သူကမပြောပါဘူး။ သူက အင်္ဂလို ဆက်ဆွန် (Anglo Saxon) မှ မဟုတ်ဘဲ။ ပြောလို့မဖြစ်ပါဘူး။

တရုတ်ကတော့ ဂျပန်နဲ့ မတူပါဘူး။ ၁၉ ရာစုနှစ် တခုလုံးနဲ့ ၂၀ ရာစု ပထမနှစ် ၅၀ ပိုင်းအထိ သူ့ကျွန်ဘဝရောက်လုနီးနီး အခြေအနေပါ။ ဒါပေမဲ့ “တို့ခေတ်ကျမှ ညံ့ကြတော့မှာလား” ဆိုတဲ့ စိတ်ဓာတ်ကတော့ တလျှောက်လုံး ရှိနေပါတယ်။ KMT တို့ CPC တို့မပေါ်ခင်ကတည်းက ရှိတဲ့ စိတ်ဓာတ်ပါ။ ဥရောပနဲ့ ဂျပန်ကိုအားကျပြီး လုပ်ကြသူတွေလည်း ပေါ်ပါတယ်။ ခန်းယိုဝေတို့ ကျန်ချီချောင်းတို့ဆိုရင် တရုတ် (မန်ချူး) ဘုရင်ကို ဂျပန်မေဂျီဘုရင်လို ဖြစ်အောင် ပုံသွင်းကြတာပါပဲ။ ဒါပေမဲ့ ပဒေသရာဇ် အတွေးအခေါ်နဲ့ လမ်းစဉ်ကပဲ အနိုင်ရသွားပါတယ်။ ဂျပန်ရဲ့ လမ်းကို တရုတ်ကလိုက်မှာကို ဥရောပရော၊

အမေရိကန်ရော၊ ဂျပန်ပါ မလိုလားပါဘူး။ ပဒေသရာဇ်စနစ်ပဲ တရုတ်ပြည်မှာ ရှိနေစေချင်ပါတယ်။ KMT အစိုးရကျတော့ အမေရိကန်ကိုကပ်ပြီး တရုတ်ပြည်ရဲ့ ရည်မှန်းချက် ပေါက်မြောက်အောင် လုပ်ချင်ပါတယ်။ ရည်မှန်းချက်မပေါက်ဘဲ ဗျူရိုကရက် လက်ဝေခံ ခနရှင်လူတန်းစားပဲ ချမ်းသာကြွယ်ဝပြီး တိုင်းပြည်က မွဲပါတယ်။

၁၉၄၉ ကျမှ CPC က “တရုတ်ပြည်သူတွေ မတ်မတ် ထရပ်လိုက်ပြီ” လို့ ကြွေးကြော်ပြီး ကိုယ့်လမ်းကိုယ် လျှောက်ခဲ့တယ်။ အခုတော့ တရုတ်ပြည်ရဲ့ အဆင့်နေရာ တစုံတရာ မြင့်နေတယ်။ ဒါပေမဲ့ တိုင်းသူပြည်သားတွေ ကြွယ်ဝချမ်းသာဖို့ အဝေးကြီး လိုပါသေးတယ်။ တရုတ်ပြည်ရဲ့ အဆင့်နေရာ မြင့်တက်လာတာနဲ့ ပတ်သက်ပြီး CPC ကိုပဲ အမှတ်ပေးရမှာပါ။ မော်စီတုန်း ရဲ့ ပခုံးပေါ် တက်ရပ်နိုင်လို့ တိန့်ရှောင်ဖင် အစွမ်းထက်ခဲ့တာပါ။ ၁၉၇၁ – ၇၂ က အမေရိကန်နဲ့တွဲ၊ ဆိုဗီယက် (ကွန်မြူနစ်အချင်းချင်း) နဲ့ ခွဲနိုင်ခဲ့လို့ တံခါးဖွင့် ပြုပြင်ပြောင်းလဲရေးပေါ်လစီ အောင်မြင်နိုင်တာပါ။ နိုင်ငံရေးအခြေခံ မကောင်းရင် စီးပွားရေး ထူထောင်မှု မလုပ်နိုင်ပါဘူး။

ချုပ်ပြီးပြောရင် တိုင်းပြည်တခုရဲ့ ရည်မှန်းချက်ဟာ ရာစုတခုဘောင်ထက် ကျော်လွန်ပါတယ်။ ရည်မှန်းချက် ပေါက်မြောက်အောင် လုပ်ကြရာမှာလည်း နိုင်ငံရေးပါတီတခု အဖွဲ့အစည်းတခုရဲ့ ဘောင်ကို ကျော်လွန်ပါတယ်။

ဗမာပြည်အတွက် ထိုက်ထိုက်တန်တန် အဆင့်နေရာ ဘာဖြစ်သင့်သလဲ။ ဘယ်လိုရည်မှန်းချက် ထားသင့်သလဲ။ စဉ်းစားကြပါစို့။

## ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ သဘောထား ၃ ချက်

(၁) စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်အာဏာရှင်စနစ်ကို အပြီးတိုင် တိုက်ဖျက်ပစ်ဖို့ဆိုရင် ဘယ်သူနဲ့မဆို ဗကပ က လက်တွဲချင်တယ်။

ဟိုတုန်းက ဖက်ဆစ်ဆန့်ကျင်ရေး ကာလကလိုပဲ စည်းလုံးနိုင်သူမှန်သမျှနဲ့ စည်းလုံးချင်တယ်။

(၂) CPB မပါဘဲ တို့ချည်းပဲ စစ်အာဏာရှင်စနစ် စစ်အစိုးရကို တိုက်ဖျက်ပြမယ်ဆိုရင်လည်း CPB က သူတို့ရဲ့ပွဲကို ဝင်ပြီးအနှောက်အယှက် မပေးဘူး။ ကိုယ့်လမ်း ကိုယ်သွားကြတာပေါ့။ ဘယ်သူ့လမ်းက ခရီးရောက်သလဲ ပြိုင်ကြတာပေါ့။

(၃) ‘ကြွက်မနိုင် ကျီမီးရှို့တဲ့လမ်းစဉ်’ လုပ်ဖို့ ကြံတာကိုတော့ ဘယ်လိုမှ သဘောမတူပါဘူး။ ဘယ်သူလုပ်လုပ် ဆန့်ကျင်တယ်။

# ကိုယ့်တိုင်းပြည်ရဲ့လမ်းကြောင်းကို အင်အားကြီးနိုင်ငံများ၏ သေနင်္ဂဗျူဟာလုပ်ငန်းစဉ်နဲ့ တပူးတွဲတည်း ချည်နှောင်မထားသင့်ဘူး

ကိုယ့်ယာမအောင်ရင် မိုးကိုဆဲ၊ နေကိုမဲ လုပ်တတ်တဲ့လူတွေ လောကမှာ မနည်းပါဘူး။ အလားတူပဲ တချို့လူတွေဟာ ဒီနေ့ပြည်တွင်း နိုင်ငံရေးမှာလည်း ဘာလုပ်ရမှန်း မသိရင် တရုတ်ကိုဆဲ၊ ကုလားကိုမဲ မမှားဘူးဆိုတာမျိုးနဲ့ စခန်းသွားနေကြပါတယ်။ ခုနက ယာသမားလိုပဲ အရည်မရ၊ အဖတ်မရသာ ဖြစ်မှာပါ။ ဒီလိုပြောကြသူတွေမှာ တဦးနဲ့တဦး ရည်ရွယ်ချက်ချင်း တူချင်မှ တူတာပါ။ အကျိုးဆက်မှာသာ လာတူနေတာပါ။ ဒီနေရာမှာ ဒီလိုလုပ်သူတွေရဲ့ စဉ်းစားနည်း၊ ရည်ရွယ်ချက်စတာတွေကို ညွှန်းမှာ၊ ဖွင့်ဆိုမှာ မဟုတ်ပါဘူး။ မဖြစ်သင့်တဲ့ အကြောင်းကိုပဲ ရှင်းပြဖို့ ကြိုးစားမှာပါ။

၁။ နိုင်ငံကြီးတွေရဲ့ တကယ့်သေနင်္ဂဗျူဟာကို တကယ်တမ်းသိဖို့ဆိုတာ မလွယ်ပါဘူး။ နိုင်ငံကြီးပဲဖြစ်ဖြစ်၊ နိုင်ငံငယ်ပဲဖြစ်ဖြစ်၊ ဘယ်နိုင်ငံအစိုးရမဆို ဖွင့်မပြောတဲ့ ကိုယ့်စဉ်းစားနည်းတွေ ရှိကြတာချည်းပါပဲ။ တနိုင်ငံနဲ့ တနိုင်ငံ ထောက်လှမ်းရေး လုပ်ကြတယ် ဆိုတာမှာ အဲဒီစဉ်းစားနည်းကို သိနားလည်အောင် လုပ်တာဟာ အရေးကြီးတဲ့အခန်းကပါပါတယ်။ နစ်ဆင်နဲ့ချီအင်လိုင်းတို့ ၁၉၇၀ စုနှစ်များ အစောပိုင်းမှာ လက်ဆွဲနှုတ်ဆက်လိုက်ကြတာဟာ တကမ္ဘာလုံးကို အံ့သြစေခဲ့တယ် မဟုတ်ပါလား။ (၅၀ စုနှစ်များ တုန်းကဆိုရင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ဖော်စတာဒါးလက်စ်ဟာ ဂျီနီဗာဆွေးနွေးပွဲတခုမှာ တရုတ်ဝန်ကြီးချုပ် ချိုအင်လိုင်းက လက်ဆွဲနှုတ်ဆက်ဖို့ လက်ကမ်းတာကို မိုက်မိုက်ရမ်းရမ်း ချာကနဲလှည့်သွားတယ်လို့ မှတ်ရဖူးပါတယ်။) အစိုးရတွေနဲ့ နိုင်ငံရေးအင်အားစုတွေဟာ အဲဒီ ပင်ပေါင်သံတမန်ကစားပွဲအလှည့်အပြောင်းကို လိုက်မီအောင် အချိန်အတော်ကြာအောင် ပြန်ထိန်းညှိယူကြရပါတယ်။ ဒီအပြောင်းအလဲနဲ့ အချိန်မီ လိုက်မထိန်းညှိနိုင်တဲ့အတွက်လည်း မနည်းတဲ့ အစိုးရတွေအပါ နိုင်ငံရေးအင်အားစုတွေ ဒုက္ခရောက်ကုန်တာလည်း တွေ့ခဲ့ရပါတယ်။

၁၉၉၀ တဝိုက်မှာ စစ်အေး တိုက်ပွဲပြီးဆုံးတော့ရော၊ အင်အားကြီးတွေ ရဲ့ အပြောင်းအလဲကို အူယားဖားယား နောက်က လိုက်ကြရတာပဲ မဟုတ်ပါလား။ ရှေ့မျက်နှာ နောက်ထားပြီး အောက်ကျို့ရတာ၊ သေခန်းရှင်ခန်းဖြတ်ကြရတာ၊ အများကြီးပါပဲ။ ကမ္ဘောဒီးယားက ပေါလ်ပေါ့အစိုးရဆိုရင် အမေရိကန်အပါ သူ့ကို အထောက်အပံ့ အမျိုးမျိုးပေးနေတဲ့ အင်အားစုတွေက သူ့ကိုပြန်ပြီး တရားခံလုပ်တာ ခံရပါတယ်။ အီရန်ရော၊ အီရတ်ရောဟာ အမေရိကန်ရဲ့ တပည့်မွေးခြင်းရော ရန်သူသတ်မှတ်ခြင်းပါ ခံခဲ့ရတယ်ဆိုတာ မေ့လို့မဖြစ်ပါဘူး။

ဒါကြောင့် ကိုယ်ပိုင်ပိုင်နိုင်နိုင် မသိတဲ့ နိုင်ငံကြီးတွေရဲ့ တကမ္ဘာလုံးဆိုင်ရာ အခင်းအကျင်းမှာ ကိုယ့်နိုင်ငံရဲ့ကံကြမ္မာကို တွဲနှောင်ထားတယ်ဆိုတာဟာ လေဖမ်းပြီး တန်းချည်တာထက် ဆိုးပါတယ်။ အဲဒီ နိုင်ငံကြီးတွေဟာ သူတို့ရဲ့ လမ်းကြောင်းကို ပြောင်းတော့မယ်ဆိုရင် ကိုယ့်ကိုဘာမှ အသိပေးမှာ မဟုတ်ပါဘူး။ အော် သူကလေးငါ့ကို တွယ်ကပ်နေပါသော်ကောဆိုတဲ့ စာနာစိတ်နဲ့ ထောက်ထောက်ထားထား လုပ်လိမ့်မယ်လို့လည်း မျှော်လင့်လို့ မရပါဘူး။

၂။ နောက်တချက်က စဉ်းစားနည်းတခုပါ။ နိုင်ငံရေးမှာ ရန်သူ့မိတ်ဆွေဟာ ကိုယ့်ရန်သူ၊ ရန်သူ့ရန်သူဟာ ကိုယ့်မိတ်ဆွေလို့ လူတချို့က အလွယ်တကူ သတ်မှတ်ချင်ကြပါတယ်။ ဒီစဉ်းစားနည်းဟာ အလွယ်လိုက်လွန်းတယ် ထင်ပါတယ်။ နိုင်ငံရေးဟာ အဲဒီလောက်ရိုးစင်းနေရင် အင်မတန်လုပ်ရကိုင်ရလွယ်မှာပါ။ လက်တွေ့မှာ အဲဒီလို မဟုတ်ပါဘူး။ အထူးသဖြင့် နိုင်ငံငယ်တွေနဲ့ အတိုက်အခံတွေဟာ ကိုယ့်အနေအထားအရ ကိုယ့်ထက်အင်အားကြီးသူကို ရင်ဆိုင်ရာမှာ အင်မတန် ပရိယာယ်ကြွယ်ကြွယ်နဲ့ စည်းရုံးနိုင်သမျှ အင်အားစုတွေကို စည်းရုံးရပါတယ်။ နားထောင်မကောင်းပေမယ့် တဲ့တိုးသဘော ပြောရရင် ဖွဲ့ထုတ်လို့ရတာကို ဖွဲ့ထုတ်ရပါတယ်။

ဒီနေရာမှာ ဒဿနိကဗေဒသဘော နည်းနည်းပြောချင်ပါတယ်။ မတူတဲ့အရာနှစ်ခု ပေါင်းစည်းတယ် (မဟာမိတ် ဖွဲ့တယ်၊ လက်တွဲတယ်) ဆိုတာဟာ အချက်အလက်တခု၊ ဒါမှမဟုတ် တခုထက်ပိုတဲ့ အချက်အလက်တွေပေါ်မှာ ပေါင်းစည်းကြတာပါ။ ကိုယ်တိုင် သတိထားမိသည်ဖြစ်စေ၊ မထားမိသည်ဖြစ်စေ၊ အချက်အလက်မရှိဘဲ ပေါင်းစည်းတယ်ဆိုတာ လုံးဝမရှိပါဘူး။

ဗမာပြည်က တရားမဥပဒေထဲက 'စာချုပ်တခုမှာ အဖိုးစားနားဆိုတာ မုချပါရတယ်၊ မပါရင် စာချုပ်မဟုတ်ဘူး' ဆိုတဲ့ အဓိပ္ပာယ်နဲ့ တူပါတယ်။ အဲဒီအချက်ပျက်ပြယ်ရင် အဲဒီပေါင်းစည်းမှု – လက်တွဲမှုဟာ ပျက်ပါတယ်။ တခြားအခြေအနေတွေပြောင်းတဲ့အခါမှာ အဲဒီလို အချက်အလက်တွေကို လိုက်ညှိရင်ညှို၊ မညှိရင်

**ကိုယ်က ဆရာတင်ထားတဲ့ အင်အားကြီး နိုင်ငံရဲ့ရန်သူ၊ ဒါမှမဟုတ် ပစ်မှတ်ကို ကိုယ်ကလည်း ကိုယ့်ရန်သူ၊ ကိုယ့်ပစ်မှတ်လို့...**

ပျက်တတ်ပါတယ်။ ဒါကို တဖက်က အသုံးချတတ်ရပါတယ်။

ငြိမ်းအဖွဲ့တွေရဲ့ အနေအထားကို ဒီလောဂျစ်နဲ့ ချဉ်းကပ်သင့်ပါတယ်။ နအဖနဲ့သူတို့နဲ့ 'ငြိမ်းချမ်းရေး' ယူထားတဲ့အတွက် သူတို့ကို နအဖ နဲ့ တတန်းတည်းထားပြီး ရန်သူလို ပြစ်တင်ရှုတ်ချတာ မလုပ်သင့်ဘူးလို့ ကျွန်တော်တို့က အစောကြီးကတည်းက ပြောခဲ့ပါတယ်။ နအဖရဲ့ အမျိုးသားညီလာခံမှာ သူတို့ ထ'ရပ်ပြလိုက်တော့ သူတို့ကို ရန်သူလို့ သတ်မှတ်ထားသူတွေ ဘယ်လိုသဘောထား ချရမှန်းမသိအောင် ဖြစ်သွားပါတယ်။ အဲဒီညီလာခံဟာလည်း သူတို့ကြောင့်ပဲ ရပ်သွားရတယ်မဟုတ်လား။ အခု နအဖ က သူတို့ကို စစ်ပြုတော့မလိုလို၊ ချေမှုန်းတော့ မလိုလို ဖြစ်လာတော့ သူတို့ရဲ့အခန်း ကဏ္ဍဟာ ပိုစဉ်းစားစရာ ဖြစ်လာပါတယ်။ အလားတူပဲ နအဖ အတွင်း ထိုးဖောက်စည်းရုံးရေးမှာလည်း ဒီကြည့်မြင်နည်းနဲ့ အစချီသင့်ပါတယ်။

နိုင်ငံတကာ အတိုင်းအတာ အနေနဲ့ ဥပမာတခု ထောက်ပြချင်ပါတယ်။ ဒုတိယကမ္ဘာစစ် ပြီးတဲ့နောက် တရုတ်ပြည်မှာ ပြည်တွင်းစစ် တိုက်ကြတဲ့ အခါမှာ အမေရိကန်ဟာ ဗမာပြည်ဘက်ကတဆင့် ဂျပန်ကို တိုက်ခိုက်ရာမှာ ပါဝင်ခဲ့ရာကနေ တရုတ်နိုင်ငံရေးမှာ မင်းတိုင်ပင်ဆန်ဆန် နေရာရလာခဲ့ပါတယ်။ ဒါပေမဲ့ သူဟာ ချန်ကေရှိတ်အစိုးရဘက်က ပင်းရုံမက ကူမင်တန်တပ်တွေအခြေအနေ သိပ်မလှတော့တဲ့ အခါကစပြီး ကူမင်တန်ကိုအပြတ်အကူအညီ ပေးပါတယ်။ ဒီလိုအခါမှာ မော်စီတုန်းတို့က ရန်သူ့မိတ်ဆွေကိုယ့်ရန်သူလို့ မကျင့်သုံးဘဲ အမေရိကန်ကို ကြားထားဖို့ပဲ တလျှောက်လုံး လုပ်ခဲ့ပါတယ်။ ဒါကြောင့် အမေရိကန်ဟာ ချန်ကေရှိတ်ကို ကူညီချင်သလောက် မကူညီနိုင်ဘဲ ဖြစ်ခဲ့ရပါတယ်။

ရန်သူ့ရဲ့ရန်သူဟာ ကိုယ့်မိတ်ဆွေလို့ နေရာတကာမှာ အသေတွက်ပြီး ကိုယ့်လမ်းစဉ် ချလို့ကတော့ ဝက်ဝက်တောင် ကွဲတတ်ပါတယ်။ အလွယ်ဆုံး ဥပမာက အမေရိကန်နဲ့ မတည့်သူတွေ၊ ထိပ်တိုက်တွေ့နေသူတွေ၊ ဥပမာ မြောက်ကိုရီးယားလို နိုင်ငံက ၉–၁၁ အရေးအခင်း ဖောက်ခွဲသူတွေကို မဟာမိတ်ဖွဲ့လို့ မဖြစ်သလိုမျိုးပါ။

အဓိကမှု ဖြစ်ရမှာက အားနည်းနေသူတွေ အနေနဲ့ ကိုယ့်ထက်အားကြီးတဲ့ ရန်သူကို ရင်ဆိုင်ရာမှာ ကိုယ့်အတွက် ရန်သူ နည်းသထက်နည်းအောင် လုပ်ဖို့သာ ဖြစ်ပါတယ်။ ကိုယ်က ဆရာတင်ထားတဲ့ အင်အားကြီး နိုင်ငံရဲ့ရန်သူ၊ ဒါမှမဟုတ် ပစ်မှတ်ကို ကိုယ်ကလည်း ကိုယ့်ရန်သူ၊ ကိုယ့်ပစ်မှတ်လို့ လုပ်တာဟာ မိုက်မဲမှု တမျိုးသာ ဖြစ်ပါတယ်။

၃။ အရေးကြီးတာက ကမ္ဘာ့အဓိကတိမ်းညွတ်မှု (tendency) ကို တွက်တတ်ဖို့ ဖြစ်ပါတယ်။ အဓိကပဋိပက္ခကို မြင်တတ်ဖို့ လိုပါတယ်။ အစိုးရတွေဟာ အဲဒီအပေါ်မှာ အခြေခံပြီး မဟာမိတ်ဖွဲ့တာ ပေါင်းတာဖြစ်ပါတယ်။ အစိုးရမဟုတ်တဲ့ အထူးသဖြင့် အတိုက်အခံသက်သက်၊ ဒါမှမဟုတ် တရားမဝင်အဖွဲ့အစည်း သက်သက်ဖြစ်နေတဲ့ အင်အားစုတွေအနေနဲ့တော့ သူတို့လုပ်သလို လိုက်လုပ်လို့ မဖြစ်ပါဘူး။ ဒုတိယကမ္ဘာစစ်တုန်းကတော့ နိုင်ငံတကာ့တိမ်းညွတ်မှုကို မှန်မှန်ကန်ကန်တွက်ပြီး ကိုယ့်ကိုကျွန်ပြုထားသူ အင်္ဂလိပ်နဲ့ လက်တွဲတိုက်တယ်ဆိုတာဟာ ကမ္ဘာစစ်ဖြစ်နေတယ်ဆိုတဲ့ အခြေအနေအောက်မှာ ဖြစ်ပါတယ်။ အဲဒီလိုအခြေအနေမျိုး မရှိရင် နိုင်ငံငယ်၊ ဒါမှမဟုတ် နိုင်ငံတခုအတွင်းက နိုင်ငံရေးအင်အားစုအနေနဲ့ မိတ်ဆွေများဖို့ဟာ အဓိကဖြစ်ပါလိမ့်မယ်။ ကိုယ်က နိုင်ငံတကာ့အဝန်းအဝိုင်းမှာ ဝင်ဆံ့တာ မဟုတ်ပါဘူး။ နိုင်ငံကြီးတခုက အစိုးရပိုင်းနဲ့ နီးစပ်သူတွေက ကိုယ့်ကိုနေရာပေးတာနဲ့ ကိုယ့်ကိုယ်ကို နိုင်ငံတကာ့ဘောင်ဝင်ပြီလို့ ယူဆပြီး အဲဒီနယ်ပယ်မှာ ဝင်လှုပ်ရှားရင် ကိုယ်ပဲ ဒုက္ခရောက်မှာပါ။ ကိုယ့်နိုင်ငံအရေးကို ဗဟိုပြုပြီး အစစစဉ်းစားရမှာပါ။

အထူးသဖြင့် ဒီနေ့အခါလို ကမ္ဘာ့အခင်းအကျင်း မရှင်းလင်းသေးချိန်မှာ ပိုပြီးသတိထားသင့်ပါတယ်။

၄။ ဒီလိုဆိုတဲ့အတွက် သူများတွေက အကူအညီပေးရင် မယူရဘူးလားလို့ မေးကောင်းမေးပါလိမ့်မယ်။ အဖြေက မိမိနိုင်ငံ၊ မိမိတို့အရေးတော်ပုံကို အဓိကဗဟိုပြုရမယ်ဆိုတဲ့အတွက် မိမိတို့အရေးတော်ပုံအတွက် အကျိုးရှိမယ်ဆိုရင်၊ အနှောင်အတည်း မပါဘူးဆိုရင် ရသမျှယူရမှာပါပဲ။ ပေးသူရဲ့ရည်ရွယ်ချက်ကို ကိုယ်ကသိရှိ ပိုင်းခြားဖို့တော့ လိုပါတယ်။

ချုပ်လိုက်ရင် နိုင်ငံတကာအခြေအနေကို အမြဲလေ့လာအကဲခတ်ရမယ်၊ သမိုင်းကို လေ့လာရမယ်၊ လိမ်မာပါးနပ်စွာ စဉ်းစားရပါမယ်။ ကိုယ့်နိုင်ငံရေးကို ဘယ်နိုင်ငံရဲ့နိုင်ငံရေးနဲ့မှ အသေတွဲထားတာ မလုပ်သင့်ပါဘူး။ ကျွန်တော်တို့ရဲ့ နိုင်ငံရေးဟာ ကျွန်တော်တို့ နိုင်ငံရဲ့ကံကြမ္မာနဲ့သာ အသေတွဲထားရမှာ ဖြစ်ပါတယ်။

# စစ်ဖြစ်ဖို့ကိုပဲ မျှော်ကြတော့မည်လော

(၁)

အသံတွေ ကြားနေရသည်။ ပြည်တွင်းကနည်းနည်း ပြည်ပက အသံတွေ များသည်။ လမ်းစဉ်ပြန်လည် သုံးသပ်ကြ ရင်းက ထွက်လာသည့် အသံတွေ ဖြစ်သည်။

ပြည်ပက ဝင်ကူမှပဲ စစ်အာဏာရှင်စနစ် ကျဆုံးပြီး ဒီမိုကရေစီစနစ် ပေါ်ထွန်းမည်ဆိုသော အသံတွေ တိုးရာက ကျယ်လာနေသည်။

နအဖ က ပျဉ်းမနားဘက်ကို (ကြပ်တွေ သိုက်ပြောင်းသလို) ပြောင်းတာကိုပဲ စစ်ဖြစ်တော့မှာမို့ ပြောင်းတာဟု ထင်ကြသည်။ စစ်သာဖြစ်လာရင် 'ဗမာ့အခက် တို့အချက်' ဆိုပြီး သီးခြားတိုင်းပြည် ထောင်ချင်သူ ရှိလာသည်။ ဖက်ဒရယ် စင်ပြိုင်အစိုးရ ထောင်ထားဖို့ စိတ်ကူးသူက ကူးသည်။

အတော်များများကတော့ အခြေအနေတွေကို အားမရလို့ စစ်ဖြစ်မှပဲ အပြောင်းအလဲဖြစ်တော့မယ်ဟု ထင်ကြသည်။ နိုင်ငံရေးအင်အားစု တချို့က ၁၉၈၈၊ ၈၉၊ ၉၀ မှာ လူထုက အင်ကုန်အားကုန် ထုတ်သုံးလိုက်သဖြင့် အင်ကုန်အားကုန် ဖြစ်သွားပြီဟု ပြောကြသည်။ ဘယ်လိုပဲ ပြောပြော ချုပ်လိုက်လျှင် ကယ်တင်ရှင် မျှော်ဖို့ပဲ ဖြစ်သည်။

မျှော်သည့်အလုပ်မှာ ကာယအင်အား၊ စိတ်အင်အား မထုတ်ရသည့် အလုပ်ဖြစ်၍ အတော်တော့ သက်သာသည်။ တိုင်းပြည်အတွက် ကောင်းမကောင်း သက်သာမသက်သာ မစဉ်းစားကြပါ။

(၂)

နိုင်ငံရေး ခေါင်းဆောင်များက မျှော်ဖို့ပဲ လမ်းပြလျှင် လူထုက မျှော်ကြမှာပါ။ မျှော်သည့်အလုပ်မှာ ဗမာပြည် နိုင်ငံရေး ယဉ်ကျေးမှုနှင့် မစိမ်းပါ။ ဝံသာနုလုပ်ငန်း ကျဆုံးပြီး သူပုန်ထတာလည်း ရှုံးထားသဖြင့် စကြာမင်း မျှော်ဖူးသည်။ ဟစ်တလာ နာဇီ၏ တံဆိပ်ကလည်း စကြာတံဆိပ် ဖြစ်နေသည်။

ကျေးလက်နိုင်ငံရေး စကားဝိုင်းတွင် သံချိုဦးကျော်လှ၏ 'နှီးဆော်စာ မိုးပေါ်က ကြဲပါလိမ့် ပွဲနောက်ပိတ်ဆုံး' ကို ရွတ်ကြသည်။ တနိုင်ငံလုံးတွင် 'စကြာ သိုက်' သီချင်း ခေတ်စားသည်။

မျှော်သည့် အလုပ်တွင် စည်းရုံးရေး လိုက်စရာ မလိုပါ။ မျှော်ဖို့သက်သက်ပဲ ဖြစ်သည်။ ထိုအခါက ထီထိုးသူ များသည်။

ထီလက်မှတ်တိုင်းလောက်တွင် အတိတ်က 'ဘိုးဘိုးအောင် မ, စပါ' ဖြစ်ခဲ့သည်။

အာရှတွင် စစ်သံတွေ ကြားလာသော အခါကျမှ မျှော်သည့်အလုပ်တွင် စည်းရုံးရေးပါလာသည်၊ ဘီအိုအေ စည်းရုံးရေး။ ဂျပန်က အသုံးချသွားသည်။ ထီးရိုးကို ပစ်မည့် မိုးကြိုးက ဂျပန်ဖြစ်နေသည်။

လွန်ခဲ့သည့်နှစ် ၆၀ ကျော်က အဖြစ်ကို မပြောချင်ပါ။ သို့သော် ဟိုတုန်းကလည်း ဂျပန်ကိုအသုံးချခဲ့တာပဲ၊ အခုလည်း အမေရိကန်ကို အသုံးချပေါ့ဟု ပြောသူရှိလာသဖြင့် ပြောရပါသည်။ တကယ့်ကို မပြောချင်ပါ။

(၃)

ဗမာပြည် နိုင်ငံရေးသည် စကတည်းက အိန္ဒိယနိုင်ငံရေး၏ နောက်က လိုက်ခဲ့ပါသည်။ အထူးသဖြင့် အိန္ဒိယကွန်ဂရက်ပါတီ (INC) ၏ နိုင်ငံရေးနောက်က လိုက်နေကျပါ။ INC က သီပေါမင်း ပါတော်မူသည့်နှစ်က ဖွဲ့တာပါ။ INC ရဲ့ နောက်ကို ဘယ်လောက်လိုက်သလဲဆိုလျှင် အိန္ဒိယပြည်ရဲ့ ပြည်နယ်ဘဝမှာပဲ နေပါရစေ၊ မခွဲချင်ပါ၊ 'တွဲရေး' မဲပေးပါသည်ဟု ပြောသည်အထိ လိုက်ခဲ့၏။

သို့သော် ဂျပန်က (စစ်ကြီးက) ဗမာပြည်နိုင်ငံရေးကို အိန္ဒိယနိုင်ငံရေးနှင့် လမ်းခွဲပေးလိုက်သည်။ အိန္ဒိယနိုင်ငံရေးထက် တရုတ်နိုင်ငံရေးနှင့် ဆင်တူသလို ဖြစ်သွားစေသည်။

ဗမာပြည်မှာ ပြည်တွင်းစစ် ဘာကြောင့်ဖြစ်သလဲ။ ဘာကြောင့်

ရေရှည်သလဲ ဆိုတာကို စဉ်းစားလျှင် ဤအခြေခံ အကြောင်းအချက်ကို ထည့်စဉ်းစားဖို့ လိုသည်။

(၄)

ဂျပန်နှင့်ပေါင်းသည့် ကျွန်တော်တို့သည် ဂျပန်ဘာလဲဆိုတာနှင့် ဂျပန်က ရေရှည်စစ်မတိုက်နိုင် မုချရှုံးမည်ဆိုတာ သိသည်။ ထို့ကြောင့် ဂျပန်ကို အသုံးချဝံ့သည်။ အသုံးချခဲ့သဖြင့် အမြတ်ထွက်သည်။ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီး တခုနှင့် တပ်မတော်တခု အမြတ်ကျန်သည်။

ဂျပန်ကိုအသုံးချခဲ့သလို အမေရိကန်ကို အသုံးချချင်သူများ စဉ်းစားဖို့ အချက် ၃ ချက် တင်ပြချင်ပါသည်။

– အမေရိကန်က ဂျပန်လို ဒုတိယတန်းက ပထမတန်းတက်တိုက်သူ မဟုတ်ပါ။ စူပါတန်းတောင် မဟုတ်၊ ဟိုင်ပါတန်း။ ဗိုလ်တကာ့ဘုရင်ပါ။ ကိုယ်က အသုံးချတာ မဟုတ်ဘဲ သူကပဲ အသုံးချသွားမှာပါ။ အီရတ်မှာထက် ဆိုးပါလိမ့်မယ်။ အီရတ်ရဲ့ ဘေးပတ်ဝန်းကျင်မှာ နိုင်ငံကြီးတွေ မရှိပါဘူး။

– ကျွန်တော်တို့မှာ ရှိပါတယ်။ အိန္ဒိယက နယ်ချဲ့ဆန့်ကျင်ရေး နိုင်ငံရေးတိုက်ပွဲမှာ ရေရှည်တိုက်တဲ့ အတွေ့အကြုံ ရှိတယ်။ အခု လွတ်လပ်နေပြီ။ တောင်အာရှရဲ့ အင်အားကြီး နိုင်ငံပါ။ တရုတ်ပြည်ကလည်း ရေရှည်စစ်တိုက်ပွဲ ဝိဇ္ဇာပါ။ ရေရှည်ကြားညပ်ခံရလျှင် တိုင်းပြည်ပျက်ပါလိမ့်မယ်။

– စစ်ဖြစ်လျှင် အချောင်နှိုက်ချင်သူတွေ ရှိလာလိမ့်မယ်။ ဂျပန်ကို လမ်းဖွင့်ပေးလို့ ကျိုင်းတုံတနယ်လုံး ဆုချခံရတဲ့ ထိုင်း (ယိုးဒယား) ငြိမ်နေမယ် မထင်ပါဘူး။ တနင်္သာရီကိုပါ ဂျပန်က ဆုချမလိုဖြစ်ခဲ့ပါတယ်။ ထိုင်း (ယိုးဒယား)ရဲ့ ပေါ်လစီမျိုး ဗမာပြည်ကလိုက်လို့ မရတာကိုလည်း ထည့်စဉ်းစားစေချင်ပါတယ်။

ဒီလိုအခြေအနေမျိုးမှာ ဗမာပြည်ဟာ ကြားကခံလိုက်ရတဲ့ တိုင်းပြည်ပဲ ဖြစ်မှာပါ။ အမြတ်ကျန်မယ် မဟုတ်ပါ။ ဒါကြောင့်ပဲ ကိုယ့်ပြည်တွင်းပြဿနာကို ကိုယ့်ပြည်တွင်းမှာပဲ ရှင်းဖို့ ဗမာပြည်ကွန်မြူနစ်ပါတီက ရပ်ခံနေတာ ဖြစ်ပါတယ်။

**ဟိုင်ပါတန်း။ ဗိုလ်တကာ့ဘုရင်ပါ။ ကိုယ်က အသုံးချတာ မဟုတ်ဘဲ သူကပဲ အသုံးချသွားမှာပါ။ အီရတ်မှာထက် ဆိုးပါလိမ့်မယ်။**




*စာတည်းအဖွဲ့၏အမှာ...*

(ပါတီ၏ အာဘော်မဟုတ်။ စာတည်းအဖွဲ့၏ အာဘော်လည်း မဟုတ်ပါ။ သုတေသီတဦး၏ ပုဂ္ဂလိကအာဘော် ဖြစ်သည်။ အပြန်အလှန် ဆွေးနွေးကြပြီးမှ ပါတီက စစ်ရေးလမ်းစဉ် ချမည်ဖြစ်သည်။ ဆွေးနွေးကြစေချင်သည်။ စာတည်းအဖွဲ့က ဗဟိုသို့ တင်ပြပေးမည်။ ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုကို အခြေအနေအရ ဤနည်းဖြင့် ပုံဖော်ခြင်း ဖြစ်ပါသည်။)

တွက်ကိန်း (၁) စစ်ကြီးဖြစ်ဖြစ်၊ စစ်ကလေးဖြစ်ဖြစ် (ဗမာပြည်နဲ့အနီးအနားမှာ) ဖြစ်မှာမဟုတ်ပါ။ ဖြစ်မှာကိုလည်း ဗမာပြည်အနေနဲ့ မလိုလားသင့်ပါ။

ပျဉ်းမနား၊ တောင်တွင်းအရပ်တွင် စစ်အဆောက်အဦများ ဆောက်နေပါသည်။ ပြည်ပရန်ကာကွယ်ဖို့ ဟုတ်မည်မထင်ပါ။ ယူရေနီယံကို စွမ်းအားထုတ်နုတ်ထားသည့် ပစ္စည်းဖြင့်၊ ထွင်းဖောက်အား မြှင့်တင်ထားသော (DU ဗုံး) ၏ အစွမ်းကို စစ်အုပ်စု သိပါသည်။

ပြည်တွင်းလှုပ်ရှားမှုကို နှိမ်နင်းရန် တိုင်းပြည်၏အလယ်ဗဟိုတွင် စစ်ဌာနချုပ်ထားဖို့ပဲ ဖြစ်ပါလိမ့်မည်။ ပဲခူးရိုးမကို တောင်နှင့်မြောက် နှစ်ဘက်ညှပ်ပြီး ချုပ်ကိုင်ထားဖို့ဖြစ်သည်။

ဟိုတုန်းက ပြည်ပအန္တရာယ်ဆိုတာကို အရှေ့ဘက် (တရုတ်ဆီ) က လာမယ်လို့မှန်းပြီး ဧရာဝတီအနောက်ဘက်ကို သေနင်္ဂဗျူဟာ အခြေခံဒေသအဖြစ် သတ်မှတ်ခဲ့သည်။ ယခုတော့ ရန်သူဝိုင်းဝိုင်းလည်နေသဖြင့် သေနင်္ဂဗျူဟာ အခြေခံဒေသကို ဗမာပြည်၏အလယ်ဗဟိုတွင်ထားဖို့ စဉ်းစားတာလည်း ဖြစ်နိုင်သည်။

အီရတ်စစ်ပွဲမျိုး ဗမာပြည်မှာ (အမေရိကန်က) လာတိုက်လို့ မရကြောင်း စစ်အုပ်စုသိသည်။ ဒါကြောင့်ပဲ "နယ်ချဲ့စနစ်သစ် ဆန့်ကျင်ရေး" လေလုံးထွားဝံ့ခြင်း ဖြစ်သည်။

တပ်ဖျောက်ပြီး တိုက်မယ်ဆိုတာလည်း လေလုံးထွားတာ ဖြစ်သည်။ လူထုကြား ဖျောက်လို့မရတဲ့ တပ်ဆိုတာ သူတို့ အကြောင်း သူတို့သိသည်။ လူထုက တပ်ကိုစည်းရုံးပြီး စစ်အုပ်စုကို ဖြုတ်ချလိုက်မှာလည်း သူတို့ကြောက်သည်။ လူထုကြားသို့ သူတို့တပ်ကို မပို့ဝံ့ပါ။

၁၉၈၈ ခုနှစ် လူထုတိုက်ပွဲ အရှိန်မြင့်နေချိန်က ဒေါက်တာမောင်မောင်ကို အပျော့ဆွဲ ဆွဲထားခိုင်းပြီး သူတို့တပ်ကို

လူထုနဲ့ဝေးရာ တောထဲမှာပဲ စုစည်းခဲ့တာကို သတိပြုသင့်သည်။

ယိုးဒယားနဲ့ ပါးစပ်စစ်တိုက်ကြတုန်းက ပါတီက ယိုးဒယားနဲ့ တိုက်တဲ့အထဲ တို့မပါဘူး၊ မင်းတို့ကိုပဲ ဖြုတ်ချပစ်မယ်။ ဖြုတ်ချပြီးမှ ယိုးဒယားနဲ့ စစ်ပြေငြိမ်းရေးစကား ပြောမယ်ဟု အတိအလင်း ကြေညာခဲ့ဖူးတာ သတိပြုပါ။

တွက်ကိန်း (၂) ချူကလီးယားခေတ်ကြီးတွင် နိုင်ငံကြီးများ သူတို့ချင်း ထိပ်တိုက်တွေ့မှာကို ရှောင်ကြသည်။ တဦးကိုတဦး ချောက်ချဖို့ပဲ လုပ်ကြသည်။ ဆိုဗီယက် (ရုရှ) က အာဖဂန်ထဲ တပ်တွေလွှတ်လာအောင် ဆွပေးတာလုပ်ပြီး ရုရှက အာဖဂန်ထဲ တပ်တွေပို့တော့ အမေရိကန်အစိုးရ သိပ်ပြီးဝမ်းသာသွားသည်။ ဆိုဗီယက်ကို "ဗီယက်နမ်စစ် ပေးလိုက်နိုင်ပြီ" ဟု ပြောသည်။ ဆိုဗီယက်ကို အာဖဂန်စစ်နွံတွင်း နစ်သထက်နစ်အောင် ဝိုင်းပြီး လုပ်ကြသည်။ ဤသို့ဖြင့် ဆိုဗီယက်ပြိုကျသွားသည် အထိ ဖြစ်သည်။

**ချူကလီးယားခေတ်ကြီးတွင်**
**နိုင်ငံကြီးများ**
**သူတို့ချင်း**
**ထိပ်တိုက်တွေ့မှာကို**
**ရှောင်ကြသည်။**
**တဦးကိုတဦး**
**ချောက်ချဖို့ပဲ**
**လုပ်ကြသည်။**

အခုတော့ ရုရှပြန်နာလန်မထူအောင် "ချက်ချင်ညာ ပေးထား"သည်။ ရုရှ၊ ပြင်သစ်၊ တရုတ်၊ ဂျာမနီတို့ကလည်း အမေရိကန်ကို "အီရတ်နဲ့ အာဖဂန်စစ်ပေးထား" သည်။ အမေရိကန်က တရုတ်ကို "ထိုင်ဝမ်ပြဿနာ"ပေးထားသည်။ အိန္ဒိယက ပါကစ္စတန်ကိုပဲ ဂရုစိုက်ရသည်။ ဗမာပြည်က စိုးရိမ်စရာ မရှိပါ။ ဂျပန်ကိုတော့ စိုးရိမ်ရသည်။ သူက "ဖွဲ့စည်းအုပ်ချုပ်ပုံ" ကျော့ကွင်းထဲက လွတ်ထွက်လာလျှင် အန္တရာယ်ရှိသည်။ ဂျပန်ကို လျှော့တွက်လို့ မရ။ သူက ဗမာပြည်၏ 'မာစတာ' ဟောင်း ဖြစ်သည်။ ယိုးဒယားကို ကျိုင်းတုံနယ်ကြီးတခုလုံး ထိုးကျွေးခဲ့ဖူးသည်။ ကျိုင်းတုံနယ်က ပန်ဆန်း နမ့်ခ ချောင်းအထိ ကျယ်သည်။ တရုတ်ပြည်နှင့် ထိစပ် နေသည်။

အမေရိကန်ကို ပြိုင်မယ့်သူ မပေါ်နိုင်သေး။ အမေရိကန်ကလည်း ၂၁ ရာစုကို အမေရိကန်ရာစု ဖြစ်ရေး လက်မလျှော့သေး။

လူကြီးဝိုင်း၏ ကစားပွဲကို မိမိတို့ လက်လှမ်း မမီပါ။ တခုတော့ သေချာသည်။ အမျိုးသားအကျိုးစီးပွားနှင့် ပတ်သက်လာလျှင် သူတို့တတွေ အင်မတန်လက်တွေ့ကျလေ့ ရှိသည်။ "လွတ်လပ်မှု" ဆိုတာကို ဘုရားသခင်ကပေးထားသည့် မစ်ရှင်တခုလို ပြောနေသော အမေရိကန်က ပါကစ္စတန် အာဏာသိမ်းဗိုလ်ချုပ်ကို မဟာမိတ်ဖွဲ့ထားတာ ကြည့်ပါ။

******************************

# ဗမာပြည်ကို ပြည်ပကကျူးကျော်မယ့် အန္တရာယ်ရှိနိုင်သလား

**ဗမာပြည်က နအဖ စစ်အုပ်စုဟာ ရှစ်လေးလုံးအရေးတော်ပုံ ပြီးတဲ့နောက်ပိုင်းမှာ စစ်အင်အားကို အကြီးအကျယ် တိုးချဲ့ခဲ့ပါတယ်။ ဒီအရင်ကတော့ ပြည်တွင်းစစ် ဖြစ်နေတာမို့ စစ်အင်အား တိုးချဲ့တည်ဆောက်တာပါ။ ဒီနောက်ပိုင်းမှာတော့ ပြည်ပအန္တရာယ်ကို ကာကွယ်နိုင်ဖို့ တည်ဆောက်တာလို့ ဆိုပါတယ်။**

ပြည်ပအန္တရာယ် ကာကွယ်နိုင်ဖို့ ရည်မှန်း တည်ဆောက်ရတာ ဆိုတော့ ပြည်တွင်းစစ် တိုက်နေရတုန်းကထက် စစ်စွမ်းရည်မြင့်ဖို့ လိုအပ်ပုံရပါတယ်။ ဒါကြောင့် ခေတ်မီစစ်သင်္ဘော၊ စစ်လေယာဉ်၊ တင့်ကား၊ သံချပ်ကာနဲ့ အမြောက်စတာတွေကို အမယ်စုံအောင် တမျိုးနည်းနည်း ဝယ်ယူတပ်ဆင်တာ ထင်ပါတယ်။ ဒ့ါအပြင် ပင်လယ်ပြင်က ဝင်လာရင် သိရှိကာကွယ်နိုင်ဖို့ ခေတ်မီ ထောက်လှမ်းရေး ပစ္စည်းကိရိယာများ တပ်ဆင်ထားတဲ့ စခန်းသစ်များ၊ အမြောက်နဲ့ ဒုံးကျည်စခန်းသစ်များကို ပင်လယ် ကမ်းရိုးတန်းနဲ့ ကျွန်းများပေါ်မှာ တိုးချဲ့တည်ဆောက်ခဲ့ပါတယ်။

ဒီနောက်ပိုင်းမှာတော့ ကုန်းတွင်းစခန်းသစ် တည်ဆောက်မှုတွေ လုပ်လာပါတယ်။ ရန်ကုန်မှာရှိတဲ့ စစ်ဌာနချုပ်ကို ပြောင်းရွှေ့အခြေစိုက်ဖို့လို့ ပြောနေကြပါတယ်။ ဒီစခန်းသစ်ဟာ ပျဉ်းမနားတဝိုက်မှာဖြစ်ပြီး ဗိုလ်ခင်ညွန့်မပြုတ်ခင်က သူကိုယ်တိုင် ဦးစီးကြီးကြပ်ခဲ့တာလို့ ဆိုပါတယ်။ ဒီစီမံကိန်းမှာ ရန်ကုန် – မန္တလေး ကားလမ်းရဲ့ အနောက်ဘက်ခြမ်းနဲ့ အရှေ့ဘက်ခြမ်းဆိုပြီး နှစ်နေရာ ပါရှိပါတယ်။ အနောက်ဘက်ခြမ်းက ရာထူးအဆင့်ဆင့် အလိုက် နေထိုင်ကြဖို့ လူနေ ၃ ထပ်၊ ၄ ထပ် တိုက်များဖြစ်ပြီး ပျဉ်းမနား – တောင်တွင်းကြီးကားလမ်း ဘေးမှာပါ။ အရှေ့ဘက်ခြမ်း ကတော့ ပျဉ်းမနား –ပင်လောင်း ကားလမ်းဘေးမှာရှိပြီး လုံခြုံရေးအရ အထူးစီမံထားတဲ့ အခိုင်အခံ့ အဆောက်အအုံများ ဖြစ်ပါတယ်။ မြေအောက်ထပ်များပါ ပါရှိပြီး ပုံဖျက်ထားတယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် ပျဉ်းမနားနဲ့ ကီလိုမီတာ ၂၀ လောက်ဝေးတဲ့ လောမြို့နဲ့ (၈) လမ်းသွား ကားလမ်းများ ဖောက်လုပ်ထားပါတယ်။ လောမြို့မှာ သတ္တုထုတ်လုပ်ရေး စီမံကိန်းရှိပါတယ်။ ဒီမြို့မှာ လေယာဉ်ကွင်းလည်း ဆောက်လုပ်နေတယ်လို့ ဆိုပါတယ်။ ဒါကြောင့် တချို့က ပျဉ်းမနားစီမံကိန်းဟာ နျူကလီးယားခေတ်ပေါင်းဖို စီမံကိန်းလည်း ဖြစ်နိုင်တယ်လို့ ခန့်မှန်းနေကြတာ ဖြစ်ပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် နအဖ ကတော့ သူတို့တွက်ချက်မှုနဲ့သူတို့ အရေးပါတဲ့ စစ်တပ်စီမံကိန်းကြီးတခု ဆောင်ရွက်နေတာကတော့ သေချာပါတယ်။

တိုင်းပြည်တိုင်းက အစိုးရတွေဟာ မိမိတိုင်းပြည်ရဲ့ လုံခြုံမှုအတွက် ကြိုတင်တွက်ချက် ပြင်ဆင်ကြတာဟာ သဘာဝကျပါတယ်။ အရေးကြီးတာက ဒီလိုတွက်ချက်မှုဟာ အဖြစ်မှန်နဲ့ အနီးစပ်ဆုံး ဖြစ်ဖို့ပါ။ ဒါမှသာတိုင်းပြည်ရဲ့ ဘဏ္ဍာကို မှန်မှန်ကန်ကန် သုံးစွဲရာရောက်ပြီး ပြည်သူလူထုရဲ့ အကျိုးစီးပွားကိုလည်း အရေးရှိတဲ့အခါ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ဗမာပြည်မှာ မောင်မောင်၊ အောင်ကြီး စစ်အုပ်စု တွင်ကျယ်ခဲ့စဉ်ကတော့ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို ထိပါးမယ့် ရန်သူဟာ တရုတ်ပြည်ဘက်ကပဲ လာမယ်လို့ တွက်ဆခဲ့ကြတာပါ။ ဒါကြောင့်လည်း စစ်ရေးအခြေခံ တည်ဆောက်မှုများ အရေးကြီးတဲ့ စက်ရုံများကို ရောဝတီမြစ် အနောက်ဘက်ကမ်းနဲ့ ရခိုင်ရိုးမကြားမှာပဲ တည်ဆောက်ခဲ့ကြပါတယ်။ ခုအခါမှာတော့ ရန်သူဟာ ပင်လယ်ဘက်က လာမယ်လို့ တွက်ဆပြီး ရန်ကုန်က စစ်ဌာနချုပ်ကို မလုံခြုံဘူးလို့ တွက်ဆကာ ပျဉ်းမနားဘက်ကို ရွှေ့ဖို့ပြင်ဆင်ပုံ ရပါတယ်။ ဒီတခါ အဓိကအန္တရာယ်က အနောက်က လာနိုင်တာဖြစ်ပြီး အထူးသဖြင့် အမေရိကန်ကို စိုးရိမ်ပုံရပါတယ်။ ဘုရှ်အစိုးရကလည်း ဗမာပြည်ကို ဆိုးသွမ်းနိုင်ငံများ စာရင်းထဲမှာ တို့ ထားတော့ နအဖ အတွက်တော့ စိုးရိမ်စရာပါပဲ။

အမေရိကန်က ဗမာပြည်ကို ကျူးကျော်မယ့်အန္တရာယ် တကယ်ရှိပါသလား။ အမေရိကန်ဟာ ၁၉၉၀ ခုနှစ်များ အတွင်းက လူသားရေးရာ စာနာထောက်ထားမှုများကို အကြောင်းပြပြီး ဆိုမာလီ၊ ဟေတီ၊ ဘော့စနီယားနဲ့ ကိုဆိုဗိုတို့မှာ စစ်ရေးအရ ဝင်ရောက်စွက်ဖက်ခဲ့ဖူးပါတယ်။ ဒီအရင်ကလည်း ဂရင်နေဒါ၊ ပနားမားတို့လိုနိုင်ငံများကို ဝင်ရောက်ကျူးကျော် ဗိုလ်ကျခဲ့ဖူးပါတယ်။

၂၀၀၁ ခုနှစ် ဇွန်လ (၁) ရက်နေ့က သမ္မတဘုရှ်ဟာ ဝက်စ်ပွိုင့်စစ်တက္ကသိုလ်မှာ မိန့်ခွန်းပြောခဲ့စဉ်က "မိမိတို့သည် အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲ ဆင်နွှဲရာ၌ နိုင်ငံပေါင်း ၆၀ မျှကိုသွားရောက် တိုက်ခိုက်ရန် လိုအပ်ပါက တိုက်ခိုက်ရမည် ဖြစ်ကြောင်း မိမိတို့သည် စစ်ပွဲကို ရန်သူရှိရာသို့ သယ်ဆောင်သွားပြီး သူ၏စီမံကိန်းများကို ကြိုတင်ဖျက်ဆီး ပစ်မှသာ မိမိတို့လုံခြုံမှု ရှိမည်ဖြစ်ကြောင်း" ပြောခဲ့ပါတယ်။ ၉/၁၁ အရေးအခင်းအပြီး ၂၀၀၁ အောက်တိုဘာမှာ အာဖဂန်ကို ဝင်တိုက်ပြီးနောက် ၂၀၀၂ စက်တင်ဘာမှာ ဘုရှ်အစိုးရက သူ့ရဲ့ အမျိုးသားလုံခြုံရေး မဟာဗျူဟာမှာ "ကာကွယ်ရေးစစ်" ဆင်နွှဲခွင့်ရှိကြောင်း ပြောခဲ့ပါတယ်။ လက်တွေ့အားဖြင့်လည်း ၂၀၀၃၊ မတ်လမှာ အီရတ်စစ်ပွဲများကို နောက်တော်ပါတချို့နဲ့ ဝင်တိုက်ခဲ့ပါတယ်။ သမ္မတဘုရှ်ရဲ့ အမျိုးသားလုံခြုံရေး အကြံပေးလုပ်ခဲ့တဲ့ ကွန်ဒိုလီဇာရိုက်က ဘုရှ်ရဲ့ ဒုတိယအကြိမ် သမ္မတသက်တမ်း ကာလရောက်တော့ နိုင်ငံခြားရေးဝန်ကြီး လုပ်ခါစမှာ ဗမာပြည်ဟာ "အခမ္ဗသိမ်းပိုက်အုပ်စိုးမှုရဲ့ ရှေ့တန်းစခန်း" တခုလို့ ပြောခဲ့တယ်။ ဒ့ါအပြင် ဆိုးဝါးသော နိုင်ငံများ စာရင်းကို တန်းစီပြောသွားရာမှာလည်း ဗမာပြည်ကို ထည့်ပြောခဲ့ပါတယ်။ ရှစ်လေးလုံး နောက်ပိုင်း တက်လာခဲ့တဲ့ ဗမာပြည်က စစ်အုပ်စုဟာ ပြည်တွင်းမှာ ဗိုလ်ကျဆိုးသွမ်း ထားခဲ့တာတွေကလည်း မနည်းမနော ရှိနေတာဆိုတော့ သူတို့အနေနဲ့ စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာပါပဲ။

**ဗမာပြည်ဟာ**
**အီရတ်လို**
**အမေရိကန်**
**မျက်စိကျလောက်စရာ**
**သိပ်မရှိလှသလို**
**သူ့ရဲ့တည်ရှိမှုဟာလည်း**

ဒါပေမဲ့ အမေရိကန်ရဲ့ လူသားရေးရာ စာနာထောက်ထားတာတို့၊ လူ့အခွင့်အရေး ကာကွယ်တာတို့၊ ဒီမိုကရေစီကို ဖော်ဆောင်ဖို့ ကူညီတာတို့ ဆိုတာတွေဟာ သူလိုချင်တဲ့ အကျိုးစီးပွား တခုရှိလို့သာ အကြောင်းပြတာဖြစ်ကြောင်း သူပါဝင်ကူညီခဲ့တဲ့ ကိုဆိုဗို၊ အာဖဂန်၊ ပနားမား၊ အီရတ် အဖြစ်အပျက်များရဲ့ နောက်ပိုင်းဖြစ်ရပ်များက သက်သေပြခဲ့ပြီး ဖြစ်ပါတယ်။

ဗမာပြည်ဟာ ပနားမားလို အမေရိကန်အတွက် အရေးကြီးတဲ့ အကျိုးစီးပွား ရှိတာမဟုတ်ပါ။ ကိုဆိုဗိုလို ဥရောပက နောက်ဆုံးကျန်တဲ့ အနီခံတပ်မျိုး မဟုတ်ပါ။ အီရတ်လိုမျက်စိကျလောက်အောင် ရေနံထွက်နေတာလည်း မဟုတ်ပါ။ အာဖဂန်လို အာရှဥရောပ ကုန်းမြေကို ထိန်းချုပ်ဖို့အတွက် ပထဝီနိုင်ငံရေးအရ သဘောကျလောက်တာ မဟုတ်သလို ဗမာပြည်ကလည်း အာဖဂန်လိုအမေရိကန်ကို ဝင်တိုက်မယ့် အကြမ်းဖက်ဝါဒီများကို လက်ခံလေ့ကျင့်ပေးနေတာ မဟုတ်ပါဘူး။ အမေရိကန်ကိုယ်တိုင်ကလည်း နိုင်ငံပေါင်း (၆၀) လောက်ကို သွားရောက် တိုက်ခိုက်ဖို့ ပြင်ဆင်ထားနေတယ် ဆိုပေမယ့် လောလောဆယ် တိုက်လို့မပြီးသေးတဲ့ အာဖဂန်နဲ့ အီရတ်စစ်ပွဲ နှစ်ပွဲမှာပင် အတော်ခြေကုန်လက်ပန်းကျနေတာပါ။ ခုနောက်ဆုံး အီရတ်စစ်ပွဲဟာ ကိုယ်တိုက်ချင်လို့ လိမ်လည်အကြောင်းပြခဲ့တာ ဖြစ်ကြောင်း ပေါ်သွားတာမို့ နောက်တခါ လိမ်ဖို့က ခပ်ခက်ခက်ပါ။ အီရတ်စစ်ပွဲ မတိုက်ဖို့ ဆန္ဒပြခဲ့ကြတဲ့ အမေရိကန်ပြည်သူလူထုဟာ ဒီလိုမတရားတဲ့ ဗိုလ်ကျတဲ့စစ်ပွဲမှာ အသက်အသေမခံလိုကြပါဘူး။ ဒါကြောင့်လည်း အမေရိကန်စစ်တပ်အတွက် စစ်သားသစ်စုဆောင်းရေးဟာလည်း ခက်လာနေပါတယ်။ အခုတော့ ဒီစစ်ပွဲကို ဘယ်လို အောင်မြင်စွာ အဆုံးသတ်ရမယ် ဆိုတာကိုက အမေရိကန်အတွက် အခက်အခဲကြီး တရပ် ဖြစ်နေတာပါ။

ခုနောက်ဆုံး ၂၀၀၅၊ ဇွန်လအတွင်းက ပြုလုပ်ခဲ့တဲ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးမှာ ကုလသမဂ္ဂဆိုင်ရာ အမေရိကန် ယာယီဒုသံအမတ်က ဗမာပြည်အရေးကိစ္စကို ဆွေးနွေးဖို့ အဆိုပြုရာမှာ ရုရှားနဲ့ တရုတ်နိုင်ငံတို့က ဗမာပြည်မှာ ပြဿနာတွေ ရှိနေတာမှန်ပေမယ့် ဒါဟာ သူ့ရဲ့ ပြည်တွင်းရေးကိစ္စသာ ဖြစ်တာမို့ လုံခြုံရေး ကောင်စီမှာ ဆွေးနွေးစရာ မလိုဘူးဆိုပြီး ပယ်ချတာခံခဲ့ရပါတယ်။ အမေရိကန်အနေနဲ့ အီရတ်ကိစ္စမှာ အကြီးအကျယ် ပွင့်ကျပြီးတဲ့နောက် ခုတခေါက် သွေးတိုးစမ်းကြည့်ရာမှာ အရေးနိမ့်သွားတာ သေချာပါတယ်။

ဗမာပြည်ဟာ အီရတ်လို အမေရိကန် မျက်စိကျလောက်စရာ သိပ်မရှိလှသလို သူ့ရဲ့တည်ရှိမှုဟာလည်း ကမ္ဘာ့လူဦးရေ အများဆုံးနဲ့ အင်အားလည်း အတော်အတန်ကြီးကြတဲ့ နိုင်ငံကြီးနှစ်နိုင်ငံရဲ့ အကြားမှာရှိနေတာ ဖြစ်ပါတယ်။ ဒီနိုင်ငံကြီးနှစ်နိုင်ငံရဲ့ ဆက်ဆံရေးကလည်း ကောင်းမွန်နေပြီး ဗမာစစ်အစိုးရနဲ့ ဒီနှစ်နိုင်ငံနဲ့ ဆက်ဆံရေးဟာလည်း အထူးကောင်းမွန် နေပါတယ်။ နောက်ပြီး သူတို့အနီးအနားမှာ စစ်ဖြစ်ပြီး တည်ငြိမ်မှု ပျက်ပြားမှာကိုလည်း လိုလားကြမှာ မဟုတ်ပါဘူး။ နောက် ဒီနိုင်ငံကြီးနှစ်နိုင်ငံကလည်း ဟိုတုန်းကလိုမဟုတ်၊ အင်အားကြီး နိုင်ငံတွေ ဖြစ်နေကြပါပြီ။ နိုင်ငံကြီးအချင်းချင်း စစ်မခင်းသမျှ အမေရိကန်ဟာ ဗမာပြည်ကို ကျူးကျော်ဖို့ဆိုတာ ဖြစ်နိုင်ချေ မရှိပါဘူး။

အမှန်မှာ ဗမာပြည် ပြဿနာဟာ ပြည်တွင်းရေးပြဿနာသာ ဖြစ်တယ်။ နိုင်ငံတကာ့ပြဿနာဖြစ်လာရင် ဗမာပြည်အတွက် မကောင်းပါဘူး။ ပြည်တွင်းမှာ ညှိနှိုင်းဖြေရှင်းရင် ကြေလည်သွားနိုင်ပါတယ်။ နအဖ ကသာ စစ်တပ်ကို ဗဟိုပြုတဲ့ စီးပွားရေးလုပ်ငန်းများ လုပ်တာကို ဖုံးကွယ်နိုင်ဖို့ ပြည်ပကကျူးကျော်မယ့် အန္တရာယ်ဆိုတာကို အသံကုန်အော်နေတာသာ ဖြစ်ပါတယ်။ ပျဉ်းမနားစီမံကိန်းဟာ အခိုင်အမာသက်သေတခုပါပဲ။ ဒီစီမံကိန်းကို စစ်အုပ်စုဆွေမျိုးတစု ဝိုင်းလုပ်ကိုင်နေတာ တွေ့နိုင်ပါတယ်။ ဒီစီမံကိန်းအတွက် လိုအပ်တဲ့ကုန်ပစ္စည်းများ တင်သွင်းတာကအစ အုတ်၊ သဲ လုပ်ငန်းမျိုးနဲ့ တည်ဆောက်မှု လုပ်ငန်းအားလုံးမှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့သား၊ ဗိုလ်ချုပ်ကြီးရွှေမန်းရဲ့သားတွေရဲ့ ကုမ္ပဏီများ၊ နအဖ ကောင်စီဝင် ဒုဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးရဲ့ကုမ္ပဏီ၊ ဗိုလ်ချုပ်တွေရဲ့ အစုရှယ်ယာတွေ ထည့်ဝင်ထားတဲ့ ကုမ္ပဏီများနဲ့ စစ်တပ်မှ အင်ဂျင်နီယာတပ်တို့က ပျော်ပျော်ပါးပါး လုပ်ကိုင်နေကြတာပါ။ နိုင်ငံတော်ကာကွယ်ရေးအတွက် ဆိုတာကို အကြောင်းပြပြီး တည်ဆောက်မယ့် နေရာတဝိုက်က လူထုရဲ့ ဥယျာဉ်၊ ခြံမြေ၊ အိမ်မြေ၊ လယ်ယာမြေများကို လျော်ကြေးမပေးဘဲ သိမ်းတာနဲ့ ကားများချောဆွဲတာ၊ လူထုကို အတင်းအဓမ္မခိုင်းစေတာ၊ လုပ်အားခ လျှော့ပေးတာ စတဲ့လုပ်ငန်းများကိုတော့ ဒေသတဝိုက်မှာ အခြေစိုက်ထားတဲ့ တပ်များနဲ့ ထောက်လှမ်းရေး တပ်ဖွဲ့များက ခွဲဝေလုပ်ကိုင် စားသောက်ကြတာ ဖြစ်ပါတယ်။ နအဖ က လုပ်နေတဲ့ စီမံကိန်းများဟာ ဒီပုံစံနဲ့ လည်ပတ်နေကြတာပါပဲ။ ၈၈ ခုနှစ် နောက်ပိုင်း အာဏာသိမ်းတက်လာခဲ့တဲ့ စစ်အုပ်စုနဲ့ အပေါင်းအပါများဟာ ဒီလိုနည်းနဲ့ တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းများလုပ်ရင်း ချမ်းသာကြွယ်ဝလာကြကာ အခြေခံလူထုများကတော့ ဆင်းရဲမွဲတေ သွားခဲ့ကြရတာ ဖြစ်ပါတယ်။

စစ်အုပ်စုကတော့ မရှိနိုင်တဲ့ ပြည်ပက ကျူးကျော်မယ့် အန္တရာယ်အတွက် ဆက်ပြီးပြင်ဆင်နေဦးမှာပါပဲ။ စစ်အုပ်စုဟာ တိုင်းပြည်အကျိုးကို တကယ်လိုလားရင် လူအရေအတွက် ပိုများလာတဲ့ စစ်တပ်နဲ့ အမယ်စုံရုံ ဝယ်ထားတဲ့ ခေတ်မီစစ်လက်နက်ပစ္စည်း တချို့လောက်ကို အားကိုးမာန်တက်ပြီး ရန်မီး ပွားစေတဲ့ လုပ်ရပ်အားလုံးကို ရှောင်ရှားသင့်ပါတယ်။ အားလုံးနဲ့ သင့်တင့်စွာ ဆက်ဆံလုပ်ကိုင်သွားနိုင်မယ့်၊ နိုင်ငံကြီးများ အကြားမှာ ကြားနေလို့ရမယ့်၊ တည့်မတ်တဲ့ ကြားနေရေး ပေါ်လစီကိုသာ အားကိုးသင့် ပါတယ်။ ဒီလိုမဟုတ်ဘဲ ပြည်ပနိုင်ငံများရဲ့ အန္တရာယ်ဆိုတာကို အသံကျယ်ကျယ်အော်ပြီး စစ်အုပ်စု စီးပွားဖြစ်ရေးအတွက် စစ်တပ်ဆိုင်ရာ စီမံကိန်းမျိုးစုံ လုပ်ကောင်းစေဖို့နဲ့ စစ်လက်နက် ပစ္စည်းတွေဝယ်ရဖို့ စစ်လက်နက်နဲ့ နည်းပညာရောင်းပေးမယ့် နိုင်ငံကြီးများကို မျက်နှာသာ ပိုပေးတဲ့ ပေါ်လစီများ ကျင့်သုံးနေရင် နိုင်ငံကြီးချင်း စစ်ဖြစ်ကြတဲ့အခါ ကိုယ့်တိုင်းပြည် ကြားညပ်သွားနိုင်ပါတယ်။ ။

**အမှန်မှာ ဗမာပြည် ပြဿနာဟာ ပြည်တွင်းရေးပြဿနာသာ ဖြစ်တယ်။ နိုင်ငံတကာ့ပြဿနာ ဖြစ်လာရင်**

# UK,USA သဘောတူညီချက်

အင်္ဂလိပ်နဲ့ အမေရိကန် သဘောတူထားတဲ့ ထောက်လှမ်းရေး သဘောတူညီချက်ပါ။ ဒုတိယကမ္ဘာစစ်ကြီး ပြီးစကတည်းက ချုပ်ဆိုထားကြတာလို့ သိရပါတယ်။ UK နဲ့USA ဆိုပေမယ့် ကနေဒါ၊ ဩစတြေးလျ၊ နယူးဇီလန်တို့ပါ, ပါနေတယ် ဆိုပါတယ်။

သဘောတူညီချက်က ကြားဖြတ်ပြီးနားတောင် ဖမ်းယူထားတဲ့ သတင်းတွေကို အပြန်အလှန် ဖြန့်ဝေပေးကြဖို့ ဖြစ်ပါတယ်။

ကြားဖြတ်ပြီး နားထောင် ဖမ်းယူတာမှာ ကုလသဂ္ဂအတွင်းရေးမှူးချုပ်က စပြီး ကုလသမဂ္ဂ သံတမန်တွေရဲ့ ဆက်သွယ်ရေးအားလုံးကို ကြားဖြတ်နားထောင် ဖမ်းယူတာပါ။

ကုလသမဂ္ဂဖွဲ့ဖို့ စိုင်းပြင်းဆဲ ၁၉၄၅ ခုနှစ်ကတည်းက ကြားဖြတ်သတင်း ရယူခဲ့တာလို့ ဆိုပါတယ်။ အဲဒီတုန်းက အစည်းအဝေး တက်တဲ့ ၄၅ နိုင်ငံထဲက ၄၃ နိုင်ငံရဲ့ သတင်းကို ကြားဖြတ်နားထောင်တာလို့ ဆိုပါတယ်။ UK နဲ့ USA ပဲ ချန်ထားတဲ့ သဘောပါ။

ကြားဖြတ်ဖမ်းယူလို့ရတဲ့ သတင်းဟာ (တမင်သတင်းမှား လွှင့်တာကလွဲရင်) သတင်းအဆင့်အတန်း မြင့်ပါတယ်။ မှန်ကန်တိကျပါတယ်။ အလွန်တန်ဖိုးကြီးပါတယ်။

အီရတ်ကို အမေရိကန်၊ အင်္ဂလန် ဝင်တိုက်ဖို့ စီစဉ်တုန်းကဆိုရင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ UNSC အဖွဲ့ဝင်တွေရဲ့ သတင်းတွေကို ကြားဖြတ်နားထောင် ဖမ်းယူပါတယ်။ ချီတုံချတုံဖြစ်နေတဲ့ အဖွဲ့ဝင်နိုင်ငံတွေက မဲဘယ်လိုပေးကြမလဲဆိုတာကို သိချင်လို့ နားထောင်တာပါ။ UNSC မှာ ပါတဲ့ အင်ဂိုလာ၊ ကင်မရွန်း၊ ချီလီ၊ မက္ကဆီကို၊ ဂီနီယာ နဲ့ ပါကစ္စတန်တို့ ဘယ်လို မဲပေးမလဲဆိုတာ သိချင်တာပါ။

အမေရိကန်က ရတဲ့သတင်းကို အင်္ဂလိပ်ဆီကို ပေးပို့ရင်းက အင်္ဂလိပ်ထောက်လှမ်းရေးမှာ လုပ်နေတဲ့ အမျိုးသမီး (အီရတ်စစ်ပွဲ ဆန့်ကျင်သူ) က တမင်သတင်းကို ပေါက်ကြားပေးလိုက်ပါတယ်။

အဲဒီတော့ ချီလီနိုင်ငံသမ္မတက တိုနီဘလဲဆီကို ရှင်းပြဖို့ တောင်းဆိုပါတယ်။ ဘယ်လိုရှင်းပြသလဲ မသိရပေမယ့် သတင်းပေါက်ကြားပေးတဲ့ အမျိုးသမီးတော့ အဖမ်းခံရပါတယ်။

အင်္ဂလိပ်အစိုးရ ပိုပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်တာက အီရတ်စစ်ပွဲ တိုက်တာကို ကန့်ကွက်ပြီး အစိုးရအဖွဲ့ကနေ နုတ်ထွက်သွားတဲ့ ကက်ဘိနက်ဝန်ကြီး ကလဲယားရှော့က် ဆိုသူက ကုလသမဂ္ဂ တွင်း/ချုပ် ရဲ့ ဆက်သွယ်ဆွေးနွေးတာတွေကို ထောက်လှမ်းခဲ့ကြောင်း၊ သတင်းတွေကို သူကိုယ်တိုင် ဖတ်ခဲ့ရကြောင်း ဖွင့်ချတာပါ။ တိုနီဘလဲက တာဝန်ခံတာလည်း မလုပ်၊ ငြင်းတာလည်း မလုပ်ပါဘူး။ ရှော့က်ကိုတော့ “သိပ်တာဝန်မဲ့တာပဲ”လို့ ပြောပါတယ်။ တွင်း/ချုပ် ကိုတောင် ခိုးပြီး ထောက်လှမ်းနေတာဆိုတော့ ကုလ ရဲ့ တခြားအရာရှိတွေ ထောက်လှမ်းခံရတာ မဆန်းပါဘူး။ ဒါကြောင့် ပါမောက္ခ ပင်ညဲရိုးကို ဗမာစစ်ထောက်လှမ်းရေးက ခိုးပြီး အသံဖမ်းတာကို လူကြီးတွေလုပ်သလို လိုက်တုတဲ့ ကလေးအဖြစ် သဘောထားကြပုံ ပေါ်ပါတယ်။ အခုခေတ်က မျက်နှာချင်းဆိုင် အဆောက်အဦးကနေပြီး အစည်းအဝေး လုပ်နေတဲ့အခန်းက မှန်တံခါးကို လေဆာရောင်ခြည်နဲ့ ထိုးထားရုံနဲ့ အစည်းအဝေးတွင်းက စကားပြောသံတွေကို ဖမ်းယူနိုင်တဲ့အထိ အဆင့်မြင့်ပါတယ်။ အဲဒီလောက် မတတ်နိုင်လို့ စားပွဲအောက်မှာ မိုက်ကရိုဖုန်းတပ်ရတာ ဖြစ်မှာပါ။

အမေရိကန် သတင်းစာတစောင်က ကုလသမဂ္ဂလာတက်တဲ့ ကိုယ်စားလှယ်တယောက်ကို “ခင်ဗျား ကော ကြားဖြတ် ခိုးနားထောင်တာ ခံရသလား” လို့ မေးတော့ “ကြားဖြတ်ဖမ်းနားထောင်တဲ့ကောင်ကို တို့မေးကြည့်ကြရအောင်” လို့ ဖြေသတဲ့။ UN တွင်း/ချုပ် ဟောင်း ဘူးထရို့စ်ဂါလီကတော့ “တတ်နိုင်တဲ့ အဖွဲ့ဝင်တွေက လက်ရဲဇက်ရဲလုပ်နေကြပါ” လို့ ပြောပါတယ်။

ဘူလ်ဂေးရီးယား ကိုယ်စားလှယ် ပြောတာကတော့ တကယ့်ကို မှတ်လောက်ပါတယ်။ သူက “ခိုးနားထောင်ခံရတာ ဂုဏ်ရှိတာပေါ့၊ ခိုးနားထောင် မခံရရင် ကိုယ့်ကိုစော်ကား နှိမ့်ချတာပဲ” တဲ့။

သူ့ပြောစကားအရဆိုရင် နအဖ ဂုဏ်ရှိပါတယ်။ UK,USA အဖွဲ့ဝင် ဩစတြေးလျက ဂျာနယ်တိုက်ဖွင့်ပြီး ခိုးနားထောင်တာ ခံရတယ်။ ထိုင်း (ယိုးဒယား) က သူလျှိုလုပ်ခံရတယ်။ ဩစတြေးလျ နဲ့ ထိုင်းအစိုးရတွေ နအဖ နဲ့ ပလူးပလဲ လုပ်နေတာကိုလည်း အမေရိကန်က တခါမှ အပြစ်မပြောဘူး။ တာဝန်ကျေပါပေတယ် တပည့်တို့ လို့ပဲ ချီးကျူးနေပုံရတယ်။

ဗိုလ်ခင်ညွန့်အရာ ကျတဲ့ သတင်း ထိုင်း (ယိုးဒယား) က စပြီးရတယ် မဟုတ်လား။ ထိုင်းအစိုးရကို အမေရိကန် အစိုးရက အပြစ်ပြောတာ ဘယ်တုန်းက ကြားခဲ့ကြဖူးသလဲ။

********

# အာရှကွန်မြူနစ်များ၏ထူးခြားချက်

“ဆိုဗီယက်ကို ဖြိုခွဲခဲ့တဲ့အတွေ့အကြုံကို အာရှမှာ လာလုပ်လို့မရဘူး။ အာရှကွန်မြူနစ်တွေက နယ်ချဲ့စနစ်ကို ဆန့်ကျင်ရေးမှာ ညီညွတ်ကြတယ်” လို့ ဗကပ က အတိအကျပြောတာမှာ အကြောင်းရှိပါတယ်။

အဲဒီအကြောင်းတွေက

(၁) အာရှကွန်မြူနစ်အားလုံးဟာ မာ့က်စ်ဝါဒကို လီနင်ဝါဒနဲ့အတူတွဲပြီး ရခဲ့တာပါ။ ဆိုရှယ်ဒီမိုကရေစီ အချောင်ဝါဒ စွန်းထင်းမှု မရှိခဲ့ပါဘူး။

(၂) အာရှကွန်မြူနစ်တွေဟာ ကွန်မြူနစ်ဝါဒကို လက်မခံခင်ကတည်းက နယ်ချဲ့ဆန့်ကျင်ရေး သမားတွေ ဖြစ်တယ်။ အိန္ဒိယကွန်မြူနစ်ပါတီကို စတင်ထူထောင်ခဲ့သူတွေဟာ နယ်ချဲ့ဆန့်ကျင်ရေးအတွက် လက်နက် (ရုပ်ဝတ္ထုလက်နက်) နိုင်ငံခြားထွက်ရှာရင်း သဘောတရားလက်နက်ကို တွေ့ရှိလက်ခံလာတာ ဖြစ်တယ်။ တရုတ်ပါတီ မာ့က်စ်ဝါဒတွေ့ပုံကို မော်စီတုန်းက သူ့ကျမ်းတခုမှာ အရှင်းလင်း အပြတ်သားဆုံး ရေးထားတယ်။ (ပြည်သူ့ဒီမိုကရေစီကျမ်းမှာ ကြည့်ပါ။) ဗီယက်နမ်ပါတီက ဟိုချီမင်းလည်း နိုင်ငံခြားထွက်ပြီး နယ်ချဲ့ဆန့်ကျင်ရေးအတွက် အတွေးအခေါ်ရှာရင်း မာ့က်စ်၊ လီနင်ဝါဒ တွေ့တာပဲ။ ဗမာပြည်ကွန်မြူနစ်က မာ့က်စ်၊ လီနင်ဝါဒတွေ့တာ နောက်ကျတယ်။ မော်စီတုန်းအတွေးအခေါ်နဲ့ တွဲပြီးရတာပဲ။ ဒါကြောင့် ဗကပ ဟာ “ဖက်ဆစ်ဆန့်ကျင်ရေး” မှာ ပြတ်ပြတ်သားသား ရှိခဲ့တယ်။ (ဖက်ဆစ်တော်လှန်ရေးကို ‘ဗကပ’ မလုပ်ခဲ့ရင် သာမန်နိုင်ငံရေးအစုအဖွဲ့ကလေးဘဝမှာ ကြာရှည်ကျင်လည်နေရမှာပါ။)

(၃) နယ်ချဲ့ဆန့်ကျင်ရေး အောင်မြင်ချင်ရင် ပဒေသရာဇ်စနစ်ကို ဖျက်သိမ်းရမယ်ဆိုတာကို အာရှကွန်မြူနစ်တွေက ဘဝပေးအသိအရ နားလည်တယ်။ ပဒေသရာဇ်စနစ် ရှိနေရင်၊ ပဒေသရာဇ် အတွေးအခေါ် ရှိနေရင် ဘယ်လိုပဲ အင်အားကြီးတဲ့ နိုင်ငံကြီးဖြစ်ပါစေ နယ်ချဲ့စနစ်ကို အရှုံးပေးရတယ်ဆိုတာ အိန္ဒိယအတွေ့အကြုံနဲ့ တရုတ်အတွေ့အကြုံက ပြနေတယ်။ ၁၉ ရာစုတုန်းက အိန္ဒိယသာ ကျွန်မဖြစ်ခဲ့ရင် ဗမာပြည်ကျွန်ဖြစ်မှာ မဟုတ်ပါဘူး။

(၄) နယ်ချဲ့စနစ်ရဲ့ ဖိနှိပ်မှုကို အာရှကွန်မြူနစ်တိုင်း ကြုံဖူးတယ်။ ဂျပန်ကွန်မြူနစ်တွေတောင် မလွတ်ဘူး။ သူတို့က ၁၉၄၅ ခုနှစ် စစ်ရှုံးတုန်းက ကြုံဖူးတယ်။

(၅) CP တိုင်းမှာ ကိုယ်စီအကျိုးစီးပွား ရှိကြတယ်ဆိုတာ အပြန်အလှန် အသိအမှတ်ပြုကြပြီး ‘လွတ်လပ်’ တန်းတူ၊ တဦးအတွင်းရေး တဦးဝင်မစွက်ဘူး ဆိုတဲ့မူ (ဥရောပ ပါတီတွေနဲ့မတူ) ရှိနေလို့ ညီအစ်ကို ပါတီတွေကြားမှာ ကြီးမားတဲ့ပဋိပက္ခနဲ့ မဖြေရှင်းနိုင်တဲ့ပဋိပက္ခ မရှိဘူး။ စိတ်ရှည်လက်ရှည် ဖြေရှင်းလိုက်ရင် ပြေလည်ခဲ့တာချည်း ဖြစ်တယ်။

# တပ်မတော်ကို
# အချိန်မီပြုပြင်ကြရအောင်

**ယနေ့ဆင်နွှဲနေသော ပြည်သူလူထုကြီး၏ ဒီမိုကရေစီတိုက်ပွဲ အောင်မြင်ရေးအတွက် 'တပ်မတော်ပြုပြင်ရေးလှုပ်ရှားမှု' UG လုပ်ငန်းသည် ဒီမိုကရေစီ ဘက်တော်သားအားလုံး၏ မဖြစ်မနေ ဆောင်ရွက်ရမည့် အရေးကြီးတာဝန်တရပ်ဖြစ်သည်။**

အကြောင်းမှာ တပ်မတော်အတွင်းရှိ တပ်မှူးတပ်သားအများစုကြီး၏ ထောက်ခံပါဝင်ခြင်း မရှိလျှင် ဒီမိုကရေစီရေး လူထုလှုပ်ရှားမှု အောင်ပွဲအတွက် အာမခံချက် မလုံလောက်သောကြောင့် ဖြစ်သည်။

နအဖ စစ်အုပ်စုက စစ်အာဏာရှင်စနစ် တည်မြဲရေး၊ ဒီမိုကရေစီချေမှုန်းရေး၊ ပြည်သူဖိနှိပ်ရေးအတွက် တပ်မတော်ကို အဓိကလက်နက်အဖြစ် အသုံးချနေခြင်းဖြစ်ကြောင်း အားလုံးအသိဖြစ်သည်။ ပြောင်းပြန်အားဖြင့် ဒီမိုကရေစီအင်အားစုများ၏ တာဝန်မှာ တပ်မတော်ကို စစ်အာဏာရှင်စနစ် ဖယ်ရှားရေး၊ ဒီမိုကရေစီရေး၊ ပြည်သူ့လွတ်မြောက်ရေးအတွက် တာဝန်ယူကာကွယ်သော တပ်အဖြစ် ပြောင်းလဲပစ်ရန် ဖြစ်သည်။

နအဖ စစ်အုပ်စုက 'တပ်မတော်ပြုပြင်ရေး'နှင့် ပတ်သက်လာလျှင် ခေါင်းကိုဖြတ်၍ ကိုယ်ကိုယူရန် ကြံစည်မှုဟု တုံ့ပြန်သည်။ အဓိပ္ပာယ်မှာ တပ်မတော်က ပြည်သူလူထုကြီးနှင့် ပူးပေါင်းလိုက်သည်နှင့် တပြိုင်နက် စစ်အာဏာရှင်စနစ် ခေါင်းနဲ့ကိုယ် အိုးစားကွဲ ချုပ်ငြိမ်းသွားတော့မည့်အဖြစ်ကို အထိတ်တလန့် အသိအမှတ်ပြုလိုက်ခြင်းဖြစ်သည်။ ထိုသို့ လုံးဝအဖြစ်မခံနိုင်ကြောင်း ဝန်ခံခြင်းလည်း ဖြစ်သည်။

လက်ရှိ အခြေအနေတွင် ပြည်သူတရပ်လုံးကသာမက နအဖ စစ်အုပ်စု ကိုယ်တိုင်ကပင် အပြောင်းအလဲ တခုကို လိုလားနေပြီ ဖြစ်သည်။ ပြည်သူလိုလားသော အပြောင်းအလဲမှာ ငြိမ်းချမ်းသော၊ လူမျိုးတိုင်း တန်းတူသွေးစည်းသော၊ ဒီမိုကရေစီ နိုင်ငံတော် ပေါ်ပေါက်ရေး ဖြစ်သည်။ စစ်အုပ်စု လိုလားသော အပြောင်းအလဲကမူ ၎င်းတို့ အာဏာတည်မြဲရေးအတွက် ဒီမိုကရေစီ မျက်နှာဖုံးတပ် အရပ်ဝတ် စစ်အစိုးရတရပ် မွေးထုတ်ရေးသာ ဖြစ်သည်။ မည်သည့် အပြောင်းအလဲက အခိုင်အမာ ဖြစ်တည်လာမည်ဆိုသည်မှာ မည်သည့်ဘက်တွင် တပ်မတော်ရပ်တည်မည် ဆိုသည့်အချက်ပေါ်တွင် တည်မှီနေသည်။

ထို့ကြောင့် ပြည်သူလူထုနှင့်အတူ တပ်မတော် တပ်မှူးတပ်သား အများစုကြီး ရပ်တည်လာရေးအတွက် 'တပ်မတော်ပြုပြင်ရေး လှုပ်ရှားမှု' UG လုပ်ငန်းအား အရေးကြီးတာဝန်တရပ်ဟု ဆိုရခြင်းဖြစ်သည်။

'တပ်မတော်ပြုပြင်ရေး လှုပ်ရှားမှု' UG လုပ်ငန်းကို အကောင်အထည်ပေါ်နိုင်ရန်အတွက် စစ်အုပ်စု လက်နက်ကိုင်တပ်၏ အတွင်းသဘော၊ ဖွဲ့စည်းပုံနှင့် အခိုင်အမာအခြေအနေတို့ကို အခြေခံအားဖြင့် ဆုပ်ကိုင်မိဖို့ လိုသည်။ သို့မှသာ မှန်ကန်သော သဘောထား၊ အခြေအနေနှင့်ကိုက်ညီသော အလုပ်နည်းနာတို့ကို ချမှတ်ဆောင်ရွက်နိုင်ပေမည်။ တပ်တွင်း UG လုပ်ငန်း၏ ဖြစ်မြောက်အောင်မြင်နိုင်စရာ ရှိမှုအပေါ် ယုံကြည်စိတ်ချစွာ အကောင်အထည်ဖော်သွားနိုင်မည် ဖြစ်သည်။ (စစ်အုပ်စု စစ်တပ်အတွင်း အမိန့်အရ၊ စစ်စည်းကမ်းအရ၊ အဆင့်ခွဲခြားမှုအရ၊ ဘဝရပ်တည်ရေးအရ စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ ချုပ်ကိုင်မှု ကွန်ယက်တည်ဆောက်ပုံနှင့် သြဇာသက်ရောက်နိုင်မှု စွမ်းအားကို သုတေသီများအနေဖြင့် အထူးပြု လေ့လာနိုင်မည်ဆိုလျှင် တိုင်းပြည်အတွက် ယခုရောနောင် အနာဂတ်အတွက်ပါ များစွာအကျိုးပြုနိုင်မည်ဟု ယူဆမိသည်။ စကားချပ်) အကယ်၍ တပ်၏အတွင်းသဘောနှင့် အခိုင်အမာအခြေအနေ အချက်အလက်ကို မဆုပ်ကိုင်နိုင်လျှင် မှန်ကန်သော သဘောထားအမြင်နှင့် အခြေအနေနှင့် ကိုက်ညီသော အလုပ်နည်းနာများကို ချမှတ်ကျင့်သုံးရန် ခက်ခဲနေပေလိမ့်မည်။ 'တပ်မတော်ပြုပြင်ရေးလှုပ်ရှားမှု' UG လုပ်ငန်း၏ ဖြစ်မြောက်အောင်မြင်နိုင်မှု အလားအလာအပေါ် ယုံကြည်စိတ်ချစွာ အကောင်အထည် ဖော်ရေးအတွက်လည်း အဟန့်အတား ဖြစ်နေမည်သာ ဖြစ်သည်။

၈၈ အရေးအခင်းကာလ အတွင်း စစ်အုပ်စုကပေးသည့် အမိန့်အတိုင်း ရဟန်းရှင်လူ ပြည်သူအများကို စစ်တပ်က ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ ရက်စက်ကြမ်းကြုတ်သော လူသတ်ပွဲကြီးကို မျက်မြင်ကိုယ်တွေ့ ရင်ဆိုင် ကြုံတွေ့လိုက်ရသောအခါ မည်သို့မှ

နားလည်နိုင်စွမ်း မရှိတော့ဘဲ အံ့ဩတုန်လှုပ်ကုန်ကြရသည်။ ဤသည်မှာ နအဖ စစ်တပ်၏ အခြေခံ အတွင်းသဘောကို မဆုပ်ကိုင်နိုင်ရာမှ ဖြစ်ပေါ်လာသော သဘာဝကျသည့် အချင်းအရာမျှသာ ဖြစ်သည်။

တစုံတခုသော စနစ်ကို လူက တည်ဆောက် ဖန်တီးလိုက်သည်မှာ မှန်သော်လည်း ထိုစနစ်အတွင်းသို့ ကျရောက်သွားသောအခါ လူ သို့မဟုတ် တိရိစ္ဆာန်သည် ဆန္ဒရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ စနစ်၏ အလိုအရ လိုက်ပါလှုပ်ရှားသွားရသည်မှာ ယေဘုယျမမွတာ သဘောပင် ဖြစ်သည်။

ဆင်ရိုင်းကို ကျုံးသွင်းထူးခတ်၊ အစာရေစာအငတ်ထားကာ အမိန့်နာခံ တတ်လာအောင် ဖိအားပေး ပုံသွင်း လေ့ကျင့်ပြီးနောက် ဆင်သည် ၎င်း၏ ခွန်အားသတ္တိနှင့် အစွမ်းအစအပေါ် ယုံကြည်မှုလျော့ပါး ခန်းခြောက်သွားရသည်သာ ဖြစ်သည်။ ၎င်း၏ ဦးကင်းပေါ်တွင်ထိုင်၍ အမိန့်ပေးစေခိုင်းနေသော၊ ၎င်းထက်အဆမတန် ခွန်အားသေးငယ်သော လူသားဆင်ဦးစီး၏ အမိန့်နှင့် ချွန်းအောက်တွင် ဘဝကို ပုံအပ်လိုက်ရသည်သာ ဖြစ်သည်။

နအဖ တပ်တွင်းမှ အကြပ်တပ်သားတပ်မှူးများသည်လည်း အလားတူပင် ကြေးစားစစ်ယန္တရား၏ စနစ်တကျ ဖိအားပေးပုံသွင်း လေ့ကျင့်ခြင်း ခံရပြီးနောက် ၎င်းတို့ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုများ လျော့ပါးခန်းခြောက်သွားကြရသည်။ ၎င်းတို့ထက် အဆများစွာ သေးငယ်သော စစ်အုပ်စုလက်တဆုပ်စာ၏ အမိန့်အောက်တွင် ဘဝကို ပုံအပ်လိုက်ကြရသူများ ဖြစ်လာသည်။ မော်ဆရာအမိန့်ပေး စေခိုင်းသမျှ သိစိတ်မဲ့စွာ လှုပ်ရှားနေကြရရှာသော ကိုန်စာသင့်သူများလို ဖြစ်လာ ရသည်။

စနစ်တခုသည် တိရိစ္ဆာန်ကို သာမက အသိဉာဏ်ရှိသော လူကိုပင် ကျွမ်းထိုးမှောက်ခုံဖြစ်အောင် ပြောင်းလဲပစ်နိုင်စွမ်းရှိသည့် သက်ရောက်မှုကို အသိအမှတ် ပြုကြရမည်သာ ဖြစ်သည်။ သို့မှသာ လူနှင့် စနစ်အကြား ဆက်သွယ်မှုနှင့် ကိုယ်စီထူးခြားမှုကို နားလည်နိုင်မည်ဖြစ်ပြီး မလိုလားအပ်သော စနစ်ကို ဖျက်သိမ်းကာ လူကိုလွတ်မြောက်စေနိုင်မည် ဖြစ်သည်။ သင့်လျော်သော စနစ်သစ်တခုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ လူဆိုသည် ဘက်တဖက်တည်းပေါ်မှာသာ အာရုံကျနေပါက ချုပ်ကိုင်ထားသော စနစ်အောက်မှ ရုန်းထွက်နိုင်ရန် မဖြစ်နိုင်ပေ။

ဤနေရာတွင် နအဖ စစ်တပ်၏ ယန္တရားစနစ် အတွင်းသဘောကို ရိပ်စားမိနိုင်ရန် တပ်တွင်းဖိအားပေး ပုံသွင်း လေ့ကျင့်မှုစနစ် ပုံကြမ်းကို အကျဉ်းမျှ တင်ပြရန် လိုအပ်မည်ထင်သည်။

တပ်မတော်သားတဦးသည် တပ်တွင်းသို့ စတင်ဝင်ရောက်သည့် တပ်သားလောင်းဘဝ ပထမဆုံးနေ့မှာပင် ကျမ်းသစ္စာ ကိုန်ဆိုရသည်။ တပ်သားသစ် အဖြစ် လက်ခံအတည်ပြုပေးရန် တာဝန်ရှိသူ အကြပ်တဦးက ပဝါနီပတ်ထားသော ကျမ်းစာအုပ်ကို လက်တွင်ကိုင်ကာ ရှေ့မှ တိုင်ပေးသည်။ တပ်သားလောင်းများက ညီညီညာညာ လိုက်ဆိုရသည်။ ကျမ်းသစ္စာကိုန်ဆိုရသည့် အထဲတွင် 'အထက်မှ အမိန့်ပေးစေခိုင်းလျှင် ကုန်းကြောင်းနှင့် ဖြစ်စေ၊ ရေကြောင်းနှင့်ဖြစ်စေ၊ လေကြောင်းနှင့် ဖြစ်စေ ပို့ရာအရပ်၊ ရောက်ရာအရပ် ဒေသတွင် အသက်ကို ပဓာနမထားဘဲ တာဝန်ကျေအောင် ထမ်းဆောင်ပါမည်။ စစ်မှုထမ်းစဉ် ကာလမှာသာမက တပ်မှ အနားယူ ခွင့်ရပြီးနောက် အရပ်သားဘဝ ရောက်နေသည့်တိုင် နိုင်ငံတော်မှ အလိုရှိ၍ ဆင့်ခေါ်လျှင် သက်ဆိုင်ရာသို့ အချိန်မီ မပျက်မကွက် သတင်းပို့ပြီး ပေးအပ်သော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်' ဟူသော အချက်များပါဝင်သည်။ ကျမ်းသစ္စာ ကိုန်ဆိုထားသည့် အချက်များကို ဖောက်ဖျက်ပါက ကုန်းကြောင်းသွား ကုန်းဘေး၊ ရေကြောင်းသွား ရေဘေး၊ လေကြောင်းသွား လေဘေး စသည့် ဘေးအပေါင်းနှင့် ကြုံတွေ့ခံစားရပါစေသတည်း ... ဟူသော အချက်နှင့် အဆုံးသတ်ထားပါသည်။ (ဤသည်မှာ ပထစ ခေတ် ၆ဝ ခုနှစ် ကျွန်တော်ကိုယ်တိုင် တပ်မတော်တွင်း ဝင်စက ကြုံတွေ့ခဲ့ရသော ကျမ်းသစ္စာ ကိုန်ဆိုရမှု ဖြစ်သည်။ စကားလုံး အရ တစုံတရာအတိမ်းအစောင်း ရှိနိုင်သော်လည်း အတွင်းသဘောမှာ ဖော်ပြပါ အတိုင်း အတိအကျပင်ဖြစ်သည်။ ထိုစဉ်က မည်သည့်နိုင်ငံရေးပါတီ နိုင်ငံရေးလှုပ်ရှားမှုများနှင့်မှ ဆက်စပ်ပတ်သက်ခြင်း မပြုပါ ဟူသောအချက်လည်း ပါသည်။ စကားချပ်)

ဤသည်မှာ တပ်သားလောင်းဘဝ ပထမဆုံးနေ့မှာပင် စိတ်ဓာတ်အရ အညွှန့်ချိုးခံလိုက်ရခြင်း ဖြစ်သည်။ သစ်တပင်ကို အညွှန့်ချိုးလိုက်သည့်တိုင် နောက်ထပ် အညွှန့် ပြန်ထွက်လာရန် မခက်လှပါ။ လူတဦးအဖို့ စိတ်ဓာတ်အရ အညွှန့်ချိုးခံရပြီဆိုလျှင် ကာလရှည်ကြာ နာလန်မထူနိုင်ဖြစ်တတ်သည်။ အချိန်ပြည့် အညွှန့်ချိုးခံနေရသော စစ်သားတဦးအဖို့ဆိုလျှင် ကျယ်ပြန့်သော အဖိနှိပ်ခံ ပြည်သူလူထုကြီး၏ နိုင်ငံရေးတိုက်ပွဲများနှင့် မပေါင်းစပ်နိုင်သမျှ စိတ်ဓာတ်အရ အညွှန့်ပြန်ထွက်လာရန် မလွယ်တော့ပါ။

စစ်သင်တန်း စဆင်းသည့် အချိန်မှစ၍ အမိန့်နာခံမှု ပုံစံဝင်အောင် ဖိအားပေးပုံသွင်းသည်။ တန်းစီ၊ ညာညီ၊ ရှေ့ကြည့်၊ သတိ စသဖြင့် တပ်ခွဲတခွဲနှစ်ခွဲ၊ လူတရာ နှစ်ရာကို တယောက်တည်းလို လှုပ်ရှားလာအောင် သင်တန်းဆရာက ကြိမ်တချောင်းကိုင်၍ ကျွဲနွားမောင်းသလို မောင်းသည်။ အမိန့်အတိုင်း မလိုက်ပါ မလှုပ်ရှားနိုင်လျှင် ရိုက်နှက်၊ ကန်ကျောက်၊ ဆဲဆို အပြစ်ပေးသည်။ စစ်သင်တန်းသည် အရပ်သားဘဝမှ ပါလာသော အတွေးအခေါ်၊ လုပ်ဟန်၊ လွတ်လပ်မှုနှင့် လူပုဂ္ဂိုလ် ဂုဏ်သိက္ခာမှန်သမျှ အရေခွံနွှာခဝါချရာနေရာ ဖြစ်သည်။ အကြပ်ငယ်၊ အကြပ်ကြီး၊ ဗိုလ်လောင်း၊ မွမ်းမံစသည့် သင်တန်းမှန်သမျှသည် အဓိကအားဖြင့် အမိန့်ပေး စနစ်နှင့် အမိန့်နာခံရေးစနစ်ကို အရိုးစွဲ အမြစ်တွယ်သွားအောင် ထပ်မံပုံသွင်းခြင်းသာ ဖြစ်သည်။ အမိန့်နာခံရေး သက်သက်ကိုသာ တဖက်သတ်လက်ခံ လိုက်နာရခြင်းကမူ အောက်ခြေတပ်သားများ၏ ကိုယ်ပိုင်

ထူးခြားချက်ပင် ဖြစ်သည်။ ‘ရေဘူးပေါက်တာ မလို ရေပါတာပဲ လိုသည်’၊ ‘ပထမလိုက်နာ ဒုတိယဆင်ခြေပေး’ ဆိုသည့် ဆောင်ပုဒ်နှစ်ခုသည် ကြေးစားစစ်တပ် အမိန့်ပေးစနစ် အတွင်းသရုပ်ကို အပေါ်လွင်ဆုံးဖော်ပြသော ဖော်ပြချက် ဖြစ်သည်။

စည်းကမ်းနှင့် ပတ်သက်လာလျှင် တရားဝင်ခွင့်ပြုချက်မရပါက နှုတ်ခမ်းမွေးပင် ထားခွင့်မရှိ။ အဆောင်စည်းကမ်း၊ ဌာနစည်းကမ်း၊ ကင်းစည်းကမ်း၊ တပ်တွင်းစည်းကမ်း၊ တပ်ပြင်စည်းကမ်း၊ စစ်မြေပြင်စည်းကမ်း စသဖြင့် စည်းကမ်းပေါင်း သောင်းခြောက်ထောင်ဖြင့် ချုပ်ကိုင်ထားသည်။

## စစ်အုပ်စုတွင်း ဂိုဏ်းတိုက်ပွဲများ တနေ့တခြား ပြင်းထန် လာနေဆဲ ဖြစ်သည်

အမိန့်မနာခံလျှင် စည်းကမ်းချိုးဖောက်သည်ဟု သတ်မှတ်ခံရလျှင် အနိမ့်ဆုံး အလုပ်ကြမ်း အပြစ်ဒဏ်မှအစ တပ်တွင်းအချုပ်၊ စစ်ထောင်၊ အရပ်ထောင်၊ သေဒဏ် စသဖြင့် ကျခံရန် စစ်ဥပဒေ ပြဋ္ဌာန်းထားသည်။

တပ်တွင်း စည်းရုံးဖွဲ့စည်းမှုမှာလည်း အထက်အောက် အဆင့်ဆင့် ခေါင်းနင်း ဆက်ဆံသည့် ပိရမစ်ပုံစနစ် ဖြစ်သည်။ တပ်သား၊ အကြပ်ငယ်၊ အကြပ်ကြီး၊ အရာခံ၊ အရာရှိ စသဖြင့် မတူသော အခွင့်အရေး၊ နေထိုင်မှုပုံစံ ကျင့်သုံးရသည်။ မတူသော အထက်အောက်အဆင့်အသီးသီး အကြား လူမှုရေးအရ ရင်းနှီးရောနှော ဆက်ဆံမှုကို အားမပေး တားမြစ်သည်။ တားမြစ်ချက်ကို လိုက်နာမှုအားနည်းသော သို့မဟုတ် ပျက်ကွက်သော အရာရှိ၊ အရာခံ၊ အကြပ်တို့ကို အကြပ် အရည်အချင်း (NCO ability) အရာရှိ အရည်အချင်း (CO ability) ချို့တဲ့သူအဖြစ် သတ်မှတ်သည်။ ထိုသတ်မှတ်ချက်သည် ရာထူးတဆင့် မြှင့်တင်ရေးအတွက် စဉ်းစားရာတွင် အမှတ်တမျိုးဖြစ်သည်။ ဤသို့ အထက်အောက် အဆင့်အသီးသီးအကြား ဆက်ဆံရေး ပြတ်တောက် မာဆတ်နေစေခြင်းဖြင့် အမိန့်ပေးစနစ်၊ အမိန့်နာခံသည့် စနစ်ကို ခိုင်မာပြတ်သားနေစေရန် ဖြစ်သည်။

တပ်သားများ၏ နစ်နာချက်များကို တင်ပြစရာနေရာမရှိ၊ ဒါဘာခေါ် တပ်တွင်းဆွေးနွေးပွဲများမှာ ဟန်ပြသာ ဖြစ်သည်။ အကြပ်၊ အရာခံ၊ အရာရှိများ၏ အငြိုအငြင်၊ အငြိုးအတေး ခံရမည်စိုး၍ ပွင့်ပွင့်လင်းလင်း မတင်ပြရဲကြ။ တင်ပြချက်က နိုင်ငံရေးသဘောများ ပါနေလျှင် အဖမ်းခံရမည့် အန္တရာယ်ပင်ရှိသည်။

တပ်သားများမှာ စားဝတ်နေရေး ဘဝရပ်တည်မှုအရလည်း ခြိမ်းခြောက်အကျပ်ကိုင်ခံကြရသည်။ တပ်က ထမင်းကျွေးသည်။ နေစရာ ပေးသည်။ ဝတ်စရာ ယူနီဖောင်းပေးသည်။ သုံးစရာ လစာငွေ ပေးသည်။ ထို့ကြောင့် တပ်မတော်သည် ကျွေးကျေးဇူးရှင် မိဘဖြစ်သည်။ အရပ်သားဘဝတွင် ဤလိုအခွင့်အရေးမျိုး မည်သည့်နေရာတွင်မှ မရနိုင်။ တပ်ကို ကျေးဇူးကန်းပြီး စုံကန်လျှင် ဘဝပျက်မည်။ ထမင်းငတ်မည် စသဖြင့် အခွင့်အခါသင့်တိုင်း ခြိမ်းခြောက်သည်။

ကုန်ထုတ်လုပ်မှု (အသက်မွေး ဝမ်းကြောင်းအတွက် ကုန်ပစ္စည်းတမျိုးမျိုး ထုတ်လုပ်သော လုပ်ငန်းခွင်) နှင့် စနစ်တကျ ခွဲခွာခြင်း ခံထားရသဖြင့် မိမိကိုယ်ကို ယုံကြည်မှု လျော့ပါးပျောက်ဆုံးနေသော အောက်ခြေတပ်သားများအဖို့ စားဝတ်နေရေးအရ ခြိမ်းခြောက်အကျပ်ကိုင်ခံရခြင်းမှာ ဘဝကို အမြစ်ကနေ ဆွဲအနုတ်ခံရမည့် အန္တရာယ်နှင့် ရင်ဆိုင်ရခြင်းမျိုး ဖြစ်သည်။

ဤကဲ့သို့ ကြေးစားစစ်ယန္တရား၏ ဘက်စုံ ထောင့်စုံ အထပ်ထပ်ဖိအားပေး ပုံသွင်းခံရမှုကြောင့် ကိုယ်ပိုင်ဘဝနှင့် ဆန္ဒများ ပျောက်ဆုံးနေသော တပ်မှူး၊ တပ်သားများက စစ်အုပ်စုအမိန့်ကို နာခံပြီး ပြည်သူလူထုကို ပစ်ခတ်သတ်ဖြတ်ကြရသည်မှာ တကယ်တော့လည်း မဆန်းလှပါ။ စစ်အုပ်စုကို ပုန်ကန်ပြီး ပြည်သူ့အရေးတော်ပုံဘက်သို့ လွယ်လွယ်နှင့် ကူးပြောင်းမလာနိုင်သည်မှာလည်း နားလည်နိုင်သောကိစ္စသာ ဖြစ်သည်။

နအဖ တပ်တွင်းမှ တပ်သားအများစုကြီးသည် သူတို့၏ ဆိုးဝါးလှသော တပ်တွင်းဘဝကို ကျေနပ်စွာ လက်ခံထားကြသည်တော့ မဟုတ်ပါ။ စစ်တပ်ယန္တရား၏ စနစ်တကျ ထိန်းချုပ်ထားမှုမှ ရုန်းထွက်နိုင်သည့် အခြေအနေနှင့် ခွန်အား မရှိသေးသဖြင့် ယန္တရားအလိုကျ လှုပ်ရှားနေကြရခြင်း ဖြစ်သည်။ တချိန်တည်းမှာပင် သူတို့သည် အလုပ်သမား၊ လယ်သမား၊ အောက်ခြေဆင်းရဲသားလူတန်းစား၏ သားသမီးများ ဖြစ်ကြသည်။ ထို့ကြောင့် အဖိနှိပ်ခံပြည်သူလူထုကြီး၏ ဒုက္ခအဝဝကို စာနာနိုင်သည့် ဘဝ ရှိသူများ ဖြစ်သည်။ အခြေအနေအချက်အလက်သာ ပြည့်စုံလျှင် စစ်အုပ်စုကို ပုန်ကန်ပြီး ပြည်သူလူထုနှင့် ပူးပေါင်းလာနိုင်သူများ ဖြစ်သည်။

သို့သော် ‘စစ်အုပ်စုကို ပုန်ကန်ကြလော့’၊ ‘ပြည်သူလူထုကြီးနှင့် လက်တွဲပူးပေါင်းကြလော့’ဟု ယေဘုယျဆော်သြရုံမျှနှင့်တော့ ပုန်ကန်နိုင်ကြမည် မဟုတ်ပါ။ လာရောက် ပူးပေါင်းနိုင်ကြမည် မဟုတ်ပါ။ တိုက်ပွဲခွင်တွင်း ရင်ဆိုင်တွေ့ကြရသည့် အချိန်ကျမှ ‘ပြည်သူ့စစ်သားတို့စစ်သား’ဟု ကြွေးကြော်ရုံမျှနှင့် သူတို့၏ သေနတ်ပြောင်းများကို နောက်ပြန်လှည့်နိုင်ကြမည် မဟုတ်ပါ။ တပ်မတော်သားများ အပေါ် ပိကျနေသည့် စစ်အုပ်စု စစ်တပ်ယန္တရား၏ သြဇာသက်ရောက်နိုင်စွမ်းကို လျော့မတွက်မိဖို့ လိုသည်။

ဆိုလိုသည်မှာ ယေဘုယျဆော်သြချက်နှင့် တိကျသောလက်တွေ့ပေါင်းစပ်ကြရန် ဖြစ်သည်။

‘တပ်ပြုပြင်ရေးလှုပ်ရှားမှု’ UG လုပ်ငန်းသည် လာမည့်လူထု တိုက်ပွဲကြီးအတွက် ယနေ့လုပ်ရမည့် တိကျသောလက်တွေ့ဖြစ်သည်။ လူထုတိုက်ပွဲ အဝေးထိန်း ခလုပ်ဖြင့် ဖောက်ခွဲနိုင်သော တပ်မတော်တွင်း ကြိုတင်မြှုပ်နှံထားသည့်

ချိန်ကိုက်ဗုံးလည်း ဖြစ်သည်။

'တပ်မတော် ပြုပြင်ရေး လှုပ်ရှားမှု' UG တာဝန်ကို တပ်မတော်သားများကိုယ်တိုင် တာဝန်ယူရမည် ဖြစ်သော်လည်း နိုင်ငံရေးအရ၊ လုပ်နည်းကိုင်နည်းအရ ကူညီစည်းရုံးဖို့တော့ လိုမည်။ ဘဝရှိသော်လည်း စစ်အုပ်စုဆန့်ကျင်ရေး နိုင်ငံရေးသဘောပါသော လုပ်ငန်းများကို မလုပ်နိုင်အောင် သင်းသတ်ခံထားရသူများ ဖြစ်သဖြင့် ကူညီစည်းရုံးရန် လိုအပ်ခြင်း ဖြစ်သည်။ ဥပဒေတွင်း ပါတီများအနေဖြင့် ဤလုပ်ငန်းတွင် ပါဝင်နိုင်မည် မဟုတ်။ ပါဝင်ရန်လည်း မသင့်။

ဥပဒေပ နိုင်ငံရေးပါတီများ၊ တက်ကြွသော အစုအဖွဲ့များ၊ နိုးကြားသော တသီးပုဂ္ဂလများက ဆောင်ရွက်ရန် ဖြစ်သည်။ အဆိုပါ အင်အားစုများက တပ်မတော်တွင်းမှ လူထုအပေါ် စာနာထောက်ထားနိုင်သူဟု ယူဆရသော တပ်မှူးကြီးငယ်များကို ရွေးချယ်ချဉ်းကပ် စည်းရုံးရန် ဖြစ်သည်။ ကြည်း၊ ရေ၊ လေ တပ်ရင်းတပ်ဖွဲ့များအတွင်း မိမိ UG များကို အစီအစဉ်ရှိရှိ လျှို့ဝှက်မွေးမြူ မြုပ်နှံရန် ဖြစ်သည်။ ကြည်းတပ်ကို အဓိကဦးတည် ပစ်မှတ်ထား ဆောင်ရွက်သင့်သည်။ ရေတပ်နှင့် လေတပ်သည် ပညာရေးရေချိန် တစုံတရာရှိသော တပ်သားများနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ လူထုဘက်က ရပ်တည်သည့် နိုင်ငံရေးအစဉ်အလာ အထိုက်အလျောက် ရှိသည်။ ရေတပ်နှင့် လေတပ် အတွင်း မိမိ UG များ မွေးမြူမြုပ်နှံနိုင်လျှင် ကြည်းတပ်အတွင်းသို့လည်း ထိုးဖောက်စိမ့်ဝင်နိုင်သည်။ တပ်မတော်သားချင်း ဆက်စပ်စည်းရုံးရသဖြင့် ပိုမိုအခွင့်သာနိုင်သည်။

'တပ်မတော် ပြုပြင်ရေး လှုပ်ရှားမှု'UG ၏ တာဝန်မှာ လျှို့ဝှက်ကျစ်လစ်စွာ အင်အားစုဆောင်းပြီး အခွင့်အခါကောင်းကို စိတ်ရှည်ဖွဲ့ရှိစွာ စောင့်ဆိုင်းရန် ဖြစ်သည်။ မိမိလုပ်ငန်းကို ထိခိုက်စေမည့် အပြုအမူအပြောအဆို စသည့် လုပ်ဟန်မှန်သမျှကို ရှောင်နိုင်ရမည်။ လူထုအုံကြွမှု ဖြစ်လာသည့်တိုင် သက်ဆိုင်ရာ တာဝန်ရှိသူ၏ ညွှန်ကြားချက် မရမချင်း မူလ UG လုပ်ငန်းကို ဆက်လက်ထိန်းသိမ်းရန် ဖြစ်သည်။ ဆိုင်ရာမှ အချက်ပေးခွင့်ပြုလိုက်သည့် အချိန်တွင် စုစည်းထားသော အမာခံအင်အားများကို မဏ္ဍိုင်ပြုပြီး လူထုတိုက်ပွဲအရှိန်ကြောင့် နိုးထလှုပ်ရှားလာသော တပ်မှူးတပ်သား အများစုကြီးကို စုစည်းကာ လူထုတိုက်ပွဲတွင် ပါဝင်ပေါင်းစပ်သွားရန် ဖြစ်သည်။

အတွေ့အကြုံအရ ၆၄ – ၆၅ မဆလ ခေတ်တွင် KNUP, အလံနီ, ပြည်ချစ် (ဦးနု), ဗမာပြည်ကွန်မြူနစ်ပါတီ တို့အနေဖြင့် မဆလတပ်တွင်း UG မွေးမြူမြုပ်နှံမှု အတိုင်းအတာတခုအထိ အားကောင်းခဲ့သည်။ ကြည်း၊ ရေ၊ လေ တပ်ရင်း တပ်ဖွဲ့များအတွင်း UG အမာခံများ မွေးမြူမြုပ်နှံနိုင်ခဲ့ကြသည်။ သီးခြားလွတ်လပ်သော မဆလ ဆန့်ကျင်ရေး တပ်တွင်း အင်အားစုလေးများလည်း တည်ရှိနေသည်။ ထိုစဉ်က UG များမှာ လက်နက်ကိုင်တိုက်ပွဲအတွက် မွေးမြူခဲ့ကြခြင်း ဖြစ်သည်။ ၆၅ – ၆၆ ကာလများတွင် အကြောင်းကြောင်းကြောင့် နယ်မြေဒေသပေါင်းစုံမှ ကြည်း၊ ရေ၊ လေ တပ်မှူး၊ တပ်သား၊ အကြပ်များ တပြည်လုံးအတိုင်းအတာနှင့် သုံးရာကျော်ခန့် အဖမ်းခံခဲ့ရသည်ဟု သိရသည်။ ကကကြည်း၊ စစ်ထောက်လှမ်းရေး၊ လက်နက်ခဲယမ်းမီးကျောက်တပ်မှ အကြပ်တပ်သားများပင် ပါသည်။

အကယ်၍သာ ၈၈ အရေးအခင်း မတိုင်မီက ၆၄ – ၆၅ ကာလများ ကကဲ့သို့ တပ်မတော်အတွင်း၌ UG မြုပ်နှံမှု အားကောင်းခဲ့မည်ဆိုလျှင် အနှံ့အပြားသဘောဆောင်သော တပ်မှူးတပ်သား အများစုကြီးအနေဖြင့် ၈၈ လူထု အရေးတော်ပုံကြီးတွင် ပြည်သူလူထုကြီးနှင့် ပူးပေါင်းနိုင်ခဲ့ပေလိမ့်မည်။ ပြည်သူ လူထုကြီး အနေဖြင့်လည်း စစ်အုပ်စု၏ ပစ်ခတ်သတ်ဖြတ်မှုကို ရှောင်ရှားနိုင်ခဲ့ပေလိမ့်မည်။ တပ်မတော်ကိုလည်း ဒီမိုကရေစီကို ကာကွယ်သည့် တပ်အဖြစ် ပြောင်းလဲနိုင်ခဲ့ ပေလိမ့်မည်။ တိုင်းပြည်၏ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားသွေးစည်း ညီညွတ်ရေး ပြဿနာများကိုလည်း အထိုက်အလျောက် ဖြေရှင်းနိုင်ခဲ့ပေလိမ့်မည်ဟု အတွေးပွားချင်စရာ ဖြစ်ရသည်။ သို့သော် အတိတ်မှာကျန်ရစ်ခဲ့ပြီ။ သင်ခန်းစာအဖြစ် လေးနက်ဖို့တော့ လိုသည်။

အရေးကြီးသည်မှာ ယနေ့ ပစ္စုပ္ပန်လုပ်ငန်းတာဝန်များကို အကောင်းဆုံး ဖြစ်အောင် ကြိုးစားကြရန် ဖြစ်သည်။ မျက်မှောက်ကာလတွင် ၈၈ အရေးတော်ပုံကြီး၏ အဓိကအောင်သီးအောင်နှံများ ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်။ ဒီမိုကရေစီလိုလားသော တပ်မှူးတပ်သားများ (NLD ကို မဲပေးခဲ့သော တပ်မှူး တပ်သားများ) အနည်းနှင့်အများ တပ်မတော်တွင်း ရှိနေဆဲ ဖြစ်သည်။ စစ်အုပ်စုတွင်း ဂိုဏ်းတိုက်ပွဲများ တနေ့တခြား ပြင်းထန်လာနေဆဲ ဖြစ်သည်။ နအဖ စစ်အုပ်စု အနေဖြင့် ပြည်ပနိုင်ငံများ၏ ဖိအားကို ခံနေရသည်။ ပြည်သူလူထုကြီးသည်လည်း လက်ရှိအခြေအနေကို ပြောင်းလဲပစ်ရန် ဆန္ဒပြင်းပြနေသည်။ နအဖ စစ်အုပ်စု ကိုယ်တိုင် သူ့အကျိုးစီးပွား တည်မြဲရေး အတွက် အပြောင်းအလဲတခုလုပ်ရန် တာစူနေပြီ ဖြစ်သည်။ မုချပေါ်ပေါက်လာတော့မည့် အပြောင်းအလဲ လှုပ်ရှားမှုကြီးတွင် တပ်မတော်တပ်မှူးတပ်သား အများစုကြီး ပြည်သူလူထုနှင့်အတူ ရပ်တည်လာရန် အရေးကြီးသည်။ သို့မှသာ လူထုလှုပ်ရှားမှု အတွက် အောင်ပွဲခံရန် အာမခံချက်ရှိမည်။

'တပ်မတော် ပြုပြင်ပြောင်းလဲရေး' လှုပ်ရှားမှုလုပ်ငန်းကို အချိန်မီအောင် တက်ညီလက်ညီ အကောင်အထည် ဖော်နိုင်သည်နှင့်အမျှ လက်ဦးမှုသည် ပြည်သူလူထုကြီးဘက်တွင် ရှိနေပြီဟု မုချပြောနိုင်သည်။ ဒီမိုကရေစီဘက်တော်သားအားလုံး ထိုတာဝန်ကို တက်တက်ကြွကြွ အကောင်အထည်ဖော်ကြပါရန် နှိုးဆော်ပါသည်။ ။

# သတင်းနဲ့ မှတ်ချက်

## ဟီရိုးရှီးမား နှစ် ၆၀ ပြည့်

နှစ် ၅၀ ပြည့်တုန်းက အနုမြူဗုံးတီထွင်ခဲ့သူ တဦးဖြစ်တဲ့ ရောမသိပ္ပံပညာရှင်ကြီး Hans Bethe က နိုင်ငံကြီးတွေကို အနုမြူဗုံး ၁၀၀ စီပဲ ကိုင်ထားကြဖို့၊ ပိုတာဖျက်ဆီးပစ်ဖို့ ဆော်သြခဲ့တယ်။ အဲဒီလောက် အရေအတွက်ဆိုရင် ဟစ်တလာလိုလူ ပေါ်ပြီး အနုမြူစစ် ဖြစ်ဦးတော့ လူ့ယဉ်ကျေးမှုကြီး တခုလုံး မပျက်စီးနိုင်ဘူးလို့ သူထင်တယ်။ ဟစ်တလာလိုလူ မပေါ်ဘူးလို့တော့ သူမတွက်ပါဘူး။ သူက နာဇီရန်က ပြေးလာတဲ့ ဂျာမန်ဂျူး အမေရိကန်နိုင်ငံသားပါ။

နှစ် ၆၀ ပြည့်မှာတော့ အနုမြူဗုံး ကန့်သတ်ရေးကို ဘယ်ပုဂ္ဂိုလ်ကြီးကမှ ဆော်သြတာ မကြားရတော့ပါဘူး။ စစ်မြေပြင်အငယ်စားမှာ သုံးနိုင်တဲ့ အနုမြူဗုံးအသေးစား ထုတ်လုပ်ရေးပဲ အမေရိကန် သိပ္ပံပညာရှင်တွေ တီထွင်နေကြတယ်။ ဟစ်တလာလို လူကတော့ ပေါ်နေပါပြီ။ အသေးစားအနုမြူဗုံး ထုတ်လုပ်နိုင်ရင် ပိုပြီးကြမ်းမယ့် ရမ်းမယ့် သဘောပါ။

အခုတော့ အနုမြူဗုံးထုတ်ဖို့ ကြိုးစားနေတယ်ဆိုတဲ့ နိုင်ငံငယ်တွေ ဘက်ကို လှည့်ရန်ရှာနေတယ်။ အီရတ်မှာတော့ မရှိရာဘူးဆိုပဲ။ မြေလှန်ရှာတာတောင် မတွေ့ပါဘူး။ အခုတော့ မြောက်ကိုးရီးယားနဲ့ အီရန်ဘက်ကို လှည့်နေတယ်။

သန်းရွှေတို့က မစို့မပို့ လုပ်ချင်ပုံပေါ်တယ်။ တန်ရာတန်ရာပဲ စဉ်းစားတာ ကောင်းပါတယ်။ ။



## အမေရိကန်မှာ ထောက်လှမ်းရေးဌာနတခု တိုးလာပြန်ပြီ။

အမေရိကန်မှာ ထလရ ဌာနတွေ သိပ်များပါတယ်။ အခုတော့ တခုထပ်တိုးလာပါပြီ။ 'အကြမ်းဖက်ဝါဒ'ကို တန်ပြန်နှိမ်နင်းဖို့ ဆိုပြီးဖွဲ့တာပါ။ DNI လို့ခေါ်တယ်။ CIA , FBI တို့ရဲ့ အထက်ကလိုလို စင်ပြိုင်လိုလို မရေမရာ အဖွဲ့ပါ။

DNI ကို ဦးစီးဖို့ အီရတ်မှာ သံအမတ်လုပ်နေတဲ့ John Negroponte ကို ခန့်တယ်။ အဲဒီရာထူးရလို့ ဝမ်းသာပုံ မရပါဘူး။ သူ့မိတ်ဆွေတယောက်က 'ဘယ့်နှယ်လဲ ချီးကျူးဂုဏ်ပြုရမှာလား – ဝမ်းနည်းတယ် ပြောရမှာလား' လို့မေးသတဲ့။ အဲဒီတော့ သူက 'နှစ်ခုစလုံး ဖြစ်ပါတယ်' ဖြေသတဲ့။

CIA နဲ့FBI က ရှားစောင်းစေးနဲ့ မျက်ချေး။ ကာကွယ်ရေးဝန်ကြီး ကိုင်ထားတဲ့ စစ်တပ်ထောက်လှမ်းရေး တွေကလည်း တဗိုလ်တမင်း အဲဒီ ကြားထဲမှာ ဝင်ပြီး စခန်းသွားရမှာ ဖြစ်လို့ DNI အကြီးအကဲ မျက်ခုံးလုပ်နေမှာ အသေအချာပါပဲ။ ဓားစာခံရှာပြီး အဖြတ်ခံရရင် သူက ဖွဲ့ဆော်ဦး ဖြစ်မှာပါ။ ။

## နျူကလီးယားလက်နက်ထိန်းချုပ်ရေး ပညာရှင်ကွယ်လွန်ပြီ

အနုမြူဗုံးထုတ်လုပ်ရာမှာ အဓိကအခန်းကပါသူ တဦးဖြစ်တဲ့ Hans Bethe အသက် ၉၈ နှစ်မှာ ကွယ်လွန်ပြီ။ သူကလည်း ဟစ်တလာရန်က လွတ်အောင်ပြေးလာတဲ့ ဂျာမန်ဂျူးလူမျိုးပါ။

နေ အပါအဝင် ကြယ်တွေဘာကြောင့် နှစ်တွေ ဘီလျံနဲ့ချီပြီး အကြာကြီး စွမ်းအင် ထုတ်ပေးနိုင်သလဲ ဆိုတာကို သူ့ပဲအဖြေမှန် တွေ့ခဲ့တာဖြစ်လို့ ကမ္ဘာကျော်ပါတယ်။ အပြောများတဲ့ ပုံပြင်တခုက တညမှာ သူ့ရည်းစားနဲ့ လမ်းလျှောက်နေရင်း သူ့ရည်းစားက 'ကြယ်တွေ တောက်ပနေတာ သိတ်လှတာပဲ 'လို့ ပြောသတဲ့။

အဲဒီတော့ သူက 'အဲဒီကြယ်တွေ ဘာကြောင့် တောက်ပနေသလဲဆိုတာ ကမ္ဘာပေါ်မှာ ကိုယ်တယောက်ပဲသိတယ်' လို့ ပြောသတဲ့။

သူက ဂျပန်မှာ အနုမြူချတာကို ထောက်ခံခဲ့သူပါ။ သူက "လိုအပ်တဲ့မကောင်းမှု" လို့ သဘောထားပါတယ်။ စစ်ပြီးတော့ "အနုမြူလက်နက် မပြန့်ပွားရေး"




ကို သူပြောလာတယ်။ သူ့အမြင်က တမျိုးပါ။ ဟီရိုးရှီးမား အနုမြူဗုံးကြဲခံရတဲ့ နှစ် ၅၀ ပြည့်တဲ့နေ့ (၁၉၉၅ ဩဂုတ်လ ၆ ရက်) မှာ သူထုတ်ပြန်တာက အနုမြူ လက်နက် ၁၀၀ စီပဲ

ထားကြဖို့ပါ။ ဟစ်တလာလို
နိုင်ငံရေးသမားက အရှူးထပြီး
အနုမြူစစ်ဖြစ်လာရင်၊ ဒါမှ
ကမ္ဘာ့ယဉ်ကျေးမှုတခုလုံး
ပျက်စီးမသွားမှာလို့ သူကပြောပါတယ်။
အခု ဟီရိုရှီးမားနေ့ နှစ် ၆၀
ပြည့်ပါပြီ။ ဘယ်ကမ္ဘာကျော်
ပညာရှင်ကမှ အနုမြူလက်နက်
ဖျက်သိမ်းရေးပြောသံ မကြားရပါဘူး။

## အမေရိကန်တပ်တွေ အပြောင်းအရွှေ့ လုပ်နေတယ်

ကမ္ဘာကြီး အကြီးအကျယ်
ပြောင်းနေတယ် ဆိုတာကို မယုံဘူးလား။
စပိန်ကနေ ဂျပန်အထိ ချထားတဲ့
အမေရိကန်တပ်တွေ အပြောင်းအရွှေ့
လုပ်နေတာကိုကြည့်ရင် ယုံလာလိမ့်မယ်။
အမေရိကန်တပ်အင်အား ၇၀,၀၀၀ ဟာ
၂၀၀၆ ခုနှစ်မှာ စပြီးအိမ်ပြန်ကြလိမ့်မယ်။
အဲဒီဖြစ်စဉ်ဟာ ၂၀၁၀ ခုနှစ်ကျမှ
ပြီးဆုံးမှာပါ။
ဂျာမဏီမှာရှိတဲ့




တပ်အင်အား
၁၁,၀၀၀
အိမ်ပြန်ကြမယ်။
တောင်ကိုရီးယားကလည်း
အများကြီး
အိမ်ပြန်ကြလိမ့်မည်။
ဒီလိုလုပ်တာ
ဘာကြောင့်လဲ။ အမြင်နှစ်မျိုး
တွေ့ရတယ်။ တမျိုးက အတတ်ပညာကို
အဓိကထားတဲ့ အတွေးအခေါ်ပဲ။
သူတို့အပြောက 'သတင်းခေတ်'မှာ
တပ်ကြီးတွေ နိုင်ငံခြားမှာချထားဖို့
မလိုတော့ဘူးတဲ့။
'ရှေ့တန်းစစ်ဆင်ရေးဌာန' ကလေးတွေ
လူနည်းနည်းထားရင် နှစ်နိုင်ငံ
ပူးပေါင်းစစ်ဆင်ရေးအဖွဲ့ ကလေးတွေ
ဖြန့်ချထားနိုင်ရင် လုံလောက်ပြီလို့
ဆိုတယ်။ ဒီအမြင်က အမေရိကန်ရာစု
ရောက်နေပြီ ထင်ရာကြလို့ရပြီ ဆိုတဲ့
အတွေးအခေါ်က လာတာပါ။ NATO
တွေ မဟာမိတ်တွေ မလိုတော့ဘူး။
နောက်က လိုက်ရင်လိုက်၊
မလိုက်ရင်ရန်သူပဲ ဆိုတဲ့မာနနဲ့
ပြောတဲ့အပြောမျိုးပါ။
နောက်အမြင်ကတော့
နိုင်ငံရေးကဲပါတယ်။ နိုင်ငံခြားမှာတပ်တွေ
ချထားမှ အဲဒီနိုင်ငံနဲ့ ရင်းရင်းနှီးနှီးရှိမယ်။
နိုင်ငံရေးအရ ကိုယ်ကတာဝန်ယူစိတ်
ပြတာဖြစ်တယ်လို့ မြင်ပါတယ်။ သူတို့က
အိမ်ပြန်ခေါ်တာ မကြိုက်ပါဘူး။
ဒီအမြင် နှစ်မျိုးစလုံးက
အမေရိကန် စစ်ရေးကျွမ်းကျင်သူတွေရဲ့
အမြင်ပါ။
အမေရိကန်
ဆန့်ကျင်ရေးတွေ ကမ္ဘာတဝှမ်းပေါ်နေလို့
အကြမ်းဖက်တိုက်ခိုက်ခံရတာတွေ၊
ဆန္ဒပြခံရတာတွေ ဖြစ်မှာစိုးလို့၊
ကြာလာရင် ပြည်တွင်းက
စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲတွေပေါ်လာမှာ
ကြောက်လို့ အိမ်ပြန်ခေါ်တာလို့တော့
အခုအထိ ပြောသံမကြားရသေးပါ။

## ကက်ထရီနာ (Katrina) မုန်တိုင်း

တရုတ်သမ္မတဟူးကျင်ထောင်နဲ့
တွေ့ဖို့ကိစ္စကို
(မုန်တိုင်းအကြောင်းပြပြီး) ဘုရှ်က
ရက်ရွှေ့လိုက်တယ်ဆိုတော့ ဒါဟာ
နိုင်ငံကြီးတွေရဲ့ သံတမန်ကစားကွက်ပဲလို့
ထင်ခဲ့တယ်။
နောက်ကျတော့မှ

## သတင်းနဲ့ မှတ်ချက်

ဘုရှ်နဲ့သူ့အစိုးရတဖွဲ့လုံးလောက်
မုန်တိုင်းခံဒေသသို့ ယောက်ယက်ခတ်
သွားနေကြတာရယ်၊ ပြည်တွင်းက
အီရတ်စစ်ဆန့်ကျင်ရေး
အင်အားစုတွေရဲ့ လှုပ်ရှားမှု
ပိုပြီးပြင်းထန်လာတာရယ်ကို
တွေ့လာရတော့ တမျိုးစဉ်းစားမိတယ်။
ကျိုတိုသဘောတူညီချက် Kyoto
Protocol ကို မထိမ့်မြင်ပြုမိတဲ့
ဘုရှ်ကို
မိခင်သဘာဝကြီးက
Katrina နဲ့
ဒဏ်ခတ်လိုက်တာများလားလို့။
အခုမြို့ပျက်ကြီးလို ဖြစ်သွားတဲ့
နယူးအော်လင်းမြို့က အမေရိကန်ရဲ့
အကြီးဆုံးဝင်ကုန်ထွက်ကုန်
ဆိပ်ကမ်းကြီးဆိုပဲ။ ကမ္ဘာမှာ
ပဥ္စမမြောက် ဆိပ်ကမ်းဆိုပဲ။
ပြန်ပြီးနာလန်ထူဖို့ ကြာမယ်။
နဂိုအနေအထား ပြန်ရဖို့တောင်
မသေချာဘူးဆိုပဲ။
မုန်တိုင်းဒဏ်ခံလိုက်ရတဲ့
သူတွေကလည်း အမေရိကန်လူမဲတွေက
အများစု ဖြစ်နေတယ်။
ကာလအတန်ကြာ ငြိမ်နေတဲ့ လူမဲတွေ
တဖန်နိုးကြားလာနေတယ်။
အီရတ်စစ်ပွဲကိုတောင်
ဂယက်ရိုက်နိုင်မယ့်အခြေအနေပဲလို့
သုံးသပ်မိတယ်။



# ပြည်တွင်းသတင်းသုံးသပ်ချက်

(၂၀၀၄ ခုနှစ် အောက်တိုဘာမှ ၂၀၀၅ ခုနှစ် စက်တင်ဘာ အထိ)

## ဆူနာမီ ၂ ကြိမ်

ဗမာပြည်မှာ ၂၀၀၄ ခုနှစ်အတွင်း ကုန်းတွင်းပိုင်းဆူနာမီနဲ့ ပင်လယ်ကမ်းခြေဘက် ဆူနာမီရယ်လို့ ပေါက်ကွဲတုန်ခါ ရိုက်ခတ်မှု ၂ ကြိမ် ဖြစ်သွားခဲ့တယ်။

ပထမ ဆူနာမီက စက်တင်ဘာလထဲမှာ ဗမာပြည်မြောက်ဖျားက စတင်ပေါက်ကွဲပြီး တတိုင်းပြည်လုံး လှုပ်ရှားရိုက်ခတ်သွားခဲ့တယ်။ အိမ်နီးချင်း နိုင်ငံတွေနဲ့ အာဆီယံ (ASEAN) နိုင်ငံအားလုံး တုန်ခါသွားပါတယ်။ ဒီဂယက်က ကုလသမဂ္ဂအထိ ရိုက်ခတ်ပါတယ်။ နောက်ဆက်တွဲ လျှောင်လေးတွေ လှုပ်ဆဲပါ။

ဒုတိယ ဆူနာမီက ဒီဇင်ဘာ ၂၆ ရက်နေ့မှာ အင်ဒိုနီးရှားနိုင်ငံ ဆူမတြာကျွန်း အာချေးပြည်နယ်ဘက် ပင်လယ်ပြင်ကနေ စတင်ပါတယ်။ ရစ်ချက်စတာ စကေး ၉.၀ ပြင်းအားရှိတဲ့ ဒီလျှောင်ကနေ ဆူနာမီရေလှိုင်းကြီးတွေ ပေါ်ထွက်လာပြီး နိုင်ငံနဲ့ဒေသ (၁၂) နေရာကို ထိခိုက်ခဲ့တယ်။ သူ့ပြဿနာက ပြီးသလောက်ပါ။ ဖြေရှင်း စရာ အမျိုးအမည်မသိ၊ ဘယ်နိုင်ငံသားလဲဆိုတာ မခွဲခြားနိုင်သေးတဲ့ ထိုင်းက အလောင်း ၁၃၀၀ ကိစ္စလောက်သာ ကျန်ပါတယ်။ ဒါတောင် ၃ နှစ် လောက်တော့ အချိန်ယူရဦးမယ်ဆိုပဲ။

## ပထမ ဆူနာမီ

၃ ချောင်းထောက် စစ်အုပ်စုထိပ်သီး (၃) ယောက် – တယောက်အမှား တယောက် အကွက်စောင့်နေတာ ကြာပါပြီ။ ၂၀၀၄ ခုနှစ် စက်တင်ဘာ ၁၂ ရက်နေ့မှာတော့ အရှေ့မြောက် စစ်ဌာနချုပ်အပိုင်းဘက်မှာ အကွက်ပေါ်သွားခဲ့တယ်။ ဗိုလ်ခင်ညွန့်က စင်ကာပူနိုင်ငံသို့ ဆေးစစ်ဖို့ ထွက်သွားချိန် တိုင်းမှူးမြင့်လှိုင်အမိန့်နဲ့ မူဆယ် ၁၀၅ မိုင် နမ့်ဖတ်ကာဂိတ်မှာ ဝင်ရှာဖွေစစ်ဆေးတာ လုပ်လိုက်ပါတယ်။ ပြေးမလွတ်နိုင်လို့ သေချာပေါက် တွက်ထားတဲ့အတိုင်း စစ်ထောက်လှမ်းရေး လက်ထဲ မှာ ရွှေ၊ ငွေ၊ ရတနာပစ္စည်းတွေ တပုံတထွေးကြီး လက်ဆုပ်လက်ကိုင် မိလိုက်ပါတယ်။ စာရင်းမပြပေမယ့် ရွှေချောင်းတွေကိုက အများကြီးပါ၊ ကျောက်စိမ်း (၄၂) တန်နှင့် ပုလဲအလုံး (၁,၃၀၀) ရဲ့ တန်ဖိုး ထည့်မတွက်ဘဲနဲ့ကို စုစုပေါင်း ကျပ်သိန်း (၃ သောင်း) တန်ဖိုး ရှိတယ်လို့ အောက်တိုဘာ ၂၄ ရက်နေ့ ရှင်းလင်းပွဲမှာ နံပါတ် ၃ နေရာ ရောက်လာတဲ့ ဗိုလ်ရွှေမန်းက စာရင်းပြသွားပါတယ်။

ဒါက နေရာတနေရာမှာ ဌာနတခုရဲ့ ပိုင်ဆိုင်မှုကို အခိုင်အမာ ခိုးထုပ် ခိုးထည်နဲ့ ပြသွားနိုင်တဲ့ အတိုင်းအတာပါ။ တပြည်လုံးအတိုင်းအတာအရ ထောက်လှမ်းရေး ကိုင်တွယ်ထားတဲ့ တန်ဖိုးစုစုပေါင်း ဘယ်လောက်ရှိမလဲ?၊ ဗိုလ်ရွှေမန်း ပြောတာဟာ ဗိုလ်ခင်ညွန့် အင်ပါယာထဲက စားကွက်တကွက်သာ ဖြစ်တယ်။ သူ့အပါ နအဖ ထိပ်သီးတွေရဲ့ ခွဲတမ်းချ ပြည်တွင်းပြည်ပ အင်ပါယာတွေ ဘယ်လောက် ကျယ်ကြ သလဲ?၊ မြေပေါ်မြေအောက် (ဘဏ်လုပ်ငန်းမှအစ ဆန်စပါး၊ သစ်တော၊ တွင်းထွက် ပစ္စည်းအထိ) ရေပေါ်ရေအောက် (ငါး၊ ခါတ်ငွေ့၊ ရေကြောင်းပိုင်နက်) လေပြင် (အင်တာနက်၊ ဆယ်လူလာ၊ လေကြောင်း) လုပ်ငန်းတွေရဲ့ တန်ဖိုးပေါ်က ဘေးပေါက်ရ ဝင်ငွေတွေ ဘယ်လောက်ရှိမလဲ?။

ဗိုလ်သန်းရွှေ စီးတဲ့ကားရဲ့တန်ဖိုးက ကုဋေ ၃၀ တန်တယ်လို့ ကြားလိုက်ရတယ်။ သူ့မိသားစုမှာ ဒီလိုကားမျိုး ဘယ်နှစ်စီး ရှိသလဲ?၊ နိုပါတ်တော်ထဲက ကုဋေ ၈၀ သူဌေးသားပုံပြင် ကြားဖူးတယ်။ ကား ၃ စီးစာတောင် မရှိပါလား။

အောက်တိုဘာ ၁၈ ရက်နေ့မှာတော့ ဗိုလ်ခင်ညွန့်ကို ဖမ်းလိုက်ပါတယ်။ ၂၂ ရက်နေ့မှာ အမျိုးသား ထောက်လှမ်းရေးအဖွဲ့ (NIB) ရုပ်သိမ်းတဲ့ ဥပဒေပြဋ္ဌာန်းခဲ့တယ်။ တဆက်တည်း ကကလှမ်း ဌာနချုပ်ကစပြီး တနိုင်ငံလုံးရှိ စစ်ထောက်လှမ်းရေး တပ်ရင်း၊ တပ်ဖွဲ့၊ တပ်ဆွယ် ရုံးတွေကို ဆိုင်ရာဆိုင်ရာ တိုင်း၊ စစ်ဌာနချုပ် တပ်တွေက ဝင်ရောက်သိမ်းပိုက် ဖမ်းဆီးထိန်းသိမ်းတာတွေ လုပ်ခဲ့တယ်။ အိမ်ထောင်သည် အမျိုးသမီးတွေရဲ့ လက်ဝတ်လက်စားတွေကအစ ချွတ်ယူလို့ တပ်တွေထဲမှာ ဂယက်ထသွားပါတယ်။ 'လွန်တယ်' ပေါ့ ...။

၁၉၈၃ ခု၊ လန်ဘားတင်ဦးတို့ ခံခဲ့ရတဲ့ဖြစ်စဉ်ကို သတိရစရာပါ။ နေဝင်းလွှန်ခေတ် ဆိုပေမယ့် နေဝင်းရဲ့ လုပ်ဟန်အမွေကို ဆက်ခံကျင့်သုံးဆဲဆိုတာ ပေါ်လွင်လှတယ်။ အာဏာအရှိန်အဝါ (အလွန်) ကြီးမားတဲ့ အခွင့်ထူးခံတွေ ချက်ချင်း (အိမ်နိမ့်စံဘဝလို့တောင် ပြောမရတဲ့) အကျဉ်းစခန်းတွေဆီ ရောက်ကုန်ပါတယ်။ ဝဋ်လည်ကုန်ပါတယ်။

ပြည်သူတွေအတွက်ကတော့ ဝမ်းနည်းစရာမဟုတ်သလို ဝမ်းသာစရာအကြောင်းက ဘာမျှမရှိ။ ကုပ်ပေါ်ခွစီးနေတဲ့ သရဲတကောင် ကွာကျသွားပေမယ့် အသစ်တကောင် ပြန်ခုန်တက်လာတာမို့ မတ်မတ်ရပ်လို့မရသေး။

အောက်တိုဘာ ၁၉ ရက်မှာ ဗိုလ်သန်းရွှေလက်မှတ်နဲ့ ကျန်းမာရေးအကြောင်းပြကာ ဗိုလ်ခင်ညွန့်အား အနားပေးလိုက်ကြောင်း ထုတ်ပြန်ပါတယ်။ နောက်တော့ ရာထူးခွဲဝေမှုတွေ ချက်ချင်းလုပ်ကြပါတယ်။

ဗိုလ်ခင်ညွန့်ကိုယ်တိုင်က (ဗကပ သုတေသန မှတ်တမ်းတခုအရ) ထိပ်တန်းရာထူးတွေ (နာယက – ဥက္ကဋ္ဌ /ချုပ် စသည်) ယူထားတာ ၂၀ ကျော်ပါတယ်။ ဒါတွေကို နအဖ အဆင့် ၄/၅ ရောက်လာသူတွေက မဆိုင်းလက်ငင်း ခွဲယူလိုက်ကြတယ်။ ဗိုလ်သန်းရွှေက ထလရ မှူးချုပ် နေရာကိုတော့ စရခ နာမည်ပြောင်းပြီး အဆင့် ၁၀ ကျော်သူ လူယုံတယောက်လက် အပ်လိုက်ပါတယ်။

ယောက်ျားလုပ်သူရဲ့ ရာထူးများ ခွဲယူပြီးတဲ့နောက် ဗိုလ်ခင်ညွန့်ဇနီးရဲ့ ရာထူးတွေကို နအဖ အဆင့် ၃၊ ၄၊ ၅ ကတော်တွေနဲ့ ထလရမှူးချုပ် (ယခု စရခ) ကတော်က ခွဲစိတ်ယူလိုက်ပါတယ်။

ဗိုလ်ခင်ညွန့် အရေးယူတာကို တရားဝင်ထုတ်ပြန်ပြီးတာနဲ့ လက်မြန်ခြေမြန်သူတို့ ပထမဆုံး စလုပ်တာက ငြိမ်းအဖွဲ့တွေကို ရှင်းလင်းချပြ ချွေးသိပ်တဲ့အလုပ် ဖြစ်တယ်။ ဒါကလည်း လက်နက်ပဲယုံသူ၊ လက်နက်ပဲ ရှိနိုင်ကြသူများဖြစ်လို့ ကျန်လက်နက်ကိုင်ထားသူများကို ဦးစားပေးတာ ဖြစ်တယ်။

ဝန်ကြီးချုပ်သစ်၊ တွင်း ၁ သစ်တို့က ရာထူးသစ်မှာ ဇိမ်ယစ်မနေနိုင်သေးဘဲ နောက်တနေ့ ၁၉ ရက်နေ့မှာပဲ နယ်ထွက်ပြီး 'ငြိမ်းအဖွဲ့' တွေကို ပေါ်လစီမပြောင်းကြောင်း အာမခံကတိတွေ ပေးကြတယ်။ တိုင်းမှူးတွေက ကိုယ့်စစ်ဒေသထဲက 'ငြိမ်း' တွေကို ရှင်းပြကြရတယ်။

နှစ်ဦးပိုင်းမှာ ပြန်လည်ကျင်းပမယ့် ညောင် ၂ ပင်ညီလာခံကို (စိုထားသော ခြေထောက် မခြောက်ခင်) ပြန်တက်ကြဖို့လည်း ဖိတ်ကြားကြရပါသေးတယ်။

**နိုင်ငံတကာမှ ဖော်ပြချက်များ**

ဗိုလ်ခင်ညွန့် မပြုတ်ခင်ကတည်းက ပြင်ပကမ္ဘာနဲ့ နအဖ တို့ဆက်ဆံရေးက သဟဇာတ သိပ်ဖြစ်လှတာမဟုတ် –

ဗမာပြည်အရေးမှာ နောက်တန်းအပို့ ခံထားရတာ ကြာပြီဖြစ်တဲ့ ကုလအထူးသံ ရာဇာလီနဲ့ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် ပီညဲရိုးတို့ကို ဗမာပြည်တွင်း လာခွင့်ပြုဖို့ ကိုဖီအာနန်က အောက်တိုဘာ ၁ ရက်နေ့ကပဲ တောင်းဆိုထားတာ ရှိခဲ့တယ်။

၉ ရက်နေ့မှာ အာဆမ် (ASEM) အစည်းအဝေး တက်ကြတဲ့ ၃၈ နိုင်ငံ ခေါင်းဆောင်များက နိုင်ငံရေးပါတီများအပေါ် ပိတ်ပင်ကန့်သတ်ထားမှုများကို ဖယ်ရှားပေးရန်နှင့် ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီများကို လွတ်လပ်စွာလှုပ်ရှား ဆောင်ရွက်ခွင့်ပေးရန်နှင့် ဒီမိုကရေစီရေး တွေ့ဆုံဆွေးနွေးပွဲများတွင် ပြည့်ပြည့်ဝဝ ပါဝင်ခွင့်ပေးရန် နအဖ ကို တညီတညွတ်တည်း တောင်းဆိုခဲ့ကြပါသေးတယ်။

(ဂျပန်ဝန်ကြီးချုပ်ကပဲ နအဖ အပေါ် အရေးယူမည်ဆိုတဲ့ ပြောဆိုမှုကို သဘောမကျကြောင်း ထုတ်ဖော်ပြောဆိုသွားတာ တွေ့လိုက်ရတယ်။)

၁၁ ရက်နေ့မှာတော့ အီးယူ (EU) နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှ နအဖ အပေါ် ပြင်းထန်သည့် ပိတ်ဆို့ကန့်သတ်ချက်များ တိုးချဲ့သတ်မှတ်ကြဖို့ သဘောတူဆုံးဖြတ်ခဲ့ကြပြန်တယ်။

အာဆီယံ နိုင်ငံတွေရဲ့ ဖော်ပြချက်တွေကလည်း အရင်လိုမဟုတ်တော့ နအဖ ကို ဒီအတိုင်း လွှတ်ထားလို့ကတော့ အာဆီယံပါ ဒုက္ခရောက်မှာကို မြင်လာကြတယ်။ အာဆီယံနိုင်ငံတွေရှိ ပါလီမန်အမတ်တွေကလည်း ပူညံပူညံ ဖြစ်လာခဲ့တယ်။ အစည်းအဝေးတွေလုပ်ပြီး နအဖ ကို ကန့်ကွက်ရှုတ်ချတာ၊ ဒီမိုကရေစီရေး တောင်းဆိုတာတွေ ရှိနေခဲ့တယ်။

ဗိုလ်ခင်ညွန့်ကို ဖြုတ်ချတာ ဖြစ်ပြီးတဲ့နောက် –

အောက်တိုဘာ ၂၀ ရက်နေ့မှာ ကိုဖီအာနန်က စိုးရိမ်ပူပန်မိကြောင်း စစ်အစိုးရအနေနဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ရင်ကြားစေ့ရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ဖို့ တိုက်တွန်းခဲ့တယ်။

၂၁ ရက်နေ့မှာတော့ မလေးရှားနိုင်ငံက "မြန်မာနိုင်ငံတွင်းမှ ဖြစ်ရပ်များသည် အာဆီယံ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည်။" ... လို့ ထုတ်ဖော်လိုက်တယ်။

စင်ကာပူက "ပြည်တွင်းရင်ကြားစေ့ရေးကို ဆက်လက်ဆောင်ရွက်ဖို့" ပြောခဲ့ပြီး ဖိလစ်ပိုင်သမ္မတက "ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်ရန် အာဆီယံနှစ်ပတ်လည် အစည်းအဝေးတွင် တောင်းဆိုရတော့မှာပဲ"... လို့ အသံပေးလိုက်ပါတယ်။

၂၅ ရက် ဥရောပကောင်စီ အစည်းအဝေးတွင် "ဗမာအစိုးရပိုင် ကုမ္ပဏီများနှင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ဆက်စပ်ပတ်သက်ခြင်း မပြုကြရန်" ဆုံးဖြတ်ချက်ချပါတယ်။ အီးယူကလည်း "ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် အာဆီယံ နိုင်ငံများမှ နအဖ ကို ဖိအားပေးကြရန် " တောင်းဆိုခဲ့ကြတယ်။

၂၆ ရက်နေ့တွင် ပီညဲရိုးက ဗမာပြည်၏ ဆိုးဝါးလှသော လူ့အခွင့်အရေး အခြေအနေများနှင့် ပတ်သက်၍ ကြားဖြတ်အစီရင်ခံစာတခု ကုလသမဂ္ဂသို့ တင်သွင်းခဲ့တယ်။ "နိုင်ငံရေးအကျဉ်းသားအားလုံး မလွတ်သေးသ၍ ဗမာပြည်တွင် အမျိုးသား ရင်ကြားစေ့ရေးနှင့် ဒီမိုကရေစီ ရရှိရေးမှာ မည်သို့မျှမဖြစ်နိုင်" လို့ ဖော်ပြခဲ့တယ်။

အမေရိကန်နှင့် ဩစတြေးလျတို့က (ဒီပဲယင်း) စိုးဝင်းကို ဝန်ကြီးချုပ်သစ်အဖြစ် ခန့်လိုက်တာကို ၂၀ ရက်နေ့မှာ ကန့်ကွက်လိုက်ကြပေမယ့် ထိုင်းဝန်ကြီးချုပ် ထပ်ဆင်ကမူ ထူးထူးခြားခြား ချက်ချင်းအသိအမှတ်ပြုခဲ့တယ်။ ၂၀ ရက်နေ့မှာပဲ – "ဝန်ကြီးချုပ်သစ်နဲ့ တွေ့ဆုံလိုတယ်။"... လို့ဖော်ပြခဲ့တယ်။ သို့သော် "ထိုင်းပို့ကုန် သွင်းကုန်ဘဏ်က မြန်မာနိုင်ငံသို့ ချေးငှားမည့်ငွေများကိုမူ ယင်းနိုင်ငံ၏ မရေရာသော အခြေအနေများကြောင့် ခေတ္တရပ်ဆိုင်းထားမည်။" လို့ ကြေညာခဲ့တယ်။

ထိုင်းအထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ ဥက္ကဋ္ဌကတော့ "စစ်အစိုးရနှင့် သံတမန်ဆက်သွယ်မှု အဆင့်လျှော့ချရန်၊ အကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရပ်နားထားရန်၊ စစ်ဖိနပ်အောက်ရှိ ဗမာပြည်ကို အာဆီယံမှ ထုတ်ပစ်ရန်" ၂၂ ရက်နေ့တွင် တောင်းဆိုလိုက်ပါတယ်။

ပြည်ပနိုင်ငံများက ခုလိုတူးတူးခါးခါး ဖြစ်လာတာကို အရှိန်ကျသွားအောင် နအဖ ကြိုးစားရပြန်ပါတယ်။ အိမ်နီးခြင်း နိုင်ငံများ၊ အာဆီယံနိုင်ငံများသို့ နအဖ ခေါင်းဆောင်တွေ အလျှိုအလျှိုခရီး ထွက်ခဲ့ကြတယ်။ အထူးခြားဆုံးကတော့ နအဖ ဥက္ကဋ္ဌ ဗိုလ်သန်းရွှေရဲ့ ၆ ရက်ကြာ အိန္ဒိယခရီးဖြစ်တယ်။ တရုတ် – အာဆီယံ ဖဲချပ်တွေအပြင် နောက်ဖဲချပ်တချပ်ကိုပါ အပြိုင်စကိုင်လိုက်တဲ့ သဘောပါ။ ဒါဟာ နအဖ အနာဂတ် ဗမာပြည်နိုင်ငံရေးအတွက် ခြေလှမ်းပြင်လိုက်တဲ့ သဘောလည်းတွေ့ရတယ်။

(မှတ်ချက် – ဒီခရီးရဲ့ အခြားထူးခြားချက်တရပ်က နအဖ ထိပ်တန်းကတော်တွေ အားလုံးသိမ်းကြုံးပြီး လေယာဉ်ပေါ် တင်သွားတဲ့ ကိစ္စပါ။ တချို့က ပြန်ပေးဆွဲတဲ့သဘောလို့မြင်ပြီး တချို့က ဗိုလ်ခင်ညွန့်ကတော်အပေါ် အောင်ပွဲခံလိုက်တဲ့ အပျော်ခရီးလို့ သတ်မှတ်ချင်ကြတယ်။)

ဗိုလ်သန်းရွှေ အိန္ဒိယခရီးစ,တဲ့ အောက်တိုဘာ ၂၄ ရက်နေ့မှာပဲ ပြည်တွင်းရှိ သတင်းဌာနများ၊ လုပ်ငန်းရှင်ကြီးများကို ဗိုလ်ရွှေမန်းနဲ့ ဝန်ကြီးချုပ်သစ် ဗိုလ်စိုးဝင်းတို့က ရှင်းလင်းပွဲ လုပ်ပါတယ်။ တချက်ခုတ် နှစ်ချက်ပြတ်ဖြစ်အောင် ကြည်း၊ ရေ၊ လေ၊ ရဲ လက်နက်ကိုင် တပ်များကို ဌာနလိုက် စုဝေးစေပြီး မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားမှ လွှင့်ထုတ်တဲ့ ဒီရှင်းလင်းပွဲကို မပျက်မကွက် ကြည့်စေပါတယ်။

မိသားစုပါ ဆင့်ခေါ်ပြီး ကြည့်စေ၊ နားထောင်စေတဲ့ ဒီအမိန့်ပေး လုပ်ဟန်ဟာ တပ်ထဲမှာ တောက်လျှောက် ထွန်းကားခဲ့ပါပြီ။

ဆူနာမီ ဗိုလ်ခင်ညွန့်အရေးအခင်းဟာ တပ်ထဲမှာ ပြောင်းဆန်သွားခဲ့တယ်။ ထလရ ထိပ်ပိုင်းတွေကစပြီး ဒုတပ်ကြပ်အဆင့် အထိ ထောင်ချပြီး အရေးယူခဲ့တာပါ။ တပ်သားတွေကို ရိုးရိုးတပ်ပြောင်းပစ်ပါတယ်။

ထိပ်ပိုင်းအရာရှိတွေကို စစ်တပ်ရာဇဝင်မှာ မကြားဖူးသေးတဲ့ နှစ်ရှည်ထောင်ဒဏ်တွေ ပစ်စလက်ခတ် ချပစ်ခဲ့တယ်။ တချို့နှစ် ၁၀၀ ကျော်ကျခံရတဲ့ ထောင်ဒဏ်တွေဆိုတော့ ဂင်းနစ်စာအုပ်မှာ ထည့်သွင်းရမယ့်အဆင့် ရောက်မလားမသိ။

မျက်မှန်တင်ဦး အရေးယူစဉ်က ဒီလောက်မပြင်းထန်၊ အောက်ခြေအရာရှိ အကြပ်တပ်သားတွေဆိုလည်း တပ်ထုတ်တာပဲ ရှိတယ်။ ဒီလောက်လည်း အဝန်းအဝိုင်းမကျယ်၊ ဒီလောက်လည်း အထုပ်အထည်တွေ မရှိကြ။

ဝန်ကြီးတွေလည်း တဖြုတ်ဖြုတ်ပြုတ်ကုန်ပါတယ်။ ဗိုလ်ခင်ညွန့်ကို အမှီပြုကြီးပွားလာကြတဲ့ လုပ်ငန်းရှင်ကြီးများလည်း မချောင်ရောသုတ်ထဲ ဝင်ခံကြရတယ်။

တပ် ဂယက်ရိုက်ခတ်မှု ကြီးမှာစိုးလို့ ဗိုလ်ခင်ညွန့်ကို အရေးယူရာမှာ တဆင့်စီတက်ပြီး စွဲချက်တွေ တင်တာတွေ့ရတယ်။

အောက်တိုဘာ ၂၀ ရက်မှာ နိုင်ငံခြားရေးဝန်ကြီး ဗိုလ်ဉာဏ်ဝင်းက 'လာဘ်စားမှုများကြောင့်' လို့ သံတမန်များကို ရှင်းပြခဲ့တယ်။

၂၄ ရက်နေ့ကျတော့ ဗိုလ်ရွှေမန်းနဲ့ ဗိုလ်စိုးဝင်းက ‘အမိန့်မနာခံမှု၊ စည်းကမ်းဖောက်ဖျက်မှု၊ လာဘ်စားမှုများကြောင့်’ လို့ ထပ်ဆင့်စွဲချက် တင်လိုက်ပြန်တယ်။

၉ လလောက် အချိန်ဆွဲထားလိုက်သေးတယ်။ နောက်ဆုံးကျမှ အိမ်ချုပ်ချထားတဲ့ ဗိုလ်ခင်ညွန့်ကို အင်းစိန်အကျဉ်းထောင် ရုံးခန်းမှာ အမှုစစ်တယ်လို့ သိုးသိုးသန့်သန့် ကြားလိုက်ရပြီး အဂတိလိုက်စားမှု၊ လာဘ်စားမှုများအပါ အမှု ၈ မှုနဲ့ ဆိုင်းငံ့ထောင်ဒဏ် (၄၄) နှစ် အပြစ်ပေးခြင်း ခံရတယ်လို့ သတင်းများ ထွက်လာခဲ့တယ်။

သူ့သားကြီး ဒုဗိုလ်မှူးကြီးဇော်နိုင်ဦးကို ၆၈ နှစ်၊ သားငယ် ရဲနိုင်ဝင်းကို ၅၁ နှစ် ပြစ်ဒဏ်ချခဲ့တယ်။ ဇနီးဒေါ်ခင်ဝင်းရွှေကတော့ အိမ်ချုပ်၊ မြေးဖြစ်သူ တတိယတန်းကျောင်းသားလည်း အလွတ်မပေး ကျောင်းမှထုတ်ပစ်စေ … လို့ အမိန့်ချပါတယ်။

သံအမတ်ကြီးများလည်း မစားသာတော့၊ ကမ္ဘာအနှံ့ဖြန့်ချထားတဲ့ သံအမတ်တွေထဲက ဗိုလ်ခင်ညွန့်လူလို့ သတ်မှတ်ခံရတဲ့ သူတွေကို တိုင်းပြည်ပြန်ခေါ်တယ်။ တချို့ဖြုတ်ပစ်၊ တချို့ချောင်ထိုးထားလိုက်တယ်။ နိုင်ငံခြားမှာ ဗိုလ်ခင်ညွန့်က မီဒီယာလောကထဲအထိ ထိုးသွင်းထားပြီး ရာထူးဌာနန္တရ ရထားသူအချို့ ထွက်သူထွက် နားသူနား ဖြစ်ကုန်တယ်။

ဒီခေတ်လောက် ကောလဟာလသတင်းတွေ ပျံ့နှံ့တာမရှိဘူး ထင်ပါတယ်။ အကြောင်းအရာလည်းစုံတယ်။ အင်တာနက်ခေတ် ဆိုတော့ ပြည်တွင်းကနေ ဖြစ်ဖြစ်၊ နယ်စပ်ကနေ ဖြစ်ဖြစ် ပေါ်လာတဲ့ သတင်းတခုဟာ အချိန်တိုအတွင်း တကမ္ဘာလုံး ပြန့်သွားလေ့ရှိတယ်။ စစ်အုပ်စုတွင်းက ဖြန့်တာလည်းရှိတယ်။ လူထုကြားမှာလည်း သတင်းအစလေး တခုရလိုက်တာနဲ့ ဖြစ်စေချင်တဲ့ ဆန္ဒနဲ့ရော၊ ခြောက်ခြား တာနဲ့ရော ပေါင်းစပ်ပြီး ဖြန့်လိုက်ရာက ပြန့်သွားတာလည်း ရှိတယ်။

နိုင်ငံရေးအဖွဲ့အစည်းများနဲ့ မီဒီယာလောက,က တွက်ဆခန့်မှန်းချက်တွေက တချို့ကိစ္စတွေမှာ ဇာတ်ရှုပ်ကြီးတွေ ဖြစ်စေတယ်။ ဥပမာ – ဗိုလ်မောင်အေးရဲ့ ကိုယ်ရေးအရာရှိ ဒုဗိုလ်မှူးကြီး ဘိုဝင်းထွန်း သေရတဲ့ ကိစ္စဆိုပါတော့ –

– မူးမူးရူးရူးနဲ့ မောင်အေးကိုယ်တိုင်က ပစ်သတ်လိုက်တာ

– ဗိုလ်စိုးဝင်းလူတွေက ဝိုင်းပစ်တာ

– ကိုယ့်ဘာသာ သတ်သေတာ စသည့် ဇာတ်လမ်းကွဲတွေ ထွက်ခဲ့တယ်။ စစ်အခမ်းအနားနဲ့ သင်္ဂြိုလ်လိုက်တဲ့အထိ ငြင်းကြခုန်ကြဆဲ ဖြစ်တယ်။

နောက်ဆုံး စိတ်ရှုပ်ထွေး ကျန်ရစ်ကြသူတွေကတော့ ဘိုဝင်းထွန်းမိသားစုပါ။ “ကိုယ့်ကိုယ်ကို သတ်သေတယ်လဲဆိုရဲ့ ကျည်ဆံရာတွေက များလှချည့်လား” လို့ ညည်းကြတယ်ဆိုပဲ။

နောက်ဆုံး အထွတ်အထိပ်ရောက်သွားတဲ့ သတင်းတခုကတော့ ဗိုလ်သန်းရွှေကို ဗိုလ်မောင်အေး ဦးစီးတဲ့ ၅ ဦးအဖွဲ့က ဖြုတ်ချ လိုက်ပြီ ဆိုတဲ့သတင်းပါ။ ဩဂုတ်လ ၂၃ ရက်ည ဘီဘီစီက ထုတ်လွှင့်လိုက်တဲ့ ဒီသတင်းရဲ့ဂယက်ဟာ အင်မတန်ကြီးပါတယ်။ အထူးသဖြင့် မီဒီယာလောကမှာ ပွက်လောရိုက်သွားခဲ့တယ်။ ပုပ်လို့ပေါ် ဟုတ်လို့ကျော်တဲ့အဆင့် မဟုတ်ဘူးပဲထား – “ ဘယ်သူခွဲခွဲ ဒို့မကွဲ” ဆောင်ပုဒ်ကတော့ ထုံးစံအတိုင်း လမ်းဘေးဆိုင်းဘုတ်အဆင့်က တက်မလာတော့ပါဘူး။

သူတို့အထဲ ဘာတွေဖြစ်ကြတယ်တော့ မပြောတတ်၊ ၅ ရက်လောက်ကြာအောင် အချိန်ယူပြင်ဆင်ကြပြီးမှ ပြန်ကြားရေး ဝန်ကြီး ဗိုလ်ကျော်ဆန်းနဲ့ အဖွဲ့က “မဟုတ်ပါဘူး” လို့ သတင်းစာရှင်းလင်းပွဲ လုပ်ပါတယ်။ ပေးချင်တဲ့ မက်ဆေ့ချ်က တခုတည်းဖြစ်ပေမယ့် ဝေဝါးကုန်အောင် တခြားခေါင်းစည်းတွေ ရောနှောကာ ဝန်ကြီးနှစ်ပါးနဲ့ ရဲချုပ်တဦးက ‘အဆစ်’ တွေပေးပြီး ရှင်းလိုက်ကြတာ သတင်းစာ တစောင်လုံးလောက် နေရာယူသွားတာ တွေ့လိုက်ရတယ်။ သတင်းစာဆရာတွေရဲ့ မေးခွန်းတချို့ကို သေသေချာချာ မဖြေနိုင်တာကို တော့ သတိထားမိလိုက်ကြတယ်။

### ဒုတိယဆူနာမီ

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်နေ့မှာ ဆူမတြားကျွန်း အာချေးပြည်နယ်ဘက် ပင်လယ်ပြင်မှာ ငလျင်ကြီးတခု လှုပ်ခတ်သွား ခဲ့ပါတယ်။ ရစ်ချက်စတာစကေး ၉.၀ ပြင်းအားရှိပါတယ်။ ကြောက်စရာကောင်းတဲ့ ဆူနာမီရေလှိုင်းကြီးတွေ ပေါ်ထွက်လာခဲ့တယ်။ လျင်မြန်သော အရှိန်အဟုန်နဲ့ နိုင်ငံ ၁၂ နိုင်ငံရဲ့ ကမ်းခြေတွေကို ချက်ချင်းရိုက်ခတ် ဖျက်ဆီးပစ်လိုက်တယ်။ လူပေါင်း ၃ သိန်းခန့် အသက်ဆုံးရှုံးခဲ့ရတယ်။ ပစ္စည်းဥစ္စာ ဆုံးရှုံးပျက်စီးမှုတွေကလည်း အင်မတန် ကြီးမားပါတယ်။

ဗမာပြည်တောင်ဘက်ပိုင်း ပင်လယ်ကမ်းခြေတွေမှာ ဒီဒဏ်ကို ခံခဲ့ရတယ်။

ဆူနာမီဒဏ်ခံ ကျန် ၁၁ နိုင်ငံက မိမိတို့နိုင်ငံတွေရဲ့ အသေ၊ အပျောက်၊ အဆုံး၊ အရှုံး စာရင်းကို ကြိုးစားပမ်းစား စာရင်းပြုစုခဲ့ကြတယ်။ တိကျသမျှတိကျအောင် စာရင်းပြကြေညာခဲ့ကြတယ်။ ဒီအထဲမှာရောပြီး ဒဏ်ခံကြရတဲ့ ကမ္ဘာလှည့် ခရီးသည် တွေရဲ့ စာရင်းကို သက်ဆိုင်ရာနိုင်ငံတွေနဲ့ ပူးပေါင်းစာရင်းတင်ခဲ့တာလည်း ပါ, ပါတယ်။

ထုံးစံအတိုင်း ဗမာ နအဖ အစိုးရကတော့ ‘ဘယ်လိုစာရင်းဖျောက်ရမလဲ? ဆိုတဲ့ အခြေခံကိုကိုင်ပြီး ပြဿနာကို ရင်ဆိုင်

ပါတယ်။

ပထမဆုံး ဆူမတြားလျှင် နောက်ဆက်တွဲလျှင်များ ပြည်တွင်းမှာ လုပ်တာကို မသိကျိုးကျွံနေခဲ့တယ်။ ခြောက်ခြားကုန်မှာ စိုးလို့လား?၊ အတိတ်နိမိတ်ကောက်ကြမှာ ကြောက်လို့လားမသိ။ နိုင်ငံတကာ မီဒီယာတွေက ဖွင့်ဆော်ဦးဖော်ပြမှ ကျန်ဒေသတွေက သိကြရတယ်။ လျှင်ဧရိယာအတွင်းက ပြည်သူတွေ လမ်းပေါ်ထွက်နေကြ၊ အိပ်ကြရတာကို လျစ်လျူရှုထားပါတယ်။

ဒုတိယအနေနဲ့ ပြည်တွင်း အသေအပျောက်စာရင်းကို လျှော့, လျှော့ဖော်ပြလာရာမှာ သေဆုံးသူ ၅၉ ဦးက မတက်တော့ပါ။ နောက်ဆုံး ကုလသမဂ္ဂက ဝင်စာရင်းချုပ်ပေးတဲ့ “၁၀၀ လောက်သေတယ်။ ၃ သောင်းကျော် အိုးအိမ်မဲ့တယ်။” ဆိုတာကိုတောင် အတည်ပြုမပေးပါ။ လူပေါင်း ၇၀၀ အိုးအိမ်မဲ့တယ်လို့ပဲ ကြေညာခဲ့တယ်။

တတိယ က ထိုင်းဘက်ရောက်နေတဲ့ မြန်မာတွေရဲ့ အသေအပျောက်စာရင်း နအဖ က လုံးဝစာရင်းမကောက် စိတ်ဝင်စားပုံ မပြ။ မြန်မာလူမျိုး ၂ သန်းလောက် ဝမ်းရေးအတွက် ထိုင်းဘက်ရောက်နေခဲ့တာ ရှိတယ်။ ဒီမြန်မာထုထဲမှာတော့ အကြီးအကျယ် တုန်လှုပ်စရာကြီး ဖြစ်ခဲ့တယ်။ ထိုင်းဘက်ရောက် မြန်မာတွေထဲက သေဆုံးသူ ရာချီရှိတယ်။ ထောင်ဂဏန်းအထိ ရောက်တယ်ဆိုတဲ့ ငြင်းခုံမှုတွေ အတောမသတ် ရှိခဲ့တယ်။ ဘန်ကောက်ပို့စ် သတင်းစာက ဗမာ ၈၀၀ ခန့် သေတယ်လို့ဖော်ပြခဲ့တယ်။

ဖြစ်ပုံက ထိုင်းနိုင်ငံအတွင်း စီးပွားလာရှာသူ၊ နအဖ စစ်တပ်ကြောက်ပြီး ပြေးလာသူ ဒုက္ခသည်တွေက စာရင်းမရှိ အင်းမရှိ အလုပ်လုပ်ကြရတာမှာလည်း စာရင်းပျောက် လုပ်ကြရသူက မနည်း။ ဒါကြောင့်သေကြေရတော့လည်း စာရင်းမရှိ အင်းမရှိ သေကြရတယ်။ နောက်ဆုံး အခိုင်အမာဖော်ပြနိုင်တဲ့ သေဆုံးသူစာရင်းက ၁၆၀ ကျော်ပဲရှိပါတယ်။

၇ ရက်ဇူလိုင်မှ စလာတဲ့ အသေအပျောက် စာရင်းတွေ ရှစ်လေးလုံး၊ ဒီပဲယင်းအထိ စာရင်းဖျောက်လာတဲ့ နအဖ အဖို့ ဒီစာရင်းကို အကြိုက်တွေ့သွားပါတယ်။ နိုင်ငံတော်ကို တာဝန်ယူထားပါတယ်ဆိုတဲ့ အစိုးရတရပ်က တာဝန်သိသိ လုပ်သွားတာ တခုမှ မတွေ့လိုက်ရပါ။ ထိုင်းဘက်သေ မြန်မာစာရင်း သူတို့နဲ့ဆိုင်ပုံမပြ။ အခွန်အကောက်ကိစ္စဆိုရင်တော့ တာဝန်ယူပါတယ်။

ဆူနာမီရေလှိုင်းဒဏ် ခံရတဲ့နိုင်ငံတွေကို နိုင်ငံတကာက အကူအညီတွေ ပုံပြီးပေးကြပါတယ်။ သူတို့ စဉ်းစားရပြီ၊ အရှုံးအမြတ်တွက်ရပြီ။ တကယ်ရ, ရမှာက ရေဘေးဒဏ်ခံ လူထုတွေပါ။ သူရမှာမဟုတ်။

ဒါ့ကြောင့် နအဖ မင်္ဂလာယူလိုက်ပုံက “မြန်မာပြည်ရဲ့ နစ်နာဆုံးရှုံးမှုက ပြောပလောက်အောင် ရှိတာမဟုတ်လို့ နိုင်ငံတကာ့ အကူအညီကို လက်မခံတော့ပါ။ လိုအပ်တဲ့ နိုင်ငံတွေပဲ ပေးလိုက်ကြပါ”… ဆိုပဲ။

ဒါမှလည်း သူကြေညာထားတာနဲ့ ကိုက်မှာကိုး … ။

**လူသာသေ လေမသေစေနဲ့ ဆောင်ပုဒ်**

ဗိုလ်ခင်ညွန့်က သူပြုတ်မကျမီ ရက်ပိုင်းအလိုတွင် “မြန်မာနိုင်ငံသည် မကြုံဖူးအောင် တိုးတက်ဖွံ့ဖြိုးနေပြီး ပြည်သူလူထု၏ စီးပွားရေး တိုးတက်ကောင်းမွန်စေရန် နအဖ ၏ ကြိုးပမ်းဆောင်ရွက်မှုများကလည်း အထူးအောင်မြင်နေသည်။”… လို့ ကြေညာခဲ့တယ်။

ခုလည်း အခြေအနေနဲ့ပြောင်းပြန် နအဖ ခေါင်းဆောင်တွေ အောက်ပါအတိုင်း ပြောနေကြတယ်။ မတန်မရာတွေ ပါတာကို လည်း တွေ့ရပါမယ်။

၁။ “နက်ရှိုင်းမြင့်မြတ်သည့် နိုင်ငံရေးခံယူချက် ရှိသူများသာ နိုင်ငံတိုးတက်အောင် ဖန်တီးနိုင်မည်။”

*(မေလ ၂ ရက် ဗိုလ်သန်းရွှေ၏ ကြံ့/ဖွံ့ လေ့လာမှုသင်တန်း အမှတ်စဉ် ၇ မိန့်ခွန်း)*

မေးခွန်းတခုမေးချင်တယ်။ နအဖ ထဲ ဒီလိုလူမျိုးရှိလို့လား?။

၂။ “နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နေခြင်းမှာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်ဆိုသည့် အားသုံးအား ညီညွတ်စွာ ကြိုးပမ်းလုပ်ဆောင် ခဲ့ကြ၍ဖြစ်တယ်။”

*(ဧပြီလ ၁၇ ရက် ဗိုလ်သန်းရွှေ၏ ရခိုင်ခရီးတွင် ပြောသော ဗိုလ်ရွှေမန်းမိန့်ခွန်း)*

မေးခွန်း။ “နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နေခြင်း” ဆိုတာဘယ်ဟာကို ပြောတာလဲ?။

၃။ “ကိုယ်စွမ်းကိုယ်စအပေါ် အခြေခံ၍ နိုင်ငံတော်နှင့် ပြည်သူများ အတူတကွ ရုန်းကန်နေခြင်းကြောင့် တိုင်းပြည်ဖွံ့ဖြိုးရေး အတွက် လိုအပ်သော အခြေခံများ တည်ဆောက်နိုင်ခြင်းဖြစ်”

*(ဗိုလ်စိုးဝင်း – မေလ ပထမပတ် မကွေးတိုင်းခရီးတွင် ပြောကြားချက်)*

မှတ်ချက် – (နိုင်ငံတော်နဲ့ ပြည်သူ) (တိုင်းပြည်) ဆိုတာတွေကို (ကိုယ်ကျိုး၊ ကိုယ့်စီးပွား၊ ကိုယ့်မိသားစု) လို့ ပြင်လိုက်ဖို့ လိုတယ်။

၄။ “အစိုးရ၊ တပ်မတော်နှင့်ပြည်သူ ပူးပေါင်း၍ အောင်မြင်မှုများ မျက်ဝါးထင်ထင် ခံစားနေရပြီ”

*(မေ ၃၁ ဗိုလ်စိုးဝင်း၏ ကြံ့/ဖွံ့ သင်တန်း အမှတ်စဉ် ၇ မိန့်ခွန်း)*

မှတ်ချက် – အောင်မြင်မှုများ ဆိုတာကို ကျွန်တော်တို့ မမြင်ပါ။ ပြည်သူတွေလည်း မခံစားရပါ။

၅။ – မည်သည့်ခေတ် ကာလနှင့်မျှမတူဘဲ ပြောင်းလဲတိုးတက် အောင်မြင်မှုများ မျက်ဝါးထင်ထင် တွေ့နေရခြင်းဖြစ်
– စနစ်ဟောင်းမှ စနစ်သစ်သို့ ညင်သာစွာ ကူးပြောင်းနိုင်ရန် အခြေခံများ ပြည့်စုံရေး ဆောင်ရွက်နေ
– ကိုယ့်ခွန်ကိုယ်အား အခြေခံပြီး ဖိဖိစီးစီး လုပ်ဆောင်နိုင်၍ အောင်မြင်မှုအသီးအပွင့်များ ခံစားနေရပြီ။

*(ဇူလိုင် ၁၀ – တွင်း/၁ ဗိုလ်သိန်းစိန်၏ အစိုးရနည်းပညာတက္ကသိုလ် (ဗန်းမော်) ဖွင့်ပွဲမိန့်ခွန်း)*

မှတ်ချက် – နအဖ ပြောတဲ့ ''အောင်မြင်မှုများ'' ဆိုတာ ပြည်သူများ ခါးစည်းခံစားနေရတဲ့ ''ခါးသည်းမှု'' များလို့ အဓိပ္ပာယ်ဖွင့်ချင်တယ်။

၆။ – နိုင်ငံတော်အနေဖြင့် ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းလျက်ရှိ
– တိုင်းရင်းသားအားလုံး လူနေမှုဘဝ မြင့်မားရေး ဖြည့်ဆည်းပေးနေ
– နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်၏ ဒေသအသီးသီးအကြား အလပ်မရှိ မျှမျှတတ ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဘက်စုံကဏ္ဍစုံက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း

*(ဩဂုတ် ၂၂ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ပြောသော ကစထ ၂ မှူး ဗိုလ်ကျော်ဝင်း)*

မှတ်ချက် – ဘယ်နေ့မှာ ပြည်တွင်းစစ်သေနတ်သံ ပြန်ကြားရမလဲ ဆိုတာကို တထိတ်ထိတ် နားစွင့်နေရတယ်။

၇။ ''နိုင်ငံတော်မှ တာဝန်ရှိသူများသည် တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်စေရန် နေ့မအား ညမအား ဆောင်ရွက်နေကြကြောင်း''

*(ဩဂုတ် ၂၂ ဝန်ကြီး ဗိုလ်ကျော်ဆန်း – ဆားလင်းကြီးမြို့နယ် မိန့်ခွန်း)*

မှတ်ချက် – တိုင်းပြည်နဲ့လူမျိုး ဖွံ့ဖြိုးတိုးတက်လာတာတော့ မတွေ့ရ။ တာဝန်ရှိသူများ၏ မိသားစု၊ ဆွေမျိုးသားချင်း၊ အပေါင်းအသင်းများ ဖွံ့ဖြိုးတိုးတက်လာတာ – အယူလွန်၊ အစားလွန်လို့ အမှုတွေဖြစ်နေကြတာပဲ တွေ့နေကြရတယ်။

၈။ ''ခေတ်အဆက်ဆက်က မဖွံ့ဖြိုးခဲ့သော ဒေသများ ဖွံ့ဖြိုးတိုးတက်လာပြီ''

*(ဩဂုတ် ၂၇ ကစထ ၄ မှူး မောင်ဘို၏ ကော့ကရိတ်မိန့်ခွန်း)*

အထက်ပါ ယုံတမ်းစကားများကို မိမိတို့ချည်းပြောနေလျှင် ပြည်တွင်းပြည်ပ ဘယ်သူမှ လက်ခံမှာမဟုတ်မှန်း သူတို့မသိမဟုတ် သိပါတယ်။ ဒီတော့ လူအားများများနဲ့ တွန်းကြည့်ပါတယ်။

– ''အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးသည် အနီးလေးသာလို''

*(ဩဂုတ်လ ၄ ကြံ့ဖွံ့လားရှိုး ''လူထုအစည်းအဝေး''မှ အသံ)*

–''တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇ ဖွဲ့) နိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှုအပြည့်ဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့''

*(ဩဂုတ်လ ၆ မြိတ် ''လူထုအစည်းအဝေး'' မှ )*

... ကြံ့ဖွံ့ဦးဆောင်မှုနဲ့ တပြည်လုံးအနှံ့ ကျင်းပကြရတဲ့ ''လူထုအစည်းအဝေး'' ဆိုတာတိုင်းမှာ ဤလိုအသံများ ပွဲတင်ထပ်နေပါတယ်။ ဒ့ါအပြင် နအဖရဲ့ ပြည်တွင်းပြည်ပ ဆန့်ကျင်သူများကိုလည်း ရန်ထောင်ပေးရပါသေးတယ်။ ဒါတွေဟာ (ညောင်၂ ပင် အပြီးမှာ လုပ်မယ့် ''ပြည်သူ့ဆန္ဒခံယူပွဲ'' အတွက် ဇာတ်တိုက်နေကြတာ) လည်း ဖြစ်တယ်။

ပြည်တွင်းမှာသာ သိသိကြီးနဲ့ ရှေ့မျက်နှာ နောက်ထားပြီး ပြောနေကြတာမဟုတ်။ မျက်နှာပြောင်ပြောင်နဲ့ နိုင်ငံတကာ ထွက်ပြီး ပြောကြရတာတွေလည်း ရှိပါတယ်။ ဦးအုန်းဂျော်၊ ဦးဝင်းအောင်တို့ စိတ်ညစ်ကြရတာ ဒီကိစ္စမျိုးတွေပါ။ ဝန်ကြီးချုပ်ဆိုသူက ''ကျွန်တော် မသိပါ။ မေးမြန်းရပါဦးမယ်'' လို့ အဖြေပေးရတာမျိုးလည်း ရှိခဲ့တယ်။ ခုတော့ ဗိုလ်ဉာဏ်ဝင်း ဝဋ်လည်နေပါပြီ။

နိုင်ငံတော်အကြီးအကဲ ဆိုသူကတော့ ပြတ်တယ်။ ဧပြီလ ၂၃ ရက်နေ့ တရုတ်သမ္မတနဲ့ တွေ့တော့...

''နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်လိုသည့် အများဆန္ဒသည် သိသာထင်ရှားလာပါကြောင်း''... လို့ ပြောချလိုက်ပါတယ်။

တခါ မေလအတွင်း ကျင်းပတဲ့ အာရှ – အာဖရိက ထိပ်သီးညီလာခံမှာ...

''ယခုအခါ မိမိတို့ မနားမနေ ကြိုးပမ်းအားထုတ်မှုများကြောင့် တိုင်းရင်းသားများ၏ ယုံကြည်မှု၊ နားလည်သဘောပေါက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ပါကြောင်း''... လို့ အထက်ပါစကားကို ပွဲတင်ထပ်ကာ ပြောပြန်ပါတယ်။

– ဗိုလ်ခင်ညွန့်ကိစ္စ

– ဧပြီလအတွင်းမှာ ငြိမ်းအဖွဲ့တချို့ (SSNA - PSLA) ကို ခြိမ်းခြောက်အကျပ်ကိုင်ကာ ''ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်'' ခိုင်းတာ

– စဝ်ခမ်ဖ အမှူးပြုတဲ့ 'ရှမ်းပြည်ခွဲထွက်ရေး' ကိစ္စပေါ်တာ

– မေလ ၇ ရက် ရန်ကုန်မြို့လယ် ၃ နေရာမှာ ဗုံး ၃ လုံး တပြိုင်နက်လို ပေါက်ကွဲပြီး လူတွေသေကျေ အနာတရ ဖြစ်ကုန်တာ
– ပြည်သူတွေ တနေ့ထက်တနေ့ နေရေးသေရေး ပိုခက်လာတာတွေကို သူတို့ဖျောက်ထားလိုက်ကြပါတယ်။

**ငြိမ်းအဖွဲ့များကိစ္စ**

ဦးတည်ရန်သူ ဗကပ ကို အလဲထိုးဖို့ ရည်ရွယ်ချက်နဲ့ ဗိုလ်ခင်ညွန့်၊ ဗိုလ်အောင်ကြီး၊ လော်စစ်ဟန်တို့ ဖန်တီးထားတဲ့ (ပိုနေမြဲ၊ ကျားနေမြဲ ဖြေရှင်းနည်း) က နအဖ အတွက် ထိပ်တန်းပြဿနာတခု ဖြစ်လာခဲ့တယ်။

ဗိုလ်ခင်ညွန့်အတတ်ဆန်းပြီး "သေနတ်ကိုင်ထား၊ ကိုယ့်ဒေသကိုယ်အုပ်ချုပ်၊ စီးပွားရေး ကြိုက်သလိုလုပ်" လို့ ခွင့်ပြုခဲ့တယ်။ ဒါကို မကြည်တဲ့ အစုက တပ်ထဲမှာ ရှိခဲ့တယ်။ ကြည်းတပ်နဲ့ ထလရ ရဲ့ ပဋိပက္ခလို့ ပြည်ပက အမည်ပေးတယ်။ ငြိမ်းအဖွဲ့တွေရဲ့ လွတ်လပ်စွာ စီးပွားရှာခွင့်မှာ တိုင်းစစ်ဌာနချုပ်တွေက စွက်ဖက်ခွင့် မရှိတာက စ,ပါတယ်။ ထိပ်တိုက်တွေ့တာလေးတွေ ရှိလာတယ်။

ဒီတော့ ငြိမ်းတွေက ဗိုလ်ခင်ညွန့်ကို မေးဖူးတာရှိတယ်။ "ဗိုလ်ချုပ်ခွင့်ပြုတာတွေကို တချို့က လက်မခံဘဲ တားဆီးတာ၊ ပယ်ဖျက်တာ လုပ်လာရင် လယ်လိုလုပ်ကြမလဲ?" ဆိုတော့ "အဲဒီလိုဖြစ်လာရင် ခင်ဗျားတို့နဲ့ ကျွန်တော်တို့ ပေါင်းတိုက်ကြတာပေ့ါ" လို့ ဖြေခဲ့တာရှိတယ်။

ခုတော့ အဖြေထွက်သွားပါပြီ။

နအဖ က သူလုပ်စရာရှိတာတွေ ဆက်လုပ်ပါတယ်။ ဗိုလ်ချုပ်ဆေထင်၊ ခွန်ထွန်းဦးတို့ကို ထောင်ထဲထည့်လိုက်ပါတယ်။ SSNA ကို ၂ ခြမ်းခွဲပစ်တယ်။ လက်နက်နဲ့ ငြိမ်းချမ်းရေးလဲတယ်ဆိုပြီး ကျန်တခြမ်းကို လက်နက်ချခိုင်းလိုက်တယ်။ အလားတူ PSLA, လားဟူအဖွဲ့လည်း ဖိအားပေးခံရပြီး လက်နက်ချလိုက်ရပါတယ်။ ခု SSA (မြောက်ပိုင်း) တပ်မဟာ ၃ က ဒေသကို စွန့်လွှတ်ဖို့ သဘောတူလိုက်ရပြီ။

ကချင်အဖွဲ့တွေ အခွဲခံရတယ်။ ဖိအားပေးခံနေရတယ်။ ငြိမ်းအဖွဲ့အားလုံးလိုလို ဖိအားပေးခံနေရတယ်။ "လက်နက်နဲ့ ငြိမ်းချမ်းရေး အပြီးအပိုင်လဲ" ကြဖို့ တိုက်ရိုက်တမျိုး၊ မသိမသာတဖုံ တွန်းအားပေးတာ ခံနေကြရတယ်။

ဒေသအာဏာပိုင်တွေက တောင်းဆိုချက်တွေ ဒရစပ် တောင်းလာကြတယ်။ မလိုက်နာရင်တိုက်မယ် လို့ ပြောင်ခြိမ်းခြောက်လာနေတယ်။ ပြည်တွင်းစစ် ပြန်ဖြစ်ဖို့ သူတို့ကပဲစပြီး တာစူတာပါ။

**"ပြည်တွင်းစစ်ဖြစ်ပြီဆိုရင် ရန်/ငါစည်း ပြတ်ပြီး တိုက်ကြတာချည်းပဲ။ အခုပြည်တွင်းစစ် မရှိသလိုလို – ရှိသလိုလို အခြေအနေမှာတောင်သူကကိုယ့်ကို 'ဘုံရန်သူ' လို့ ခေါ်နေတယ်။ မိမိတို့က သူ့ကို ဘယ်လိုပြန်ပြီး ခေါ်ရမလဲ။ ဝေါဟာရ ပြဿနာလို့ မထင်ဘူး။ သဘောထား ပြဿနာဖြစ်နေတယ်။**

**စာအုပ်တိုင်း၊ မဂ္ဂဇင်းတိုင်းရဲ့ ရှေ့ဆုံးစာမျက်နှာမှာ 'ဘုံရန်သူ' ဆိုတာကို တွေ့နေရတယ်။ ကိုယ့်ကိုသတ်ဖို့ လုံ့စွပ်ထိုးချိန်လိုက်ချိန်မှာ ကိုယ်က... ...**

ငြိမ်းအဖွဲ့တွေကို နအဖ က "တံခါးခေါက်"နေပါပြီ။ သူတို့အဖြေတခုခု ပေးရပါတော့မယ်။

**အာဆီယံဥက္ကဋ္ဌ**

အနှစ်နှစ်အလလ မျှော်လင့်ထားတဲ့ ရာထူး၊ ကိုယ့်အလှည့်ရောက်ခဲ့ပြီ။ ဒါပေမဲ့ စားခါနီးမှ ထမင်းပွဲမှောက်ကျသွားခဲ့တယ်။

ဗမာနိုင်ငံကိုသာ ဥက္ကဋ္ဌနေရာ ပေးလိုက်ရင် အာဆီယံဒေသ လုံခြုံရေးမဟာမိတ်ဖြစ်တဲ့ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေက (၁) အာဆီယံကိုပေးထားတဲ့ အကူအညီတွေ ဖြတ်တောက်မယ်။ (၂) ARF အစည်းအဝေးတွေကို သပိတ်မှောက်မယ်လို့ ကြိုပြီး ရာဇသံ ပေးထားပါတယ်။ ဒါကြောင့် အာဆီယံထဲမှာ ဂယက်ထနေခဲ့တယ်။ ဒီဂြိုလ်ကောင်အတွက် ဘယ်သူကမှ အနစ်နာမခံနိုင်ပါ။ နအဖကို ကြိတ်ပြီး ဖျောင့်ဖျကြတယ်။ နအဖ က မလျှော့၊ ထုတ်ပစ်မယ်ဆိုတဲ့အသံတွေ ထွက်ခဲ့တယ်။ ဒီလိုနဲ့ ဇူလိုင်နောက်ဆုံးပတ် ရောက်လာတယ်။

လောနိုင်ငံမှာကျင်းပတဲ့ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ (ဗိုလ်) ဉာဏ်ဝင်း အဖြေပေးရတော့တယ်။

"ဥက္ကဋ္ဌနေရာကို စွန့်လွှတ်ပါတယ်။ တိုင်းပြည်အတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းများ လုပ်ဆောင်စရာတွေ ရှိလို့ပါ။" လို့ ကြေညာသွားပါတယ်။

အာဆီယံ ထုတ်ပြန်ချက်မှာတော့ "မြန်မာပြည်အနေနဲ့ ၂၀၀၆ ခုနှစ်ဟာ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ဒီမိုကရေစီရေး လုပ်ငန်းစဉ်များအတွက် အလွန်အရေးကြီးတဲ့နှစ်ဖြစ်ကြောင်း ကျနော်တို့အား အသိပေးထားပြီး ဖြစ်တယ်။" လို့ ဖေးဖေးမမ ရေးထားပါတယ်။

အတိုက်အခံ အဖွဲ့အစည်းတွေက မိမိတို့ရဲ့အောင်ပွဲလို့ ခံယူကြတယ်။ တချို့ကတော့ ပြည်တွင်းဖိနှိပ်မှုတွေ လာတော့မှာပဲဆိုပြီး

တွေးပူပန်ကြတယ်။ အဖမ်းအဆီးတွေ တိုးလုပ်လာတာ၊ ငြိမ်းတွေကို ခပ်ကြမ်းကြမ်း ကိုင်လာတာတွေတော့ တွေ့လာရတယ်။ အာဆီယံနဲ့ အမေရိကန်၊ အီးယူတို့ပဲ လွတ်လွတ်ကျွတ်ကျွတ် ဝမ်းသာကြမှာပါ။

ဗမာပြည်အရေးမှာ ဘေးရောက်နေတဲ့ ရာဇာလီက လောကိုလိုက်လာပြီး ဗမာနိုင်ငံခြားရေးဝန်ကြီးကို ကြွက်ချောင်း, ချောင်းနေခဲ့ပါတယ်။ တွေ့လိုကြောင်း တင်ပြပါတယ်။ “အလုပ်မအားသေးဘူး” အကြောင်းပြပြီး ပယ်ချတာ ခံလိုက်ရပါတယ်။

### ကုလသမဂ္ဂနဲ့ နအဖ

အစေးမကပ်တာကြာပါပြီ။ ဗိုလ်ခင်ညွန့်ရှိစဉ်ကတည်းက ကပ်တုံခွာတုံ ဖြစ်လာခဲ့တာပါ။ စစ်အေးလွန်ခေတ် ပျားရည် ဆမ်းချိန်က ကုန်သွားခဲ့ပြီ။ စစ်နဲ့ငြိမ်းချမ်းရေး ပြဿနာကို စဉ်းစားနေကြရပြီ။ ဒီလိုအချိန်မျိုးမှာ ဗမာပြည်က ဘေးရောက်နေတာ မကောင်းလှဘူး။ ကုလသမဂ္ဂမှာ မင်းပေါင်းစုံ တက်နေကြတယ်။ ဗိုလ်ဥက္ကာဝင်းကို သွားတက်ခိုင်းရတာ ကောင်းလှတယ်မထင်ဘူး။

ဗိုလ်သန်းရွှေကလည်း ပလ္လင်က ခွာဝံ့ပုံ မရဘူး။ နယူးယောက်သွားနေတုန်း ပလ္လင်ပျောက်သွားမှာ စိုးရိမ်ပုံပေါ်တယ်။ နံပါတ်ဝမ်း ပြည်ပသွားနေတုန်း အာဏာသိမ်းခံရတဲ့ အတွေ့အကြုံတွေက ကမ္ဘာမှာ မနည်းမနောရှိခဲ့တာကို သူလည်း လေ့လာဖူးမှာပါ။

ဗမာပြည်က တရုတ်နဲ့ အိန္ဒိယကြားမှာ၊ တောင်ဘက်မှာက အာဆီယံနိုင်ငံအများစု ရှိနေတယ်။ အနေတတ်မှ ဖြစ်မှာမို့ ဗိုလ်သန်းရွှေကို ကုလသမဂ္ဂ ထိပ်သီးညီလာခံ တက်စေချင်တာပါ။ မိခင်ဗမာပြည်က မွေးထားမိမှတော့ နူနူရွဲရွဲ နအဖ ကို အာဏာပိုင် အစိုးရအဖြစ် ဆက်ဆံနေကြရမှာပါ။

### အကျဉ်းသားများလွှတ်ပေးခြင်း

အောက်တိုဘာလအတွင်း ထောက်လှမ်းရေးတွေကို ဖမ်းခဲ့တယ်။ နိုဝင်ဘာလမှာ အကျဉ်းသား ၄,၀၀၀ စ,လွှတ်ပါတယ်။ ဒီအထဲမှာ ထင်ရှားတဲ့ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်အပါ နိုင်ငံရေးအကျဉ်းသား ၂၈ ယောက် စာရင်းကောက်ရခဲ့တယ်။ အသုတ်လိုက် လွှတ်ပေးတာ စုစုပေါင်း ၂၀,၀၀၀ စာရင်းပေါက်ခဲ့တယ်။

ဒီအကျဉ်းသားတွေဟာ သွားလေသူ ထောက်လှမ်းရေးတွေရဲ့ မလျော်မကန် လုပ်ဆောင်မှုများကြောင့် အဖမ်းခံရတာလို့ ကြေညာလိုက်ပါသေးတယ်။ ခက်တာက လွှတ်ပေးတဲ့အထဲမှာ နိုင်ငံရေးအကျဉ်းသားက ၂၀၀ လောက်ပဲ ပါ,ပါတယ်။ ဒါကြောင့် လွှတ်သူအားလုံးရဲ့ ၁%ပဲ ရှိပါမယ်။

နိုင်ငံရေးသမားတွေကို ထည့်ထားတဲ့ အကျဉ်းစခန်းနဲ့ ထောင်တွေဟာ နအဖ ရဲ့ “နိုင်ငံရေးစုဘူး” ကြီးပါ။ လိုအပ်သလို ဖမ်းထည့်ထားပြီး လိုသလောက် ထုတ်သုံးပါတယ်။ ပုံမှန်အားဖြင့် လက်ကျန်စာရင်းဟာ ၁၀၀၀ ကျော် ဖြစ်နေတတ်တယ်။ ခုလည်း လက်ကျန်စာရင်းမှာ ၁၃၀၀ ကျော် ၁၄၀၀ တွင်းလို့ သိရတယ်။ ထုတ်ပေးလိုက်တဲ့ သူတွေထဲမှာ လူနာမည်နဲ့ လွှတ်လာတဲ့ ရဟန်းသံဃာတွေရဲ့ အရေအတွက်ကလည်း မနည်းလှတာတွေ့ရရဲ့။

ကျေးဇူးတင်စရာမရှိပေမယ့် လွှတ်လာကြတာကောင်းတယ်။ ကိုမင်းကိုနိုင်တို့ ကျောင်းသားခေါင်းဆောင်တွေ နိုင်ငံရေးဇာတ်ခုံပေါ် တကျော့ပြန်ပေါ်လာတာ ကောင်းတဲ့အချင်းအရာပဲ။ ဗမာပြည် မြေပေါ်နိုင်ငံရေးဟာ အသက်ဝင်လှုပ်ရှားစ ပြုလာပါပြီ။

(ဗိုလ်ခင်ညွန့် ခေတ်ရိုက်ခေတ်ဆင် လုပ်ထားခဲ့တာတွေ လိုက်ဖျက်နေကြတယ်ဆိုတဲ့ သတင်းတခု ထွက်လာတယ်။ စစ်တပ် နိုင်ငံရေးဆိုတာ ဒါပဲ။ ဘယ်လောက် အောက်တန်းကျသလဲ။ အဲဒီနိုင်ငံရေးမျိုးနဲ့ ပြိုင်ကြရမှာပါ။) ကမ္ဘောဒီးယား ဖနွမ်းပင်မြို့တော်ကို သူပုန်တွေဝိုင်းလာတော့ အာဏာသိမ်းဗိုလ်ချုပ် (လုံနော) က ပရိတ်ရွတ်ပွဲလုပ်ပြီး ပရိတ်ချည်ကို တမြို့လုံး ရဟတ်ယာဉ်နဲ့ ဝိုင်းပတ်ချထားသတဲ့။ ဒါပေမဲ့ မြို့တော်ကျသွားတယ်။ အမေရိကန်ထွက်ပြေးရတယ်လို့ ဖတ်ဖူးတယ်။

### မစိုပြည်တဲ့ဗမာပြည်

### “လုံခြုံရေး”

*အမှု ၂ မှုနဲ့ တပြည်လုံး အလုပ်ရှုပ်သွားခြင်း* – ဝန်ထမ်းတွေသာမက လူထုပါ အလုပ်ရှုပ်ခဲ့ကြရတယ်။ တမှုက ဗုံးကွဲမှု။ နောက်တမှုက စွယ်တော်ပွား အခိုးခံရတဲ့အမှု။

ဗုံးတွေကွဲ လူတွေသေကုန်ပြီဆိုတာနဲ့ ချက်ချင်းလိုလို ဘယ်သူဘယ်ဝါတွေရဲ့ လက်ချက်ဆိုပြီး စွပ်စွဲနေကျ အဖွဲ့အစည်းတွေရဲ့ အမည်တွေ ထုတ်ပြန်လိုက်တယ်။ ဒီကိစ္စမှာ CIA လက်ရာပါတယ်။ တဖက်နိုင်ငံမှာ လေ့ကျင့်ပြီး ဗုံးတွေကို အဲဒီနိုင်ငံဘက်က သွင်းယူလာတာပဲလို့ အပိုင်ပြောလိုက်သေးတယ်။

အမေရိကန်အစိုးရက စုံစမ်းစစ်ဆေးရာမှာ အကူအညီ ပေးလိုကြောင်းပြောတာ ပယ်ချတယ်။ (CIA လက်ရာလို့ ပြောထား

ပြီပဲ)

ထပ်ဆင်က ‘နအဖ အကူအညီတောင်းမယ်ဆိုရင် ကူညီဖို့အသင့်’ လို့ ကမ်းလှမ်းတယ်။ လက်မခံဘူး။ (တဖက်နိုင်ငံလို့ လက်ညှိုးထိုးထားခဲ့ပြီ... လေ)

နိုင်ငံအသီးသီး အစိုးရတွေက မိမိတို့ပြည်သူတွေကို ဗမာပြည်မသွားဖို့၊ မသွားမဖြစ်ကိစ္စရှိရင် သတိထားသွားကြဖို့၊ သက်တမ်းလွန် ဗမာလေယာဉ်တွေ မစီးဖို့ (ကျန်းမာရေး ထိခိုက်တတ်ကြောင်း) ရထားလမ်း၊ ကားလမ်း မကောင်းတာတွေလည်း သတိထားကြဖို့ ကြိုပြောထားကြတယ်။

ဖောက်ခွဲရာမှာ ခေါင်းဆောင်သူဟာ ကိုကိုနိုင်ဖြစ်တယ် ကြေညာတယ်။ တိုင်းပြည်ထဲက မထွက်သေးဘူးဆိုလို့ တပြည်လုံး ပိုက်စိတ်တိုက် ရှာကြတယ်။ နယ်စပ်ဂိတ်တွေက စောင့်ဖမ်းကြတယ်။ မမိ၊ ဆုငွေ ကျပ်သိန်း ၅၀ ထုတ်ထားရာက သိန်း ၁၀၀ အထိ တိုးမြှင့်ခဲ့တယ်။ မထူးခြား။

နောက် ‘အောင်တင်’ဆိုပြီး ရှာကြပြန်တယ်။ ကိုကိုနိုင် – အောင်တင် နာမည်တူတွေ ဒုက္ခရောက်ကုန်တယ်။

*စွယ်တော်ပွား အခိုးခံရခြင်း* – စွယ်တော်ပွား တည်ထားရာ စေတီက ဗိုလ်သန်းရွှေအိမ်နဲ့ မလှမ်းမကမ်းမှာ ရှိတယ်။ တပ်၊ ရဲ လုံခြုံရေးက နေ့ညမပြတ်ရှိတာပါ။ ဒီကြားထဲက စွယ်တော်ပွားသာမက ရွှေသားကြာကလပ် ရွှေကျောင်းဆောင်တွေပါ သယ်မ,ထုတ်သွားတာပါ။

တပ်ခွဲတခွဲ လုံခြုံရေးကို တယောက်တည်းက ဖောက်ထွင်းသွားတာမို့ အင်းဝခေတ်သူခိုးကြီး တောက်ပြား လူဝင်စားလား ထင်ကြတယ်။ သူကပဲ စွမ်းတာလား၊ တပ်ကပဲညံ့တာလား စဉ်းစားစရာပါ။ ထုံးစံအတိုင်း ဗိတ်ဟာ ဆို့ဟာနဲ့ စီစီညံသွားပြန်ပါရော။ စွယ်တော်ပွားကိုတော့ အပြင်ရောက်မှ ပစ်ထားခဲ့တာမို့ စောစောကတည်းက ပြန်ရပြီးသားလို့ သိရတယ်။

သူခိုးကို တပတ်မပြည့်မီ ရဲကဖမ်းမိတယ်။ ရွှေလာရောင်းတာကို မသင်္ကာလို့ ရွှေဆိုင်က ရဲတိုင်ရာက မိတာပါ။ တော်ကြ လွန်းလို့မဟုတ်၊ တရားခံကလည်း လူစွမ်းကောင်းတောက်ပြား မဟုတ်ပါ။ လက်လုပ်လက်စား။ အရင်ကတော့ ထန်းသမားလေးပါ။

*အသက်ကို ဖက်နဲ့ထုပ်ထားရ*

(၁) ကိုအောင်လှိုင်ဝင်း (NLD လူငယ်အဖွဲ့ဝင်) မေ ၁ ရက်မှာ အဖမ်းခံရ၊ ၉ ရက်နေ့မှာ အလောင်းဆေးရုံရောက်တာ ကြားရလို့ မိသားစု သွားကြည့်ကြတယ်။ သင်္ဂြိုလ်ပြီးနှင့်နေပြီ။ ၁၀ ရက် နေ့ ထလရ က ဒုဗိုလ်မှူးကြီးနဲ့အဖွဲ့လာပြီး နှလုံးရောဂါနဲ့ မေ ၇ ရက်မှာ သေဆုံးသွားတာဖြစ်ကြောင်း၊ ရက်လည်ဆွမ်းကျွေးဖို့ ငွေကျပ် ၁ သိန်း ပေးတာ လက်မခံဘဲ ငြင်းလွှတ်တယ်။ ဘာရောဂါမှ မရှိ။ ဖမ်းစဉ်ကလည်း ကျန်းကျန်းမာမာ ၇ ရက်အတွင်း နှလုံးရောဂါရသေတာ ဘာအဓိပ္ပာယ်လဲ?။ နအဖကို တရားစွဲပါတော့တယ်။

နောက်တော့ ဆေးစစ်ချက်ထွက်လာတယ်။ ခန္ဓာကိုယ် ၂၄ နေရာတွင် ဒဏ်ရာများ တွေ့ရကြောင်း၊ နံရိုး ၃ ချောင်း ကျိုးနေတာမှာ တချောင်းက နှလုံးကိုထိနေကြောင်း၊ လည်မျိုနှင့် လေပြွန်တို့ ထိခိုက်ဒဏ်ရာရတယ်။ ဝမ်းဗိုက်နဲ့ အူမတို့ပျက်စီးနေကြောင်း။ (ဥပဒေရေးရာ ဆေးပညာဌာနမှ ဒေါက်တာဇော်ဦး – တရားရုံးထွက်ချက်)

ဒါပေမဲ့ မရမ်းကုန်းမြို့နယ်ရုံးက ပယ်ချပါတယ်။ ထိခိုက်ဒဏ်ရာများကြောင့်မဟုတ် “နာတာရှည်ရောဂါ” ကြောင့်တဲ့။ ဒါကြောင့် အဆင့်ဆင့်တက်ပြီး တရားရင်ဆိုင်တာ အားလုံးပယ်ချခံရတယ်။ ခုတော့ ဗဟိုတရားရုံး ရောက်နေပါပြီ။

ဒီလို ရှေ့နောက်မညီ စကားတွေ၊ ဖြတ်ထုံးတွေ နဝတ – နအဖ ခေတ်မှာ တလျှောက်လုံး ပေါ်ခဲ့တာပါ။ ကျောင်းသားခေါင်းဆောင် ကိုညိုဝင်း ထောင်ထဲမှာ ညှင်းပန်းနှိပ်စက်ခံရလို့ သေရတာကို ကင်ဆာရောဂါလို့ နာမည်တပ်ပေးခဲ့တယ်။ ဒါကို သူ့ဇနီးဒေါ်စန်းပွင့်က ကျော်ကြားလှတဲ့ စကားတခွန်းမြွက်ကြားခဲ့ဖူးတယ်။

“ကင်ဆာတဲ့လား?။ ကင်ဆာကျဆုံးပါစေ!”... တဲ့။ ခုလည်း “နာတာရှည် ကျဆုံးပါစေ” လို့ ပြောရမလိုပဲ။

(၂) ကိုမင်းထွန်းဝေ (NLD) ကျိုက်မရောမှာ အဖမ်းခံရတယ်။ ထောင် ၅ ရက်အချခံရပြီး မော်လမြိုင်ထောင်ပို့တယ်။ ၂ ရက် အကြာမှာ ဝိုင်းအရိုက် ခံရတဲ့ဒဏ်နဲ့ သေဆုံးသွားပြန်တယ်။ မိသားစုလိုက်သွားတော့ ထုံးစံအတိုင်း သင်္ဂြိုလ်ပြီးနှင့်နေပြီ။

(၃) အိမ်မဲဘက်မှာတလောင်း – ရန်ကုန်ဗုံးပေါက်ကွဲမှု နောက်ဆက်တွဲအဖြစ် တရွာလုံးအဖမ်းခံရတဲ့ ကိစ္စတခုပေါ်ခဲ့တယ်။ KNU လက်ခံမိတာကြောင့်လိုလို၊ လက်နက်တွေ ဖွက်ထားတယ်လိုလို၊ ကိုကိုနိုင်တို့ ပုန်းရှောင်လာတာအတွက်လိုလို သတင်းလွှင့်ပြီး ခလရ ၉၃ က စစ်ကြောရေးလုပ်ခဲ့တယ်။ တရွာလုံး အနှိပ်စက်ခံရတာပါ။ ဒီအထဲက လက်လွန်ပြီး ကျောင်းဆရာတယောက် သေဆုံးသွားပါတယ်။ မှားလုပ်မိတယ်ဆိုတာ ထင်ရှားလာတော့မှ တရွာလုံးကို လျော်ကြေးပေးတာ လမ်းသစ်ဖောက်ပေးတာတွေ လုပ်ကြောင်း သတင်းထွက်လာတယ်။

ဒီဖြစ်စဉ် ၃ ခုဟာ တလအတွင်းမှာ ဖြစ်ခဲ့တာပါ။ နအဖ ပြောနေတဲ့ စည်းကမ်းရှိသော ဒီမိုကရေစီခေတ် မရောက်သေးလို့လား မပြောတတ်။

**စီးပွားရေး**

ဗိုလ်သန်းရွှေက ကမ္ဘာ့လူဦးရေနေ့ (ဇူလိုင် ၁၅) မှာ ထူးဆန်းတဲ့ မိန့်ခွန်းတခု ပေးခဲ့တယ်။ "မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှု သိသိသာသာ ရရှိနေ၍ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်း ဖြစ်တယ်" တဲ့။ တော်တော်အံ့သြဖို့ကောင်းလှတယ်။

ကုန်သွယ်မှု – အရေးအကြီးဆုံး အိမ်နီးချင်း ၃ နိုင်ငံနဲ့ ဆက်သွယ်ရောင်းဝယ်မှုကို ကြည့်ပါမယ်။ အိန္ဒိယနဲ့ တနှစ် ဒေါ်လာ ၁ ဘီလျံ (သန်း ၁,၀၀၀) ဖိုးရှိတယ်။ တရုတ်နဲ့ ဒေါ်လာ သန်း ၁,၁၅၀ (ဒီနှစ်သန်း ၁,၅၀၀ ရာထား)၊ ထိုင်းနဲ့ကတော့ သန်း ၂,၀၀၀ ခန့်ရှိတယ်။

ထူးခြားမှု ဖော်ပြရရင် ထိုင်းနဲ့ကုန်သွယ်ရာမှာ ပိုငွေပြတာဖြစ်တယ်။ ထိုင်းပို့ကုန်တန်ဖိုးက ၆၂၄ သန်းရှိပြီး ဗမာဘက်က ၁၃၄၀ သန်းဖိုး ပို့နိုင်လို့ ဒေါ်လာ ၇၁၆ သန်း ပိုနေပါတယ်။ မြတ်တယ်ပေါ့။ ဒါပေမဲ့ ကျွန်တော်တို့က ဒီလိုမမြင်ဘူး။ တခြားနိုင်ငံတွေ ပို့တာက စက်မှုထွက်ကုန်တွေက အများစုပါ။

ဗမာက ပို့တာတွေမှာတော့ လယ်ယာထွက်ကုန်၊ ငါး၊ သစ်၊ ကျောက်မျက်၊ သဘာဝဓာတ်ငွေ့ စသည် တွေ့ရတယ်။ စာရင်းထဲ ဖော်ပြမထားတာတွေ ရှိသေးတယ်။ အဲဒါတွေကမှ တကယ့်တန်ဖိုးတွေပါ။ ရှေးဟောင်းပစ္စည်းနဲ့ လူသားတွေပါ။

ရှေးဟောင်းပစ္စည်း ပေါ့ပေါ့ပါးပါး တနိုင်တပိုင်တွေက ကုန်သလောက်ရှိပြီ။ သယ်မရတဲ့ ရုပ်တုတော်ကြီးတွေနဲ့ စေတီကြီးတွေပဲ ကျန်ပါတော့တယ်။ တောထဲက သားရဲတိရစ္ဆာန် မြွေ၊ သင်းခွေချပ်ကအစ အကောင်ပလောင်တွေလည်း မျိုးတုံးလုနီးပြီ။ သဘာဝဓာတ်ငွေ့တွေက ဒလဟောစီးထွက်နေပြီ။ ထိုင်းနဲ့ အမြတ်ထွက်တယ်ဆိုတာ နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေ ၁ သိန်း ပို့ပေးလို့ ဖြစ်တယ်။ စက်မှုထွက်ကုန်ဆိုတာ ကြိုက်သလောက် ထုတ်လုပ်လို့ရတယ်။ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းက အစားထိုးလို့မရ၊ သယံဇာတဆိုတာက အကန့်အသတ်ရှိတယ်။

လူ့စွမ်းအား အရင်းအမြစ်ဆိုတာကို နအဖ အကောက်အယူလွဲနေတယ်။ လူတွေသန်းချီပြီး နိုင်ငံခြားကို မောင်းထုတ်ထားတယ်။ တာဝန်ယူစရာဦးရေ နည်းသွားအောင် လုပ်တာလား၊ ဒီကထွက်လာတဲ့ အကျိုးအမြတ် (လူဝင်လူထွက်ခွန်၊ ဝင်ငွေခွန်) ရလို့လား မေးရလိမ့်မယ်။ နောက်ဆုံး လူကုန်ကူးတဲ့ကိစ္စအထိ ပေါ်လာတယ်။ အာဏာပိုင်တွေနဲ့ ပေါင်းလုပ်တဲ့ အလုပ်ဆိုတာ နယ်စပ်နေ ဗမာတိုင်း သိနေတာပဲ။

ခုတော့ ဒီအတိုင်းလွှတ်ထားရင် ဗမာပြည် လူကျန်တော့မှာမဟုတ်ဘူး ဆိုတာ သိလာပုံရတယ်။ လူကုန်ကူးမှု ဥပဒေဆိုတာ ထုတ်ပြန်လာတယ်။ စောင့်ကြည့်ပါမယ်။

ရင်းနှီးမြှုပ်နှံမှု – အမေရိကန်နဲ့ EU ရဲ့ ရင်းနှီးမြှုပ်နှံမှု နောက်ထပ်လာစရာ အကြောင်းမရှိ။ ၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ် အထိ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတွေ ဆက်လက်ကျဆင်းလိမ့်ဦးမယ်လို့ အာရှဖွံ့ဖြိုးမှုဘဏ် (ADB) ကလည်း ဟောကိန်း ထုတ်လိုက်ပါပြီ။

ကုန်ဈေးနှုန်း – ပြည်တွင်းမှာ အခြေခံစားကုန်သောက်ကုန်တွေ (ဆန်မှအပ) ဈေးတက်နေတယ်လို့ ရှေးဦးပိုင်းသတင်းတွေက ဖော်ပြပါတယ်။ နောက်တော့ ရေကြီးရေလျှံလို့ လယ်ကွက်တွေ ရေမြုပ်တဲ့သတင်း၊ တချို့နေရာတွေမှာ မိုးခေါင်တဲ့သတင်းတွေ လိုက်လာပြီး လူ့တန်ဖိုးကလွဲပြီး အားလုံးတက်တယ် ဖြစ်သွားပါတယ်။ လောင်စာဆီဈေးတွေ တက်တယ်။ မြေခွန်၊ ရေခွန်၊ မီးခွန်တွေ တက်တယ်။ ဗုံးကွဲမှုတွေဖြစ်ပြီးတဲ့နောက် ကားဈေးအိမ်ဈေးတွေတက်တယ်။ ဒေါ်လာဈေး မနှစ်က ၇၀၀ ကျော်ကျော်လောက် ရှိပေမယ့် ခု ၁၂၀၀ ကျော်သွားခဲ့ပြီ။ လွန်ခဲ့တဲ့ ၁၀ နှစ်က တရုတ်ငွေ ၁ ယွမ်ကို ၁၅ ကျပ်ပေးရင် ရတယ်။ အခု ၁၅၀ ပေးမှ ရမယ်။ ရွှေဈေးကလည်း စံချိန်သစ်တင် ၃ သိန်းနီးပါး ရောက်သွားပါပြီ။ သတင်းစာတွေမှာ (ဒေါ်လာသန်း ၉၀ ခန့်နှင့် ကျပ်ငွေ ၂၈ ဘီလျံအကုန်အကျခံ တည်ဆောက်ထားတဲ့) သာပေါင်းစက္ကူစက်ကြီးအကြောင်း ၆ လပိုင်းမှာ ဖော်ပြထားပြီး ၃ လမှမကြာခင် စက္ကူဈေးကြောင့် သတင်းစာဖိုး ၅ ဆ တိုးယူတော့မယ်လို့ ကြေညာရတဲ့အဆင့် ရောက်သွားခဲ့တယ်။

အသံလွှင့်ရုံက စက်မှုစွမ်းအား ခေတ်ကျော်လွှား အစီအစဉ် မပြတ်လွှင့်နေပေမယ့် ခြင်ဆေးခွေလုပ်ငန်းအကြောင်း စက်မှု ၁ ဝန်ကြီးက ထမင်းစားတူစက်ရုံ ဝင်စစ်တဲ့သတင်းလို ဟာမျိုးတွေက အများစုဖြစ်နေခဲ့တယ်။

**လူမှုရေး**

ကျန်းမာရေး – ဗမာပြည်အခြေအနေက HIV ရှိနေသူ ၂၀၀၄ ခုနှစ်မှာ ၃သိန်း ၃သောင်းခန့်အထိ ရှိတယ်လို့ နအဖ ကကြေညာတယ်။ အများစုက ၅ သိန်းလောက်အထိ ရှိနိုင်တယ်လို့ ခန့်မှန်းတယ်။ ငှက်ဖျားက နှစ်စဉ် လူပေါင်း ၆ သိန်းလောက်အထိ ကူးစက်ခံရပြီး ၃ထောင်လောက် သေကြေတယ်။ အဆုတ် (TB) ရောဂါ တနှစ် ၉၇,၀၀၀ ကူးစက်ခံနေရပြီး ဗမာပြည်ဟာ ကမ္ဘာမှာ ကူးစက်ပြန့်ပွားမှု အများဆုံးထဲ ပါဝင်နေကြောင်း သိရတယ်။ အရှေ့အာရှ၌ ဗမာပြည်သည် HIV ရောဂါ စတင်ဖြစ်ပွားရာနေရာ ဖြစ်သည်ဟု သိပ္ပံပညာရှင်တစုကလည်း ဖော်ထုတ်ခဲ့တယ်။ ဒီရောဂါ ၃ မျိုးအတွက် "ကမ္ဘာလုံးဆိုင်ရာ အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်း ရန်ပုံငွေအဖွဲ့ (GFATM)" ဂလိုဘယ်ဖမ်းက ဗမာပြည်အတွက် ဒေါ်လာ ၉၈ သန်း ကူညီဖို့ ရာထားပြီး ဖြစ်တယ်။ ဒါပေမဲ့ နအဖ ဘက်က GFATM လုပ်ငန်းများကို နှောင့်နှေးကြန့်ကြာအောင် လုပ်တယ်ဆိုပြီး ဩဂုတ်လ ၁၈

ရက်နေ့မှာ ငွေထောက်ပံ့မှု အစီအစဉ် ရပ်စဲကြောင်း ကြေညာလိုက်ပါတယ်။

နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ ပြည်သူတွေ လှုပ်လှုပ်ရွရွ ဖြစ်ကုန်သလို နအဖ ဘက်ကလည်း ပြိုးပြိုးပြာပြာ ဖြစ်သွားပြီး ဝန်ကြီးကအစ စည်းဝေးပွဲခေါ်ပြီး ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါတယ်။ အမေရိကန်ရဲ့ ထိုးနှက်ချက်အဖြစ် မြင်သူကမြင်တယ်။ လူနာတွေကို စာနာကြတာတော့ မကွဲကြ၊ နအဖ ဘက်က လိုတယ်လို့ ပြောသူတွေ များတယ်။ ဒီမှာတင် ပြည်တွင်းပြည်ပ ပညာရှင်တွေရဲ့ စကားစစ်ထိုးပွဲကြီး စပါတော့တယ်။

"ဆေးသမား မထောင်းတာ လူနာမခံချိ" ဖြစ်ရတာကို (၈၈ မျိုးဆက်သစ်) ကျောင်းသားခေါင်းဆောင်တွေက အလုပ်ဖြစ်ရေး နည်းလမ်းကို ကြံဆပြီး တင်လာပါတယ်။ နိုင်ငံရေးဘက် အားလျော့သွားမှာ စိုးရိမ်တဲ့လေသံ အနည်းငယ် ထွက်လာပေမယ့် အများစုက ကြိုဆိုထောက်ခံခဲ့ကြတယ်။ ဒီလုပ်ဟန်ဟာ ဗကသ ရဲ့ ကောင်းမြတ်တဲ့ လုပ်ဟန်ဖြစ်တယ်။ နိုင်ငံရေးမှာ နိုးကြားတက်ကြွသလို လူမှုရေး မှာလည်း အမြော်အမြင် ပြည့်ဝတယ်ဆိုတာကို ပြတာပဲ။ ၁၃၀၀ ပြည့်အရေးတော်ပုံ နောက်ပိုင်းမှာလည်း ဗကသ က ကုလား – ဗမာ အဓိကရုဏ်းမှာ ဘေးထိုင်မနေခဲ့ဘူး။ လွတ်လပ်ရေးခေတ်မှာလည်း ကမ္ဘာ့ငြိမ်းချမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေး အလုပ်မှာ ဝင်ပါခဲ့တာပဲ ဖြစ်တယ်။ ဗကသ ရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာကို ထိန်းသိမ်းကြတာဖြစ်တယ်။ နအဖ ဘက်က ဗမာပြည်ရှိ လူမှုရေးကိစ္စများကို ကြံ့ဖွံ့ကဦးဆောင် ဖြေရှင်းသွားမယ်ဆိုတဲ့ အသံတသံ ထွက်လာပြီး ခုအထိ တိတိကျကျတုံ့ပြန်တာ မတွေ့ရသေး။ (WFP လို့ ခေါ်တဲ့ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ကတော့ ဗမာပြည် ကလေးငယ် သုံးပုံတပုံဟာ အာဟာရ ချို့တဲ့နေတယ်လို့ ပြောလိုက်ပါတယ်။ ယခုနှစ် တပြည်လုံး ပြည်နယ်ပြည်မ မရွေး ကလေးသူငယ်တွေ သွေးလွန်တုပ်ကွေး ဖြစ်နေပါတယ်။ စံချိန်တင်လို့ ပြောရမလားပဲ၊ အာဟာရ ချို့တဲ့နေချိန်နဲ့ တိုက်ဆိုင်နေတော့ စိုးရိမ်သင့်ကြတယ်။)

ပညာရေး – နအဖ က ၅ နှစ်အထက် ကျောင်းတက်နှုန်း ၉၀% ကျော် ရှိတယ်လို့ ကြေညာပါတယ်။ ဒါပေမဲ့ ယူနက်စကိုက ကလေးကျောင်းထွက်နှုန်း ၄၅% အထိ ရှိတယ်လို့ ထုတ်ပြန်ခဲ့တယ်။

ယခုနှစ် ဆယ်တန်းစာမေးပွဲတွင် ရေပေါ်ဆီ သားသမီးများနေကြသော ဒဂုံအထက (၁) တကျောင်းတည်းမှ ဘာသာစုံ ဂုဏ်ထူးနှင့်အောင်သူ ၃၃ ဦး ပေါ်ထွက်ခဲ့တယ်။

မဆလ ခေတ်တွင် ဘာသာစုံဂုဏ်ထူးနှင့် အောင်သူ ၃ ဦး ပေါ်ထွက်ခဲ့ဖူး၏။ တဦးက ဦးနေဝင်သမီး၊ တဦးက ပညာရေးဝန်ကြီး ဒေါက်တာလှဟန်သား ဖြစ်နေ၍ ဂယက်ထခဲ့ဖူး၏။

ဒီနေ့ခေတ်တွင် ဂုဏ်ထူးကို ငွေနှင့်ဝယ်၍ဖြစ်စေ၊ အာဏာပြ၍ဖြစ်စေ အလွယ်တကူရနေလို့ ဘာမျှမထူးဆန်း။ ဒါပေမဲ့ သိပ်များလွန်းနေပါတယ်။ ပညာရေးဝန်ကြီး ဖြုတ်ရာမှာ အကြောင်းပြချက်တခု ရသွားစေတာတော့အမှန်။

မျောက်မူးလဲတို့ ဆယ်တန်းရောက်လျှင် ထွက်လာမယ့် အောင်စာရင်းကို စိတ်ဝင်စားမိပါရဲ့ ...

နိုင်ငံရေး – ၂၀၀၆ ခုနှစ်သည် ဗမာပြည်အတွက် အရေးအကြီးဆုံးနှစ် ဖြစ်လိမ့်မယ်လို့ ပြည်တွင်းပြည်ပက ခန့်မှန်းထုတ်ဖော် နေကြပါတယ်။ အထူးသဖြင့် ညောင် ၂ ပင်ညီလာခံကိစ္စနဲ့ လမ်းပြမြေပုံ (Rood Map) ၇ ချက် ခြေလှမ်းတွေကို ကြည့်ပြောနေကြတာပါ။

၆ လပိုင်းသတင်းစာတွေမှာ တပြိုင်နက်ဖော်ပြတဲ့ ဆောင်းပါးတပုဒ်ပါခဲ့တယ်။ "ယခုခေတ် ယခုကာလ အခြေအနေမျိုးလောက် စည်းလုံးညီညွတ်၍ တစ်သွေးတည်း တစ်သားတည်း ညီညီညာညာ စည်းလုံးမှုမျိုး ရှေးကာလ အနှစ် ၁၀၀ – ၂၀၀ တွင် မရှိခဲ့ဖူးချေ" လို့ ရေးထားပါတယ်။ ကြံ့ဖွံ့လူစုလူဝေးတွေ ကြည့်ရေးတာလား?၊ တပ်ထဲမှာ ဟက်တက်ကွဲကြတာ မေ့ပြောတာလားတော့ မသိ။ ဒါပေမဲ့ Rood Map အကောင်အထည် ပေါ်ရေးအတွက် ခြေလှမ်းပြင်နေတာတော့ ထင်ရှားတယ်။

လူမှုရေးအသင်းအဖွဲ့ ၅ ဖွဲ့ (ကြံ့ဖွံ့၊ မိခင်နဲ့ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ အရန်မီးသတ်၊ အမျိုးသမီးရေးရာ အသင်း) အပြင် ရပ်ရှင်တို့ စာပေလောကတို့ကိုပါ မောင်းသွင်းဖို့ ပြင်လာတာ တွေ့ရတယ်။ "အမျိုးသားရေးနှင့် စာပေလောက အနေ အထား" ဆိုတဲ့ သတင်းစာဆောင်းပါးမျိုး တွေ့ရသလို၊ ရုပ်ရှင်အစည်းအရုံးမှာ မဲနဲ့တက်ရတဲ့စနစ်ကို ပယ်ဖျက်ပြီး တိုက်ရိုက်ခန့်တာတွေ လုပ်လာတယ်။ ဝန်ထမ်းလောကမှာလည်း အထက်ပါ ၅ ဖွဲ့ထဲကို မဝင်မနေရ၊ ၅ ခုလုံးမဝင်နိုင်တောင် အနည်းဆုံး တခုဝင်ရမယ်လို့ ခြိမ်းခြောက်တာ ခံနေရတယ်။

"နိဂုံး"

အထက်ပါ အခြေအနေ အချက်အလက်များနဲ့ သူတို့ (နအဖ) ကြွေးကြော်ထားတဲ့ "ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်" ကို ဘယ်လိုများ တည်ဆောက်ကြမှာပါလိမ့်။

နှစ်ငါးဆယ်ပြည့်အထိမ်းအမှတ်

# မာတိကာ

အမှတ် (၂၅)
စက်တင်ဘာ ၂၉
၂၀၀၅ ခုနှစ်


| | |
|---|---|
| စာတည်းအဖွဲ့အာဘော် ................... | ၁ |
| အထွေထွေအတွင်းရေးမှူးအစီရင်ခံစာ ................... | ၃ |
| အိန္ဒိယပြည်ကွန်မြူနစ်ပါတီသို့ သဝဏ်လွှာ ................... | ၈ |
| အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) သို့ သဝဏ်လွှာ ................... | ၁၀ |
| လက်နက်ကိုင်တိုက်ပွဲသဏ္ဍာန် ................... | ၁၂ |
| အတွေးအခေါ်ရေးရာ ................... | ၁၄ |
| တိုက်ဖော်တိုက်ဖက်ဟောင်းများမှ မိတ်ဆွေဟောင်းများသို့ ................... | ၁၆ |
| တိုက်ဖော်တိုက်ဖက်များသို့ ပါးချင်သည့်သတင်းစကား ................... | ၁၈ |
| ‘ခွဲထွက်ရေး’ ကိုစာနာတယ် ဒါပေမဲ့ ................... | ၁၉ |
| ညောင် ၂ ပင် ပြီးရင် ဘာဆက်လုပ်ကြမလဲ ................... | ၂၁ |
| ‘မှားတဲ့အတွေးအခေါ်များ’................... | ၂၃ |
| အတိတ်ကိုအတိတ်မှာပဲ ................... | ၂၄ |
| ကယ်တင်ရှင်ဘယ်သောအခါမှ ................... | ၂၇ |
| ဗမာပြည်ရဲ့ ရည်မှန်းချက် ................... | ၂၉ |
| ဗကပရဲ့ သဘောထား ၃ ချက် ................... | ၃၀ |
| ကိုယ့်တိုင်းပြည်ရဲ့ လမ်းကြောင်း ................... | ၃၁ |
| စစ်ဖြစ်ဖို့ကိုပဲ မျှော်ကြတော့မည်လော ................... | ၃၃ |
| စစ်မှုရေးရာ ....................................... | ၃၅ |
| ဗမာပြည်ကို ပြည်ပကကျူးကျော်မည့်အန္တရာယ် ................... | ၃၇ |
| **UK,USA** သဘောတူညီချက် ................... | ၄၀ |
| အာရှကွန်မြူနစ်များထူးခြားချက် ................... | ၄၁ |
| တပ်မတော်ကို အချိန်မီပြုပြင်ကြရအောင် ................... | ၄၂ |
| သတင်းနဲ့မှတ်ချက် ................... | ၄၆ |
| ပြည်တွင်းသတင်းသုံးသပ်ချက် ................... | ၄၈ |


၁၉၄၅ ခုနှစ်
စက်တင်ဘာ
၂၉ ရက်နေ့
စတင်ထုတ်ဝေသည်။


ဗမာပြည်ကွန်မြူနစ်ပါတီ

ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်